# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးစီးပွားဖြစ်ထွန်းနိုင်**

မိမိရရှိထားသော ဥစ္စာပစ္စည်းတို့သည် လည်းကောင်း၊ သဒ္ဓါတရားတို့သည် လည်းကောင်း ပိုင်ဆိုင်ထားရုံ၊ မိမိနှင့် အတူရှိရုံမျှနှင့် အကျိုးမရှိချေ။ ယင်းတို့ကို အသုံးပြု၍ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို ပြုလုပ်နိုင်ခြင်းသည်သာလျှင် အကျိုးစီးပွားဖြစ်ထွန်းနိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၃၁၄)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနား မန္တလေး၌ ကျင်းပ




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနား ကျင်းပစဉ်။ သတင်းစဉ်

**မန္တလေး ဩဂုတ် ၁၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လူငယ်များ စာပေစကားဝိုင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

စာပေစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာမျိုးသိမ်းကြီးနှင့် နိုင်သက်လွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဗိုလ်ချုပ်အောင်သူနှင့် ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဆိုင်ရာအဖွဲ့အစည်းများမှ လူငယ်များ တက်ရောက်ကြသည်။

စကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "စာပေစကားဝိုင်းလုပ်တယ်ဆိုတာဟာ စာပေရဲ့တန်ဖိုးပါ။ စာပေရဲ့တန်ဖိုးဆိုတာ ကြီးကြီးကျယ်ကျယ်ပြောနေတာမဟုတ်ပါဘူး။ စာပေကို ဘာဖြစ်လို့ချစ်ကြသလဲ။

**❒ ရသစာပေကဆိုရင် ပညာပေးပုံကလည်း ညင်ညင်သာသာလေးနဲ့ ပေးသွားနိုင်တယ်။ အဲဒါကြောင့် ရသစာပေတွေက အင်မတန်မှ တန်ဖိုးရှိပါတယ်လို့ ပြောချင်တာပါ။ တချို့ သုတစာပေတွေ မထုတ်နိုင်တဲ့အချိန်မှာ ရသစာပေကနေပြီးတော့ ဟာကွက်ကလေးတွေကို ဖြည့်ပေးနိုင်တာပေါ့။**


စာပေချစ်သူများက ဘာဖြစ်လို့ စာပေကိုချစ်သလဲ။ စာပေချစ်ခြင်းအားဖြင့် ကျွန်မတို့ဟာ ကိုယ့်အကျိုးရော ကိုယ့်ရဲ့ပတ်ဝန်းကျင်ရဲ့ အကျိုးရော ဘာတွေဖြစ်နိုင်သလဲဆိုတာ သိချင်တာဖြစ်ပါတယ်။ နောက်ပြီးတော့ ရိုးရိုးသားသားပဲ ဘာဖြစ်လို့ ဒီလိုစာပေမှာ မွေ့လျော်ရတာ ကိုယ့်အတွက် စိတ်ချမ်းသာမှုရသလဲဆိုတာကိုလည်း ပြောစေချင်တာဖြစ်ပါတယ်။ *စာမျက်နှာ ၇ ကော်လံ ၁* ✤


**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ပထမနေ့တွင် လာရောက်လေ့လာသူများဖြင့် စည်ကားများပြား**
ပြည်တွင်းသတင်း၊ စာမျက်နှာ » ၁၂

**လက်ဘနွန်နိုင်ငံရောက် ဆီးရီးယားတို့ရဲ့ အိမ်ပြန်ချိန်**
နိုင်ငံတကာရေးရာ၊ စာမျက်နှာ » ၁၅

**လူငယ်ဘဝလုံခြုံမှု စိတ်ချသာယာ အနာဂတ်ကမ္ဘာ**
ဆောင်းပါး၊ စာမျက်နှာ » ၂၃





# ရသစာပေ၏ အကျိုးတရား

စာဖတ်ဝါသနာပါသူတို့က စာဖတ်ခြင်းကို ငယ်ဘဝမှ စတင်ကြသည်။ အမိအဘ အဘိုးအဘွား စသည့်အတူနေ မိသားစုဝင်တစ်ဦးဦးထံမှ စာဖတ်ခြင်းအမွေကို ဆက်ခံကြသူများက အရွယ်ရောက်လာသည့်အခါ စာသမားများဖြစ်လာကြသည်။ အချို့လည်း တစ်မိပေါက်တစ်ယောက်ထွန်းဆိုသလို စာပေနှင့် မနီးသည့်အသိုင်းအဝိုင်းမှ ထိုးထွက်လာကာ စာသမားဖြစ်လာသူများလည်း မရှိမဟုတ်၊ ရှိကြသည်။ စာဖတ်သည်ဟုဆိုရာတွင် သိလိုသူတို့က သုတစာပေကို ရွေးချယ်ဖတ်ရှုတတ်ကြပြီး ခံစားလိုသူတို့က ရသစာပေကို ရွေးချယ်ဖတ်ရှုတတ်ကြသည်။ မည်သည့်စာပေကို ဖတ်ရှုသည်ဖြစ်စေ စာကောင်းပေမွန်ဟူသမျှတို့က စာရှုသူ၏ ဦးနှောက်ကို ဖြစ်စေ၊ နှလုံးသားကိုဖြစ်စေ အကျိုးဖြစ်ထွန်းစေပြီး လူတစ်လုံးသူတစ်လုံး ဖြစ်လာသည်အထိ မြှင့်တင်ပေးနိုင်သည်သာဖြစ်သည်။

"မိဘတွေက ဘာဖြစ်လို့ သားသမီးတွေ ရသစာပေဖတ်မှာကို စိတ်ပူသလဲဆိုတော့ သူတို့ကိုယ်တိုင်လည်း ရသစာပေအကြောင်း ထဲထဲဝင်ဝင် မသိလို့ပါ။ ရသစာပေမှာ ကောင်းတာရှိသလို၊ မကောင်းတာရှိတယ်။ မကောင်းတဲ့စာပေတွေကို သားသမီးတွေ ဖတ်မိမှာ စိုးရိမ်လို့ပဲ ထင်ပါတယ်။ ဒါကတော့ ခွဲခြားပြီး သိဖို့လိုတယ်။ မိဘတွေကိုယ်တိုင်ကလည်း စာပေနဲ့ ရင်းနှီးဖို့လိုတယ်။ ပြီးတော့ ဒီနိုင်ငံမှာလည်း စာအုပ်တွေများများရှိဖို့ လိုတယ်။ စာကြည့်တိုက်တွေမှာ အဆင့်ရှိရှိနဲ့ စာအုပ်တွေထားမယ်ဆိုရင် စာကြည့်တိုက်ကနေငှားတဲ့ စာအုပ်တွေဟာ အန္တရာယ်မဖြစ်နိုင်ဘူးဆိုတာ မိဘတွေ သဘောပေါက်ဖို့လည်း လိုတယ်" ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဩဂုတ် ၁၁ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် လူငယ်များ စာပေစကားဝိုင်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဤသည်မှာ အဆင့်အတန်းရှိသော၊ ကောင်းမွန်သော ရသစာပေကို ခွဲခြားသိမြင်နားလည်ပြီး ဖတ်ရှုသည်ကို တိုက်တွန်းအားပေးနိုင်ရန်အတွက် လမ်းညွှန်ချက်ပင် ဖြစ်သည်။

အဆင့်အတန်းရှိသော၊ ကောင်းမွန်သော ရသစာပေများက လူ့ပတ်ဝန်းကျင်လူ့လောက၏ သဘောသဘာဝ အဖြစ်အပျက် အကောင်းအဆိုးတို့ကို ခံစားနားလည်လာနိုင်အောင် ရေးခြယ်ဖော်ပြနိုင်ကြပြီး ဒိဋ္ဌလောကတွင်ပါ သတိပြုလာနိုင်အောင် သင်ခန်းစာယူလာနိုင်အောင်၊ ဆင်ခြင်လာနိုင်အောင် နှိုးဆော်နိုင်စွမ်းရှိကြသည်။ တစ်နည်းအားဖြင့် ရသစာပေများက စာရှုသူ၏ နှလုံးသားခံစားမှုအပေါ် ဩဇာသက်ရောက်မှုဖြစ်ပေါ်စေကာ လောကကို အသင့်ရင်ဆိုင်နိုင်စွမ်းရှိသူများ၊ သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်းနိုင်စွမ်းရှိသူများဖြစ်လာအောင် စွမ်းဆောင်နိုင်ကြသည်။ စိတ်ဓာတ်ခွန်အားများ ဖြည့်တင်းပေးနိုင်ကြသည်။

"ရသစာပေလေးဖတ်ပါဦး။ အဲဒီဟာတွေ ဖတ်တာဟာ လူသားတွေရဲ့ဆက်ဆံမှု၊ လူသားတွေရဲ့ခံစားချက်တွေအကြောင်း ပိုပြီးတော့ ကိုယ့်ကို သိစေတယ်။ နောက်တစ်ခုက အရေးအသားကောင်းကောင်းကို သင်ပေးတယ်။ ကောင်းတဲ့စာပေတွေကို ဖတ်မှ ကိုယ်လည်း ကောင်းကောင်းရေးနိုင်တယ်"ဟူ၍လည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းတိုက်တွန်းပြောကြားခဲ့ရာ ရသစာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို လူငယ်များ သိမြင်လာအောင် ညွှန်ပြပေးခဲ့ခြင်းပင်ဖြစ်သည်။ ရသစာပေက လူတို့၏အကြောင်းကို သိစေသလို စာရေးနည်းအတတ်ပညာကိုလည်း လေ့လာနိုင်သည့် စာပေမျိုးဖြစ်သည်။ စာရေးလိုသူ လူငယ်များအတွက် အလွယ်ကူဆုံးသော အကြံပြုချက်မှာ "စု-တု-ပြု" ဟူ၍ဖြစ်ရာ စုဆောင်းခြင်း၊ အတုယူခြင်း၊ ကိုယ်ပိုင်ဟန်ဖြင့် ပြုစုရေးသားခြင်း စသည့်အဆင့်ဆင့်နည်းလမ်းများဖြင့် စာရေးသူဘဝသို့ ရောက်ရှိလာနိုင်မည်ဖြစ်သည်။

ရသစာပေသည် ဓာတ်လမ်းဓာတ်အိမ် အရေးအဖွဲ့တို့ဖြင့် စာဖတ်သူတို့ကို နှစ်သက်မှု ပေးနိုင်စွမ်းသော စာပေမျိုးဖြစ်ပြီး နှလုံးသားခွန်အားကို ပေးနိုင်သလို ကိုယ်တိုင်လည်း စာရေးကောင်းသူတစ်ဦးဖြစ်လာနိုင်သည့်လျောက် ရသစာပေကောင်းများ ရှာဖွေရွေးချယ်ဖတ်ရှုနိုင်ကြပါစေကြောင်း။ ။

## မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၁

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ (စနေ၊ တနင်္ဂနွေ၊ တနင်္လာ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation of Electoral System (IFES)၊ Hornbill၊ Myanmar Network Organization for the Free and Fair Elections (MYNFREL) အဖွဲ့တို့ပူးပေါင်းကျင်းပသည့် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရွှေလီလမ်းရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးခွဲ(ရန်ကုန်)၌ ကျင်းပသည်။** (အောက်ပုံ)

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင် တက်ရောက်အမှာစကားပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် IFES တို့မှ တာဝန်ရှိသူများ၊ MYNFREL၊ အောက်ချင်းလူမှုအဖွဲ့အစည်း (Hornbill)၊ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့(MILI)မှ တာဝန်ရှိသူများ၊ နိုင်ငံတစ်ဝန်းလုံးမှ ပထမအကြိမ်မဲပေးမည့် လူငယ်သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၄၀ ခန့် တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ၂၀၂၀ ပြည့်နှစ်၌ အသက် ၁၈ နှစ်ပြည့်သည့် လူငယ်များ အနေဖြင့် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ပထမအကြိမ်အဖြစ် ဆန္ဒမဲပေးကြရမည်ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် မှန်မှန်ကန်ကန် ဆန္ဒမဲပေးနိုင်ရေး တက်ကြွစွာပါဝင်လာရေးအတွက် ကော်မရှင်အနေဖြင့် လူမှုအဖွဲ့အစည်းများ၊ လူငယ်ကွန်ရက်များနှင့် ပူးပေါင်း၍ ပညာပေးလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်၌ ဆန္ဒမဲပေးခြင်းသည် မည်မျှအရေးပါသည်ကို လူငယ်များ သိရှိနားလည်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မဲဆန္ဒရှင်များဖြစ်လာမည့် လူငယ်ပမာဏသည် အတော်အတန်ကြီးမားသည့်အတွက် ရွေးကောက် ပွဲရလဒ်များအပေါ် လွှမ်းမိုးမှုရှိနိုင်ပါကြောင်း၊ သို့ဖြစ်၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် ပါဝင်လာရေး၊ မှန်မှန်ကန်ကန် ဆန္ဒမဲပေးနိုင်ရေးတို့ကို အသိပညာပေးခြင်း၊ ချိတ်ဆက်ပေးခြင်း၊ နှိုးဆော်တိုက်တွန်းခြင်းတို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်လူမှုအဖွဲ့အစည်းများက လမ်းမထက် သရုပ်ဖော်တင်ဆက်ခြင်းနှင့် စကားရည်လုပွဲများ၊ မြန်မာ့ရွေးကောက်ပွဲများတွင် လူငယ်များပါဝင်ခြင်းသည် အရေးကြီးပါသည် ခေါင်းစဉ်ဖြင့် ဝိုင်းဖွဲ့ဆွေးနွေးခြင်းနှင့် သင့်အသံ၊ သင့်မဲ၊ သင့်အနာဂတ် ဗီဒီယို မှတ်တမ်းကြည့်ရှုခြင်းစသော အစီအစဉ်များကိုဆက်လက်ကျင်းပခဲ့သည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ လူငယ်လူမှု အဖွဲ့အစည်းများနှင့် ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားသည် လူငယ်များတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသော ရွေးကောက်ပွဲဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံသားအသိပညာပေးခြင်း ဆောင်ရွက်နေသော လူမှုအဖွဲ့အစည်းများအတွက် အဓိကရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ- ထိန်လင်း**



## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**ရန်ကုန် ဩဂုတ် ၁၁**

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်းမှ အသင်းဝင်၊ အသင်း၏ နာယကဖြစ်သူ အသက် (၈၈ နှစ်)အရွယ် ဦးခင်မောင်အေး ( MD ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း) ကျန်းမာရေးအခြေအနေအရ အမှတ် (၁)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ၌ တက်ရောက်ကုသနေသဖြင့် အသင်းအမှုဆောင်များ ကိုယ်တိုင် သွားရောက်အားပေးစကားပြောကြားပြီး ကျန်းမာရေးအထောက်အပံ့ကုသိုလ်အဖြစ် ငွေကျပ်တစ်သိန်း ထောက်ပံ့ခဲ့ကြောင်း သိရှိရသည်။

**အေးသန်း (စိန်တုံးကြီး)**

## ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ငွေကျပ်သိန်း ၉၀၀ ကျော်တန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၁

**ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများကို ဩဂုတ် ၁၀ ရက်၊ ၁၁ ရက်က သွားရောက်လှူဒါန်းခဲ့သည်။**

ပဲခူးတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ပဲခူးမြို့ရှိ ရေဘေးကယ်ဆယ်ရေး ကွပ်ကဲမှုရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း တက်ရောက် အမှာစကား ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဆန်၊ ဆီနှင့် ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

**ပေးအပ်လှူဒါန်း**

ညနေပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို မော်လမြိုင်မြို့ရှိ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းခန်းမ၌ အသင်းဥက္ကဋ္ဌ ဦးမြင့်ကြူနှင့် အဖွဲ့ဝင်များက တိုင်းမှူး ဗိုလ်ချုပ် မျိုးမိုးအောင်ထံသို့လည်းကောင်း၊ အသင်းဒုတိယဥက္ကဋ္ဌ ဦးဆန်းလင်းနှင့် အဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်စဉ် သေဆုံးခဲ့သည့် စစ်သည်သုံးဦးအတွက် တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် တပ်မိသားစုများအတွက် ဂက်စ်မီးဖိုနှင့် တာပေါလင်များကို တိုင်းမှူး၏ဇနီးနှင့် တာဝန်ရှိသူများထံသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့အတူ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့နယ် အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မွန်ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းက ဦးဆောင်၍ မိတ်ဖက်ကုမ္ပဏီများမှ အလှူရှင်များ၏ စုပေါင်း လှူဒါန်းမှုမှာ ငွေကျပ်သိန်း ၉၀၀ ကျော်တန်ဖိုးရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဖူးမြော်ကြည်ညို

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား ယနေ့ နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မဟာမုနိ ရုပ်ရှင်တော် မြတ်ကြီး ဩဝဒသည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။



မန္တလေး မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဖူးမြော်ကြည်ညို့စဉ်။ သတင်းစဉ်

**ဓမ္မဒါနပေးအပ်**

ယင်းနောက် ဂေါပကအဖွဲ့မှ ပန်းပေါင်းစုံ မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး၏ ပုံတူရုပ်ပွားတော်မြတ်တစ်ဆူကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံ ဓမ္မဒါနပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ကြေးပိဿာချိန် ၆၀၀ ရှိ တစ်ပင်တိုင် ခေါင်းလောင်းအား ကြည့်ရှုလေ့လာသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ပရိဝုဏ်အတွင်း ခေါင်းလောင်း ထိုးစဉ်။ သတင်းစဉ်

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ပင့်ဆောင်ချိန်က အတူပါရှိလာသည့် ရှေးဟောင်းကမ္ဘောဒီးယားလက်ရာ မူရင်းကြေးရုပ်များနှင့် ပုံဆွဲပုရပိုက်ပန်းချီ အထောက်အထားများကို လှည့်လည်ကြည့်ရှု လေ့လာသည်။

**စာပေစကားဝိုင်းဆွေးနွေး**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေး တက္ကသိုလ်၌ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားနှင့် လူငယ်များ စာပေစကားဝိုင်းသို့ ပါဝင်တက်ရောက် ဆွေးနွေးသည်။

**ပြန်လည်ထူထောင်ရေးစခန်း**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အောင်မြေသာဇံမြို့နယ်ရှိ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ မန္တလေးမြို့ ပြန်လည်ထူထောင်ရေးစခန်းသို့ရောက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းက မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ လေ့ကျင့်သင်ကြားပေးနေမှု၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားနေမှု၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ စခန်းအားပြန်လည်ပြုပြင် တည်ဆောက်ပေးခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စခန်းအတွင်းရှိ ဆေးပေးခန်းနှင့် နှစ်သိမ့်ဆွေးနွေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**မေးမြန်းဆွေးနွေး**

နှစ်သိမ့်ဆွေးနွေးခန်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စခန်းသို့ရောက်ရှိနေသည့် သင်တန်းသားများ နှင့်တွေ့ဆုံ၍ ၎င်းတို့၏ မူးယစ်ဆေးသုံးစွဲခဲ့မှု၊ ပြန်လည်ထူထောင်ရေးစခန်းသို့ တက်ရောက်နေမှု၊ လူမှုအဖွဲ့အစည်းအတွင်း ပြန်လည်နေထိုင်လုပ်ကိုင်ဆောင်ရွက်မည့် အခြေအနေများကို မေးမြန်းဆွေးနွေးပြောကြားသည်။

**အလေးထားဆောင်ရွက်**

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မူးယစ်ဆေးဝါးသည် ပါသည့် ကောင်းမွန်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။

စခန်းသို့ တက်ရောက်နေစဉ်အတွင်း မိမိတို့၏ မိသားစုဝင်များမှ ဖေးဖေးမမဖြင့် လာရောက်ကြည့်ရှုသည်ကိုလည်း သိရပါကြောင်း၊ ထို့ကြောင့် မိသားစုဝင်များ အပေါ် နားလည်စာနာပေးနိုင်ပါက မူးယစ်ဆေးဝါးကို ကြိုးစားပြီး အပြတ်ဖြတ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဖြတ်နိုင်ရန် ကူညီပေးရမည် ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် မူးယစ်ဆေးဝါးကို ဖြတ်နိုင်သည့် အောင်မြင်မှုရရှိပါကလည်း ရှေ့ဆက်ရမည့် ဘဝခရီးတွင် အဆိုပါ အောင်မြင်မှုများ ရရှိသည်အထိ ကြိုးစားဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါးကို ဖြတ်နိုင်သူများ ရှိသကဲ့သို့ အလားတူ ဖြတ်နိုင်အောင် ကြိုးစားကြစေလိုပါကြောင်း။



တာဝန်ရှိသူများအနေဖြင့် မူးယစ်လူသားများအတွက် အလွန်အန္တရာယ်ရှိပါကြောင်း၊ ယခုကဲ့သို့ ပြန်လည်ထူထောင်ရေးစခန်းများသို့ တက်ရောက်ပြီး စခန်းမှထွက်ခွာသွားချိန်တွင် မူးယစ်ဆေးဝါးကို ပြန်လည်မသုံးစွဲရန် အရေးကြီးပါကြောင်း၊ ထို့အပြင် မူးယစ်ဆေးဝါး သတင်းပေးသူများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးကိုလည်း အလေးထား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**ကောင်းမွန်သည့်လုပ်ငန်းများဆောင်ရွက်**

ယခုစခန်းသို့ ရောက်ရှိနေသူများအနေဖြင့် အားကစားနှင့် ဂီတအပြင် ဝါသနာပါသည့် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန် တာဝန်ရှိသူများအနေဖြင့် ပံ့ပိုးဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ၎င်းတို့ ဝါသနာကြိုးစားရမည် ဖြစ်ပါကြောင်း၊ မည်သည့်ကိစ္စမှ အလွယ်တကူ မဖြစ်ပါကြောင်း၊ ပညာလိုချင်သူအနေဖြင့် ပညာကို အပင်ပန်းဆင်းရဲခံ ရှာဖွေရပါကြောင်း၊ စီးပွားလိုချင်သူများ အနေဖြင့်လည်း အလားတူ ကြိုးပမ်းရှာဖွေရပါကြောင်း။

ထို့အတူ မူးယစ်ဆေးဝါးကို ဖြတ်ရန် ကြိုးစားနေသူများအနေဖြင့် စိတ်ဓာတ်ခိုင်မာစွာဖြင့် ဖြတ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ လွယ်ကူသည့် အလုပ် မဟုတ်သော်လည်း မိမိတို့၏ မိသားစုဝင်များကို အားနာချစ်ခင်မြတ်နိုးပါက ၎င်းတို့ မျက်နှာကို ထောက်ထားပြီး မူးယစ်ဆေးဝါးကို ပြတ်အောင်လုပ်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မိမိတို့အချင်းချင်းလည်း တစ်ဦးကိုတစ်ဦး ဆေးဝါးနှင့် ပတ်သက်ပြီး လုံလုံခြုံခြုံနှင့် သတင်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ထို့အတူ မူးယစ်ဆေးဝါး ထိထိရောက်ရောက် ဖမ်းဆီးနိုင်ရန် လိုအပ်ပါကြောင်း၊ မူးယစ်ဆေးဝါး သတင်းပေးသူများအနေဖြင့် လုပ်သင့်လုပ်ထိုက်သည်များကို ခြိမ်းခြောက်မှုများ၊ ကြောက်ရွံ့မှုများအကြားမှ လုပ်ရခြင်းဖြစ်သည့်အတွက် ယင်းမှာ သတ္တိပင်ဖြစ်ပါကြောင်း၊ သတ္တိဆိုသည်မှာ ကြောက်စိတ်ကို ကျော်လွှားနိုင်ခြင်း ဖြစ်ပါကြောင်း၊ ယင်းသတ္တိမျိုးကို လေးစားရမည် ဖြစ်ပါကြောင်း၊ အဆိုပါ သတ္တိမျိုးဖြင့် မိမိအတွက်၊ မိမိ မိသားစုအတွက်၊ ဘဝအတွက် တတ်နိုင်သလောက် အများအကျိုးကို

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မန္တလေးမြို့ ပြန်လည်ထူထောင်ရေးစခန်း နှစ်သိမ့်ဆွေးနွေးခန်း၌ သင်တန်းသားများအား တွေ့ဆုံမေးမြန်းဆွေးနွေးစဉ်။ သတင်းစဉ်

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြား

မန္တလေး ဩဂုတ် ၁၁

**လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ဖွင့်လှစ်ပေးပြီး အဖွင့်အမှာစကားပြောကြားသည်။**

**ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တက္ကသိုလ်/ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများနှင့် လူငယ်ဆိုင်ရာအဖွဲ့အစည်းများမှ လူငယ်များ တက်ရောက်ကြသည်။**




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် လူငယ်ကိုယ်စားလှယ် လေးဦးတို့က လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ လူငယ်လေးများက လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် Theme Song ဖြင့် သရုပ်ဖော်ဖျော်ဖြေတင်ဆက်ကြသည်။

**အဖွင့်အမှာစကား ပြောကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အဖွင့်အမှာစကား ပြောကြားရာတွင် “လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ကြွရောက်လာကြတဲ့ ဧည့်သည်တော်အားလုံးနဲ့ အထူးသဖြင့် လူငယ်တွေကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ရဲ့ရည်ရွယ်ချက်ကတော့ ကျွန်မတို့ အနာဂတ်ကို ပိုပြီးတော့ ခိုင်မာအောင်လုပ်ဖို့ပဲ ဖြစ်ပါတယ်။ လူငယ်တွေကို ပြုစုပျိုးထောင်တယ်ဆိုတာဟာ အနာဂတ်ကို ဦးတည်ပြီးတော့ လုပ်ရတာဖြစ်ပါတယ်။ လူကြီးတွေ ခင်းခဲ့တဲ့လမ်းကို ပိုပြီးတော့ ကောင်းသွားအောင်၊ ပိုပြီးတော့ ရှေ့မှာ ဖြောင့်ဖြူးအောင် လူငယ်တွေဆက်လုပ်ဖို့ တာဝန်ရှိပါတယ်။ ကျွန်မတို့နိုင်ငံမှာ လမ်းပန်းဆက်သွယ်ရေးကောင်းဖို့လိုတယ်ဆိုတာကို ခဏခဏပြောနေကြပါတယ်။ ကောင်းတဲ့လမ်းနဲ့ မကောင်းတဲ့လမ်းဆိုတာ အင်မတန်မှကွာပါတယ်။ အဲ့ဒီလမ်းပေါ်မှာ သွားရတဲ့လူတွေ အသိဆုံးဖြစ်ပါတယ်။ လမ်းတစ်ခုကောင်းတယ်၊ မကောင်းတယ်ဆိုတာ ကိုယ်ကိုယ်တိုင်လျှောက်မှ သိတာ၊ ကိုယ်ကိုယ်တိုင် ကားနဲ့သွားတဲ့အခါကျမှ မကောင်းဘူးလဲဆိုတာ နောက်ဆုံး ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေက ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ဘေးက ဆုံးဖြတ်ပေးလို့ မရပါဘူး။ ပြင်ပကလည်း ဆုံးဖြတ်ပေးလို့ မရပါဘူး။ ဒီလိုလမ်းကြီး တည်ဆောက်တဲ့နေရာမှာ အဆက်ဆက်တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ကောင်းတဲ့လမ်းဆိုတော့ ရာသီစုံလမ်းဆိုပြီးတော့ ပါပါတယ်။ ရာသီစုံလမ်းဆိုတာ ဘယ်လိုရာသီကိုပဲဖြစ်ဖြစ် ခံနိုင်ရည်ရှိတဲ့လမ်းပါ။ မိုးရာသီကျရင် သုံးမရတဲ့လမ်းမျိုး မဟုတ်ဘူး။ နွေရာသီမှ အလုပ်ဖြစ်တဲ့လမ်းမျိုး မဟုတ်ဘူး။ မိုးရွာသည်ဖြစ်စေ၊ နေပူသည်ဖြစ်စေ ရာသီစုံလျှောက်လို့ရတဲ့လမ်း။ ဖြစ်ဖို့ ပထမစလုပ်ကတည်းက ကောင်းမွန်တဲ့ ပစ္စည်းတွေနဲ့ ကောင်းမွန်တဲ့ နည်းပညာတွေနဲ့ လုပ်ဖို့လိုပါတယ်။ ခေတ်အဆက်ဆက် ဆက်ပြီးတော့ ထိန်းသိမ်းသွားဖို့လည်း လိုပါတယ်။ ကျွန်မတို့နိုင်ငံရဲ့လမ်းဟာလည်း ဒီအတိုင်းပါပဲ။ ပထမဦးဆုံး အခြေချတဲ့အခါမှာ ပြည်သားတွေရဲ့ စိတ်ဓာတ်၊ ပြည်သူပြည်သားတွေရဲ့ အရည်အချင်းတွေဟာ ပစ္စည်းကောင်းတွေပါပဲ။ ဒီပစ္စည်းကောင်းတွေကို မှန်မှန်ကန်ကန် သုံးဖို့ဆိုတာဟာ စနစ်ပဲဖြစ်ပါတယ်။

“ကျွန်မတို့ဟာ ပြည်သူကို အခြေခံတဲ့ စနစ်ကို ဦးတည်နေတယ်ဆိုတာ ဘယ်လောက် ဆောင့်နေတယ်။ ဘယ်လောက်ငြိမ်တယ်ဆိုတာကို ကျွန်မတို့သိတာ ဖြစ်ပါတယ်။

**ထိန်းသိမ်းဖို့လို**

“ကျွန်မတို့နိုင်ငံ လျှောက်ရမယ့်လမ်းဟာ ဘယ်လောက်ကောင်းသလဲ၊ တစ်ခုဆိုရင် ကြာရှည်ခံတယ်ဆိုတာ လူတိုင်းသိပါတယ်။ ကျွန်မတို့ နိုင်ငံတစ်နိုင်ငံလုံးက ပြည်သူပြည်သားတွေရဲ့ အထူးသဖြင့် ကျေးလက်တောရွာမှာနေတဲ့ ပြည်သူပြည်သားတွေရဲ့အလိုအပ်ဆုံးကိစ္စတွေထဲမှာ၊ အရာတွေထဲမှာ ဘာပါလဲ ကျွန်မတို့နိုင်ငံရဲ့အနာဂတ်လမ်းကလည်း ဒီအတိုင်း ဖြစ်ရပါလိမ့်မယ်။ ရာသီစုံ ဆက်လျှောက်လို့ရတဲ့ လမ်းဆိုတာဟာ မိုးထန်လို့ရှိရင်လည်း လျှောက်လို့ရရမယ်။ မုန်တိုင်းထန်တဲ့အခါကျလို့ရှိရင်လည်း မပျက်မစီးဖြစ်ရမယ်။ ဒီလိုလမ်းမျိုး ပစ္စည်းကောင်းတွေနဲ့ အခြေချဖို့၊ နည်းလမ်းကောင်းတွေနဲ့ တည်ဆောက်ဖို့ လိုပါတယ်။ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်တဲ့ ပစ္စည်းကောင်းတွေထဲမှာ အဓိကလိုအပ်ချက်ကတော့ ပြည်သူပြည်သားတွေပဲဖြစ်ပါတယ်။ ပြည်သူပြည်သူ ပြည်သားတွေဟာ မိမိတို့ရဲ့အကျိုးအတွက် ထမ်းဆောင်တဲ့နေရာမှာ အထိရောက်ဆုံးဖြစ်မယ့် အဖွဲ့အစည်း၊ အစုအဖွဲ့ပဲလို့ ကျွန်မတို့ ဒီလိုပဲ သတ်မှတ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့

*စာမျက်နှာ ၅ သို့*



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် လူငယ်ကိုယ်စားလှယ် လေးဦးတို့က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** သတင်းစဉ်

---

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးမြို့ပြန်လည်ထူထောင်ရေးစခန်းကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ငွေကျပ်သိန်းပေါင်း ၆၃၃ သိန်း အကုန်အကျခံ၍ ပြင်ဆင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါစခန်းကို မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လက်တွေ့ကျသော ပြည်သူအားကိုးသည့် ပြန်လည်ထူထောင်ရေး စခန်းများအဖြစ် စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ရန်၊ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေး ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ စခန်းပြန်လည်ပြုပြင်မွမ်းမံပြီးချိန်တွင် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ဖေဖော်ဝါရီ ၉ ရက်အထိ သင်တန်းသား ၂၀ ကို ကွန်ပျူတာအခြေခံသင်တန်း၊ ဆိုင်ကယ်ဝိုင်ယာရိန်းပြုပြင်သင်တန်း၊ သံဂဟေဆက်သင်တန်းနှင့် တံဆိပ်ရိုက်သင်တန်းတို့ကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရ သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နန်းမြေဘုံသာ စံနန်းတော်ရာ စန္ဒာမုနိဘုရား အရှေ့မုခ်ဦးမြောက်ဘက်၌ ဗိုလ်ချုပ်အောင်ဆန်း ကျောက်ဆစ်ရုပ်တုနှင့် ပြည်သူ့အပန်းဖြေဥယျာဉ် တည်ဆောက်ရေးအဖွဲ့၏ လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်း ကျောက်ဆစ်ရုပ်တုအား တန် ၇၀ ရှိ စကျင်ကျောက်ဖြူ ခုနစ်တုံးဖြင့် ထုလုပ်နေမှုကို ကြည့်ရှုလေ့လာသည်။

ထို့နောက် နန်းရှေ့ရုပ်ကွက်ရှိ ဦးစိန်မြင့် အနုပညာပြခန်းသို့ ရောက်ရှိပြီး ရွှေချည်ထိုးနံရံကပ်ပန်းချီနှင့် ယွန်းထည်လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ တက္ကသိုလ် / ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဆိုင်ရာအဖွဲ့အစည်းများမှ လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ရှေ့အနာဂတ်အတွက် လမ်းကြီးခင်းလိုက်ပြီ။ ခင်းတဲ့အခါကျတော့ အရည်အချင်းရှိတဲ့ ပြည်သူပြည်သားတွေဟာ အဓိက ပထမဦးဆုံး လိုအပ်တဲ့ အရင်းအမြစ်ပါပဲ။ မှန်ကန်တဲ့စနစ်နဲ့ ဒီလမ်းကြီးကို ဆောက်လိုက်မယ်။ ဆောက်ပြီးရင်ဆက်ပြီးတော့ ခေတ်အဆက်ဆက် ထိန်းသိမ်းသွားရပါမယ်။ နိုင်ငံတစ်ခုရဲ့ အခြေအနေဟာ အစဉ်အမြဲ တစ်ပုံစံတည်းရှိတာမဟုတ်ပါဘူး။ ပြောင်းလဲနေတာ ပါ။ လမ်းတစ်လမ်းဟာ မိုးရွာတဲ့ခါ မခံနိုင်ဘူးဆိုရင် ဒါလမ်းကောင်းမဟုတ်ပါဘူး။ ကျွန်မတို့ နိုင်ငံရဲ့စနစ်ဟာ ပဋိပက္ခတွေ ဖြစ်လာတဲ့အချိန်မှာ၊ ဒုက္ခတွေနဲ့ ရင်ဆိုင်ရတဲ့အချိန်မှာ အင်မတန်မှ ကြီးကျယ်တဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားဖို့လိုတဲ့အချိန်မှာဆိုရင် ခံနိုင်ရဲ့လား၊ အလုပ်ဖြစ်ရဲ့လား။ ဒါတွေကို ကျွန်မတို့ ကြည့်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့ လူငယ်တွေကို ပြုစုပျိုးထောင်ပါတယ်။ လူငယ်တွေကို ပြုစုပျိုးထောင်ခြင်းကို အဓိကထားတယ် ဆိုတာဟာ ကျွန်မတို့ ဆောက်လိုက်တဲ့ ပြည်ထောင်စုရဲ့ အနာဂတ်လမ်းကြီးကို ထိန်းသိမ်းသွားနိုင်မယ့် နည်းပညာနဲ့ စိတ်ဓာတ်နဲ့ ပြည့်စုံနေတဲ့ပုဂ္ဂိုလ်တွေကို မွေးထုတ်ဖို့ပဲဖြစ်ပါတယ်။ လူငယ်တွေဟာ လူကြီးတွေနဲ့စာရင် အတွေ့အကြုံရင့်ကျက်မှု နည်းတယ်ဆိုတာကတော့၊ တစ်ဖက်ကဆိုရင် ဒီလိုအတွေ့အကြုံ ရင့်ကျက်မှုနည်းတာကြောင့် ပိုပြီးတော့ စိတ်ကရှင်းလင်းတာလည်း ရှိပါတယ်။ တစ်ယောက်အပေါ် တစ်ယောက် အဆိုးမြင်တဲ့ဟာတွေလည်း ပိုပြီးတော့နည်းပါတယ်။ ကိုယ့်ရဲ့ အတွေ့အကြုံတွေအရ ဘယ်သူ့ကို ဒေါသထားရမယ်၊ ဘယ်သူ့ကို ခွဲခြားဆက်ဆံရမယ်ဆိုတဲ့ စိတ်တွေဟာ လူငယ်တွေထဲမှာ နည်းပါတယ်။ လူကြီးတွေဟာ ကိုယ့်ရဲ့ဘဝအတွေ့အကြုံတွေအရ ကိုယ့်အမြင်တွေ၊ တစ်ခါတလေဆိုလို့ရှိရင် တင်းမာသွားတဲ့ဟာတွေလည်း ရှိတတ်ပါတယ်။

**လူကြီးနဲ့လူငယ်ပူးပေါင်း**

"လူကြီးနဲ့ လူငယ် ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မှာပါ။ ငြိမ်းချမ်းရေးစကားဝိုင်းမှာဆိုရင် လူကြီးတွေလည်းပါတယ်။ လူငယ်တွေလည်း ပါပါတယ်။ ကျွန်မ သတိပြုမိပါတယ်။ လူကြီးတွေက ပိုပြီးတော့ လက်တွေ့ကျကျ ပြောတယ်၊ ဆိုတယ်။ လက်တွေ့ကျကျ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ကိစ္စ၊ သူတို့ ရပ်ရွာနဲ့ပတ်သက်တဲ့ကိစ္စတွေကို ချဉ်းကပ်ပါတယ်။ လူငယ်တွေကတော့ အတွေးအခေါ် ဘက်ပိုင်းပိုပြီးတော့ များပါတယ်။ ဒါလည်း မှန်ပါတယ်။ လူငယ်တွေ အတွေးအခေါ်ဘက်ကို အားသာမှ နောင်လူကြီးဖြစ်လာလို့ရှိရင် အတွေးအခေါ်နဲ့ အတွေ့အကြုံကို ပူးပေါင်းပြီးတော့ တန်ဖိုးရှိတဲ့ လူတွေဖြစ်လာမှာဖြစ်ပါတယ်။ ကျွန်မ ပြောချင်တာက လူကြီးနဲ့လူငယ်ပူးပေါင်းဆောင်ရွက်မှ အောင်မြင်နိုင်မှာပါ။ လူကြီးတွေပဲ တော်တယ်လို့ပဲ ပြောလို့မရပါဘူး။ လူငယ်တွေပဲကောင်းတယ်လို့ ပြောလို့မရပါဘူး။ ကောင်းတဲ့လူကြီးလည်းရှိတယ်၊ ဆိုးတဲ့လူကြီးလည်းရှိတယ်။ ကောင်းတဲ့လူငယ်လည်းရှိတယ်၊ ဆိုးတဲ့လူငယ်လည်း ရှိပါတယ်။ လူငယ်တွေကို ပြုပြင်ပေးဖို့၊ ပိုပြီးတော့ တိုးတက်အောင်လုပ်ပေးဖို့ဟာ လူကြီးတွေရဲ့တာဝန်ဖြစ်ပါတယ်။ လူကြီးရဲ့ တာဝန်ဖြစ်ရုံတင်မကပါဘူး အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်။ အသက်ကြီးလာတာနဲ့အမျှ ပြန်ပြီးသင်ယူရတာ သိပ်မလွယ်တော့ပါဘူး။ ဒါကတော့ လူ့သဘာဝအရ ဒီလိုပဲလို့ ပြောရမှာ ဖြစ်ပါတယ်။

**ဖွံ့ဖြိုးတိုးတက်စေချင်**

"ကျွန်မတို့ရဲ့လူငယ်တွေကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် လုပ်မယ်ဆိုတော့ ဘက်စုံဆိုတာ ဘာကို ဆိုလိုတာပါလဲ။ ဘက်စုံဆိုတာဟာ လက်တွေ့ကျကျ အပိုင်းရော၊ စိတ်ဓာတ်ရေးရာ အပိုင်းရော၊ အတွေးအခေါ်ပိုင်းရော အဘက်ဘက်က ပေါ့။ အခြေခံအားဖြင့်တော့ ကျန်းမာရေးကောင်းရပါမယ်။ လူတစ်ယောက်ဟာ ကျန်းမာရေး မကောင်းလို့ရှိရင် ဘယ်လောက်ပဲ ပညာတွေတတ်နေ တတ်နေ ဒီပညာတွေကို သုံးနိုင်ခွင့် အခြေအနေမရှိပါဘူး။ ကျွန်မတို့ လူငယ်တွေ ဘက်စုံဖွံ့ဖြိုးဖို့ဆိုရင် နံပါတ်တစ်ကတော့ လူငယ်တွေ ကျန်းမာရေးကောင်းစေချင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာဘက်ကနေလည်း ဖွံ့ဖြိုးတိုးတက်စေချင်တယ်။ ကျွန်မတို့နိုင်ငံမှာ ကလေးတွေတော်တော်များများက အင်မတန်မှ လိုပါတယ်။ ကြီးထွားသင့်သလောက် မထွားလာတာကို တွေ့ရပါတယ်။ ဒါကတော့ အာဟာရ မပြည့်ဝခဲ့လို့ပါ။ နှစ်ပေါင်းများစွာ အာဟာရမပြည့်ဝခဲ့တဲ့ ကလေးတွေဟာ သေသေချာချာနဲ့ သူတို့ကြီးထွားသင့်သလောက် ထွားလာမှာ မဟုတ်ပါဘူး။ ဒါက ရုပ်ပိုင်းဆိုင်ရာပါ။

**ကျန်းကျန်းမာမာနဲ့ ရှိနေဖို့လို**

"ကျန်းမာရေးဘက်က ဆိုရင် အထူးသဖြင့် ဦးတည်နေတာက ပြည်သူ့ကျန်းမာရေးကို ဦးတည်နေပါတယ်။ ပြည်သူ့ကျန်းမာရေးဆိုတာ ပြည်သူက ပါဝင်ရမယ်၊ ပြည်သူ့အတွက်လည်း ဖြစ်တယ်။ ပြည်သူတွေကို ကျန်းမာရေး ပညာပေးခြင်းအားဖြင့်၊ အခြေခံကတည်းကစပြီး ကျန်းမာရေးကို ထောက်ပံ့ပေးခြင်းအားဖြင့် ကျွန်မတို့ရဲ့ပြည်သူ ပြည်သားတွေ အားလုံး ကျန်းမာရေးကောင်းလာမယ်။ ကလေးတွေဟာ မွေးကတည်းက မဟုတ်ဘူး၊ မိခင်ဝမ်းထဲမှာ ရှိစဉ်အခါကတည်းကိုက ကျန်းမာရေးကောင်းဖို့အတွက် မူတွေချပြီးတော့ ကျန်းမာရေးကောင်းအောင်လို့ တည်ဆောက်ဖို့ ကြိုးစားပါတယ်။ ဒီကလေးတွေဟာ ကျန်းကျန်းမာမာနဲ့ မွေးလာပြီးလို့ရှိရင်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် China -Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲ၌ ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

ကျန်းကျန်းမာမာနဲ့ရှိနေဖို့ ဆက်ပြီးတော့ ထိန်းသိမ်းထားဖို့လည်း လိုပါတယ်။ အဲဒီဟာတွေကို သေသေချာချာ အစီအစဉ်ချတဲ့အခါမှာ အစိုးရတစ်ခုတည်း လုပ်ပေးလို့မရပါဘူး။ ဆရာဝန်တွေနဲ့ သူနာပြုတွေချည်းပဲ လုပ်ပေးလို့မရပါဘူး။ မိသားစုတွေကိုက အခြေခံ ကျန်းမာရေးပညာရှိရပါမယ်။ ကိုယ့်သားသမီးတွေကို ဘယ်လိုပြုစုပျိုးထောင်ရမယ်၊ ဘယ်လို အစားအစာမျိုးကို ကျွေးရမယ်၊ ဘယ်လိုဟာမျိုးကို ရှောင်ရမယ်၊ ဘယ်လို ကိုယ်လက်လှုပ်ရှားမှုမျိုးကို ကူညီပေးရမယ်။ ဒါတွေဟာ မိသားစုတွေရော၊ ဆရာ ဆရာမတွေရော၊ မိဘတွေရောသိမှ ဒီကလေးတွေကို မွေးပြီးတဲ့အခါ ဆက်ပြီးတော့ ကောင်းကောင်းမွန်မွန် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာဖို့အတွက်၊ ဖွံ့ဖြိုးဖို့အတွက် ကူညီသွားနိုင်မှာဖြစ်ပါတယ်။

**ဖွံ့ဖြိုးမှုထိခိုက်နိုင်**

"နောက် ဦးနှောက်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာ နှစ်ခုကို ခွဲခြားပြီးတော့ ပြောချင်ပါတယ်။ ဦးနှောက် ဖွံ့ဖြိုးတိုးတက်တိုင်း စိတ်ထားကောင်းတာ မဟုတ်ပါဘူး။ အင်မတန်မှ ဉာဏ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေ၊ ပညာရေးအရ အောင်မြင်တဲ့ ပုဂ္ဂိုလ်တွေထဲမှာ စိတ်ထားသိပ်မကောင်းတဲ့သူတွေလည်း ရှိပါတယ်။ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့အတွက် လူငယ်တွေဟာ အင်မတန်မှ ပြည့်စုံပြီးတော့ ပြည့်ဝတဲ့ နိုင်ငံသူ နိုင်ငံသားတွေ ဖြစ်လာဖို့အတွက် ဦးနှောက်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လုပ်ရပါမယ်။ စိတ်ဓာတ်မှန်ကန်ဖို့အတွက်လည်း လုပ်ရပါမယ်။ အသက် ၂ နှစ် မပြည့်ခင်အချိန်မှာ အာဟာရ မပြည့်ဝလို့ရှိရင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ကလေးတွေကို အသက် ၂ နှစ် မပြည့်ခင် ကာလအတွင်းမှာ အာဟာရပြည့်စုံအောင်လို့ ကျွေးမွေးပြုစု ပျိုးထောင်ဖို့ဟာ အင်မတန်အရေးကြီးပါတယ်။ ဦးနှောက်ရဲ့ ဖွံ့ဖြိုးမှုကို ထိခိုက်သွားပြီဆိုရင် နောင် ဘယ်လိုပဲ ဘယ်လောက်ပဲ ကျွေးကျွေး လူကဝလာတာသာရှိမယ် ဦးနှောက်က ပိုပြီးတော့ ဖွံ့ဖြိုးလာမှာ မဟုတ်ပါဘူး။ အသက် ၂ နှစ်မတိုင်မီ ကလေးတွေကို မှန်မှန်ကန်ကန်နဲ့ ဦးနှောက်အရည်အချင်း ပြည့်ဝအောင်လို့ ကျွေးမွေးပြုစုစောင့်ရှောက်ဖို့ဆိုတာဟာ မိဘတွေရဲ့ တာဝန်လည်း ဖြစ်တယ်။ ကျန်းမာရေးဌာနရဲ့ တာဝန်လည်း ဖြစ်တယ်။ အစိုးရရဲ့တာဝန်လည်း ဖြစ်ပါတယ်။ ဒါအားလုံးဝိုင်းပြီးတော့ လုပ်ရမှာပါ။ ဦးနှောက်ကတော့ ဖွံ့ဖြိုးတိုးတက်သွားပြီ။ ဦးနှောက်ဖွံ့ဖြိုးတိုးတက်သွားပြီးရင် ရုပ်ပိုင်းဆိုင်ရာလည်း ဖွံ့ဖြိုးအောင်လို့ အသက် ၂ နှစ်ကျော်တဲ့အခါမှာလည်း ဆက်ပြီးတော့ အာဟာရရှိတဲ့ အစားအစာတွေကို ကျွေးရပါမယ်။ ကိုယ်လက်လှုပ်ရှားမှု ပြည့်စုံအောင်လို့ ထားရပါမယ်။

**ဂုဏ်သိက္ခာရှိရှိရပ်တည်**

"ကျောင်းရောက်သွားတဲ့ အခါကျရင် ကမ္ဘာကြီးနဲ့ ယှဉ်နိုင်အောင်လို့ ကျွန်မတို့ရဲ့ကလေးတွေကို ပညာသင်ပေးရပါမယ်။ ပညာရေးစနစ်ဟာ ကျွန်မတို့ရဲ့ နိုင်ငံသူ နိုင်ငံသားတွေကို ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်အောင် ဦးတည်တဲ့ ပညာရေးစနစ်မျိုးဖြစ်ရပါမယ်။ တခြားသူတွေကို အနိုင်ကျင့်ဖို့လည်းမဟုတ်ဘူး။ ကိုယ့်ကိုယ်ကိုယ် ကြွားဖို့လည်းမဟုတ်ဘူး။

*စာမျက်နှာ ၆ သို့*



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ပထမနေ့တွင် လာရောက်လေ့လာကြသူများဖြင့် စည်ကားနေစဉ်။ သတင်းစဉ်






နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက အနုပညာဦးစီးဌာနမှ လူငယ်လေးများ၏ သရုပ်ဖော်ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၅ မှ*

ကိုယ့်နိုင်ငံရဲ့ဂုဏ်သိက္ခာအတွက်၊ ကိုယ့်ရဲ့စိတ်ပြည့်ဝဖို့အတွက် ဒီလိုပညာတွေကို ကျွန်မတို့ရဲ့ ကလေးတွေကို သင်ပေးရပါမယ်။ ကျွန်မတို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေနဲ့ ပတ်သက်လို့ ယုံကြည်မှုရှိပါတယ်။ အခွင့်အရေးသာရှိရင်၊ အခွင့်အလမ်းသာရှိရင်၊ မှန်ကန်တဲ့ ပံ့ပိုးမှုတွေသာရှိရင် ကျွန်မတို့ နိုင်ငံသူ နိုင်ငံသားတွေဟာ ပညာရေးဘက်မှာ အင်မတန်မှ တိုးတက်နိုင်တယ်၊ ထူးချွန်နိုင်တယ်၊ ပြောင်မြောက်နိုင်ပါတယ်။ တစ်ချိန်တုန်းကလည်း ကျွန်မတို့နိုင်ငံဟာ ပညာရေးနဲ့ ပတ်သက်လို့ အင်မတန် ဂုဏ်သတင်းကောင်းခဲ့တဲ့ နိုင်ငံဖြစ်ပါတယ်။

"ကိုယ့်နိုင်ငံဟာ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာရှိတယ်ဆိုရင် နိုင်ငံသူနိုင်ငံသား တစ်ယောက်ချင်း တစ်ယောက်ချင်းဟာလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် ပြည့်စုံမှာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးခါစ ကျွန်မတို့နိုင်ငံဟာ စစ်အတွင်းမှာ စစ်ဒဏ်တွေခံခဲ့ရပေမယ့် အင်မတန်မှ အခြေအနေအရ တိုးတက်မှုကောင်းပြီး ပညာတတ်တွေ ဦးဆောင်တဲ့နိုင်ငံဖြစ်တဲ့ အခါကျတော့ ကမ္ဘာ့အလယ်မှာ အင်မတန်မှ မျက်နှာပွင့်ပါတယ်၊ ဂုဏ်သိက္ခာရှိပါတယ်။ ဒါကြောင့် နိုင်ငံ့ရဲ့ ဂုဏ်သိက္ခာကြောင့်မိုလို့ တစ်ဦးချင်း တစ်ဦးချင်းကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါတယ်။ ကျွန်မတို့ ပညာရေးစနစ်ဟာ နိုင်ငံသူနိုင်ငံသားများ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ်နဲ့ "ပညာရဲရင့် ပွဲလယ်တင့်" ဆိုတဲ့ စိတ်ဓာတ်နဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိအောင်လို့ ဖြည့်ဆည်းပေးတဲ့ ပညာရေးစနစ် ဖြစ်စေချင်ပါတယ်။ နည်းပညာတွေသင်ပေးရုံနဲ့ ကမ္ဘာမှာ ခေတ်စားနေတဲ့ ဘာသာရပ်တွေမှာ တိုးတက်ရုံနဲ့ မပြီးသေးပါဘူး။ တစ်ချိန်တည်းမှာ မှန်ကန်တဲ့စိတ်ဓာတ်ကို လူငယ်တွေရဲ့ စိတ်ထဲကို သွင်းပေးလိုက်ဖို့လိုပါတယ်။ ကိုယ့်အရည်အချင်းတွေ ဘယ်လောက်ကောင်းကောင်း ဒီအရည်အချင်းကို မှန်မှန်ကန်ကန်မသုံးဘဲ မကောင်းတဲ့ကိစ္စတွေအတွက် သုံးမယ်ဆိုရင် ကိုယ်လည်းနစ်နာမယ်။ ကိုယ့်ပတ်ဝန်းကျင်လည်း နစ်နာတယ်။ နိုင်ငံလည်း နစ်နာပါတယ်။

"ကိုယ့်ပတ်ဝန်းကျင်က မကောင်းရင်၊ ကိုယ့်ပတ်ဝန်းကျင်မှာ စိတ်ချမ်းသာမှု မရှိရင် ရေရှည်မှာ ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာမှုရှိနိုင်မှာ မဟုတ်ပါဘူး။ စိတ်ပြည့်ဝမှုရှိနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ လူငယ်တွေ တကယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ငယ်ငယ်ကတည်းက မိဘနဲ့ ဆရာတွေက သင်ပေးရမှာပါ။ ကိုယ်တစ်ယောက်တည်း အတွက် လုပ်တာထက် နှစ်ယောက်အတွက် လုပ်တာက ပိုပြီးတော့ ကောင်းတယ်။ သုံးယောက်အတွက် လုပ်တာက ပိုပြီးတော့တောင် ကျေနပ်စရာကောင်းတယ်။ အများအတွက် လုပ်တာဆိုရင်တော့ ကျေနပ်စရာအကောင်းဆုံးပဲဆိုပြီးတော့ ဒီလိုစိတ်တွေကို ငယ်ငယ်ကတည်းကနေပြီးတော့ သွင်းပေးရပါမယ်။ နောက် ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ကိုယ်ကလေးစားဖို့၊ ချစ်ခင်ဖို့ ဒါတွေကိုလည်း ငယ်ငယ်ကတည်းက စိတ်ဓာတ်တွေကိုလည်း သွင်းပေးရပါမယ်။ ဒါ ဆရာ၊ ဆရာမတွေ လုပ်ရုံနဲ့မပြီးပါဘူး။ မိဘတွေကပါ လုပ်ရပါမယ်။

"ကိုယ့်နိုင်ငံကို တန်ဖိုးထားတယ်ဆိုတာ အမှိုက်ပစ်တဲ့ အသေးအဖွဲလေးတွေက နေစပြီးတော့ ဆင်ခြင်ရပါမယ်။ မိဘတွေ၊ ဆရာတွေက သင်ပေးရမယ်။ ဒါပေမယ့် ဘယ်လောက်ပဲ သင်ပေး သင်ပေး သင်ယူတဲ့သူက သင်ယူမှုရပါမယ်။ ဆရာတွေ၊ မိဘတွေ ဘယ်လောက်တော်တော်သင်ယူတဲ့ ကလေးတွေက သင်ယူချင်တဲ့ စိတ်ရှိအောင်လို့ စိတ်ဓာတ်သွင်းပေးဖို့ လိုပါတယ်။ ကိုယ့်ပစ္စည်းထက် အများပိုင်ပစ္စည်းကို လေးစားဖို့၊ တန်ဖိုးထားဖို့ စိတ်တွေသွင်းပေးရပါမယ်။ နိုင်ငံတော်ရဲ့ပစ္စည်းကို မလေးစားတာဟာ ကိုယ့်နိုင်ငံကို မလေးစားတာပါပဲ။ မှန်ကန်တဲ့ စိတ်ဓာတ်တွေ လူငယ်တွေကို သင်ပေးမယ်၊ လူငယ်တွေကို အလေ့အကျင့်ဖြစ်သွားအောင် လုပ်ပေးမယ်ဆိုရင် ကျွန်မတို့ရဲ့လူငယ်တွေဟာ ဘက်စုံဖွံ့ဖြိုးပြီလို့ ပြောလို့ရပါပြီ။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာတယ်၊ ချမ်းသာတယ်၊ ထွားကျိုင်းတယ်။ ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတယ်၊ တိုးတက်တယ်၊ ပညာရှာဖို့ အခွင့်အလမ်းရတယ်။ စိတ်ပိုင်းဆိုင်ရာဆိုရင် တစ်ချိန်လုံးပဲ အိမ်ကနေစပြီး ကျောင်းရောက်တဲ့ အခါကြလို့ရှိရင် မှန်မှန်ကန်ကန်နဲ့ နိုင်ငံသူနိုင်ငံသားကောင်းတစ်ယောက် ဖြစ်နိုင်ဖို့အတွက် ပြုစုပျိုးထောင်လိုက်နိုင်မယ်ဆိုရင် ကျွန်မတို့ လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီလို့ ပြောလို့ရပါတယ်။

"နိုင်ငံသူ နိုင်ငံသားကောင်း တစ်ယောက်ဖြစ်တယ်ဆိုတာ တကယ်တော့ ကမ္ဘာ့သူ ကမ္ဘာ့သားကောင်း တစ်ယောက်ဖြစ်သွားတာပါပဲ။ ကျွန်မတို့ နိုင်ငံဟာ ကမ္ဘာကြီးထဲက တစ်နိုင်ငံဖြစ်ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံသူ နိုင်ငံသားတွေ၊ ပြည်သူတွေဟာ ကမ္ဘာကြီးမှာ နေထိုင်ကြတဲ့ ပုထုဇဉ်လူသားတွေထဲက အစုအဖွဲ့ တစ်ခုဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ချစ်ခြင်းအားဖြင့် ကိုယ့်ရဲ့အမြင်ဟာ ကျဉ်းသွားရမှာမဟုတ်ပါဘူး။ ငါ့နိုင်ငံမှ ငါ့နိုင်ငံ၊ ငါ့လူမျိုးမှ ငါ့လူမျိုး၊ ကျန်တဲ့သူ ဂရုမစိုက်ဘူးဆိုတဲ့ စိတ်ဆိုရင် ဒါကျဉ်းမြောင်းသွားတဲ့ စိတ်၊ ကိုယ်ကကိုယ့်နိုင်ငံကို ချစ်သလို တခြားသူတွေလည်း သူတို့နိုင်ငံကို သူတို့ ချစ်မှာပဲဆိုတဲ့ ကိုယ်ချင်းစာစိတ်နဲ့လေးစားရမယ်။ နောက်ပြီး ကမ္ဘာ့သူ ကမ္ဘာ့သားများအားလုံးညီညီညွတ်ညွတ်နဲ့ အေးအေးချမ်းချမ်းနေနိုင်ဖို့ကို ကျွန်မတို့ ဦးတည်ရပါမယ်။

"တစ်ကမ္ဘာလုံးမှာ အေးအေးချမ်းချမ်းနဲ့ ချစ်ချစ်ခင်ခင် နေဖို့ဆိုတာ မဖြစ်နိုင်တဲ့ကိစ္စလို့ စိတ်ထဲမှာ ဘယ်တော့မှမထားပါနဲ့၊ တကယ်ကြိုးစားမယ်ဆိုရင် မဖြစ်နိုင်ဘူးဆိုတာဟာ ၁၀၀ ရာခိုင်နှုန်း မဟုတ်ရင်တောင် ၉၉ ဒသမ ၉ ဆိုရင်တော့ မဆိုးပါဘူး။ အဲ့ဒီထိ ကျွန်မတို့ အောင်မြင်အောင်ကြိုးစားဖို့ စိတ်တွေခိုင်မာရပါမယ်။ ဒီလိုခိုင်မာတဲ့ စိတ်တွေ၊ ကြိုးစားချင်တဲ့စိတ်ဓာတ်တွေကို လူငယ်တွေကို သွင်းပေးဖို့လိုပါတယ်။ အခု ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုတွေ သိပ်များတဲ့ ခေတ်ကြီးမှာဆိုရင် လောဘတွေကလည်း သိပ်ပြီးတော့ တက်လာပါတယ်။

" လောဘ၊ ဒေါသ၊ မောဟမှာ လောဘအန္တရာယ်က အင်မတန်မှ ကြီးပါတယ်။ လောဘနောက်ကလည်း ဒေါသက လိုက်လာတတ်ပါတယ်။ ဒါတွေကို လူငယ်တွေ သတိထားကြပါတယ်။ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖို့အတွက်၊ ဦးနှောက်ပိုင်းဆိုင်ရာ တိုးတက်ဖို့အတွက်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်ဖို့အတွက် အားလုံးဝိုင်းပြီး ကူညီလို့ရပါတယ်။ နောက်ဆုံး ကိုယ့်ဘာသာ ကိုယ်လုပ်မှရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့လူငယ်တွေဟာ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ အတွက်ဆိုရင် ကိုယ့်ကိုယ်ကိုယ်လုပ်ယူပါ။ ကိုယ့်ကိုယ်ကိုယ်အားကိုးပါ။ နောက်ပူးပေါင်းဆောင်ရွက်စိတ်ရှိပါ။

"နောက်တစ်ခုက ကျွန်မတို့နိုင်ငံတင်မဟုတ်ဘူး၊ ကမ္ဘာတစ်လွှားမှာ ခဏခဏ သင်တန်းတွေပေးပါတယ်။ အလုပ်ရုံဆွေးနွေးပွဲ၊ သင်တန်း၊ ဟောပြောပွဲ စတဲ့သင်တန်းအမျိုးမျိုး ပေးကြပါတယ်။ ဘာအကြောင်းလဲဆိုတော့ ခေါင်းဆောင်ဘယ်လိုလုပ်ရမလဲဆိုတဲ့ အကြောင်း။ အဲဒါကို ကျွန်မက အားမပေးချင်ဘူး။ ကျွန်မကတော့ ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်မြှင့်တင်ပေးတဲ့ဟာကို အားပေးချင်တယ်။ အစုအဖွဲ့တစ်ခုအနေနဲ့ အောင်မြင်အောင်လုပ်ခြင်းဟာ ပိုပြီး အရေးကြီးပါတယ်။ အားလုံးပူးပေါင်းဆောင်ရွက်ခြင်း၊ သူ့နေရာနဲ့သူ အားလုံးအရေးကြီးတာပဲ။ လူတိုင်းလူတိုင်းမှာ သူ့တန်ဖိုးနဲ့ သူရှိပါတယ်။ အဲဒါကို နားလည်ပြီးတော့ ကျွန်မတို့ စုပေါင်းဆောင်ရွက်နိုင်တဲ့၊ ညီညီညွတ်ညွတ်နဲ့ လုပ်ကိုင်နိုင်တဲ့ စိတ်ဓာတ်တွေ၊ ဘယ်လိုလုပ်ရမလဲ။ ဘာကြောင့် ကျွန်မတို့ စုပေါင်းပြီးတော့ ညီညီညွတ်ညွတ်နဲ့ လုပ်နိုင်တဲ့ အခြေအနေတွေဟာ အားနည်းနေသလဲ။ ဒါတွေကို ကျွန်မတို့က ကြည့်ရမှာဖြစ်ပါတယ်။ ငါဘာလို့ ခေါင်းဆောင်မဖြစ်ရပါလိမ့်ဆိုပြီး စဉ်းစားနေရမှာမဟုတ်ပါဘူး။ အဲ့ဒါတွေက အားပေးသင့်တဲ့ကိစ္စတွေ မဟုတ်ဘူးလို့ ကျွန်မယုံကြည်ပါတယ်။

ဒါကြောင့် လူငယ်တွေ ဘက်စုံဖွံ့ဖြိုးတိုးတက်ချင်ရင် ပူးပေါင်းဆောင်ရွက်ပါ။ ပူးပေါင်းဆောင်ရွက်ခြင်းရဲ့ ရလဒ်က ဘာလဲဆိုတော့ မိတ်ဆွေကောင်းတွေရခြင်းပဲ။ ပူးပေါင်းဆောင်ရွက်ပြီး အတူလုပ်ခဲ့တဲ့ မိတ်ဆွေများ၊ ရဲဘော်ရဲဘက်များရဲ့ တစ်ယောက်အပေါ် တစ်ယောက် ယုံကြည်မှု၊ ရင်းနှီးမှု၊ မေတ္တာထားမှု၊ ကရုဏာထားမှုတွေဟာ ဘာနဲ့မှမတူပါဘူး။ ဒါကြောင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုထဲမှာ မိတ်ဆွေကောင်းဖြစ်နိုင်ဖို့နဲ့ မိတ်ဆွေကောင်းရနိုင်ဖို့အတွက် အဲဒီလို အရည်အချင်းတွေကိုတော့ ပြုစုပျိုးထောင်ပါလို့ တိုက်တွန်းချင်ပါတယ်။ ကိုယ်က မိတ်ဆွေကောင်းရဖို့ ကိုယ်ကိုယ်တိုင်က မိတ်ဆွေကောင်းတစ်ဦးရဲ့ အရည်အချင်းတွေနဲ့ ပြည့်စုံမှ ဖြစ်မှာပါ။ ဒါကြောင့် ကျွန်မတို့ လူငယ်ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးပွဲတော် လုပ်တဲ့အခါမှာ ဘက်စုံဆိုတဲ့စကားကို အလေးထားပြီး စဉ်းစားစေချင်ပါတယ်။ ဘက်စုံအောင်ဘာတွေ လိုအပ်တယ်။ ရုပ်ပိုင်းဆိုင်ရာ၊ ဦးနှောက်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့ လူမှုရေးအရ ခင်မင်မှု မိတ်ဆွေပိုင်းဆိုင်ရာ ကိစ္စတွေအားလုံးနဲ့ ပြည့်စုံမယ်ဆိုရင် ကျွန်မတို့ရဲ့ လူငယ်များဟာ နိုင်ငံရဲ့ အကျိုးတင်မကပါဘူး၊ ကမ္ဘာပေါ်မှာနေတဲ့ လူသားများ၊ သတ္တဝါများ အားလုံးရဲ့ အကျိုးကို ထမ်းဆောင်နိုင်တဲ့ လူသားကောင်းတွေဖြစ်လာမှာပါ။ ပြီးပြည့်စုံတဲ့ လူသားကောင်းတွေ ဖြစ်လာမှာပါ။ ဒီလိုဖြစ်လာပြီဆိုရင် ကျွန်မတို့နိုင်ငံ တိုးတက်မယ် ဆိုတာကိုတော့ အထူးတလည် ပြောစရာမလိုပါဘူး။ ကျွန်မတို့ နိုင်ငံက နေပြီး ကမ္ဘာကြီး ပိုပြီးချမ်းမြေ့ရေး၊ ငြိမ်းချမ်းရေး၊ တိုးတက်ရေးအတွက်လည်း အများကြီးအားတွေ ပေးနိုင်မယ်ဆိုတာ ယုံကြည်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ လူငယ်ဆိုင်ရာ အဖွဲ့အစည်းများမှ လူငယ်များနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က China -Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲ၌ ပထမဆုရရှိသည့် တောင်ကြီးကွန်ပျူတာ တက္ကသိုလ်မှ မောင်တိုးတက်လင်း၊ မမျိုးဟေမန်ဦး၊ မောင်ပြည့်စုံကျော်၊ မန္တလေးနည်းပညာ တက္ကသိုလ်မှ မောင်ဇော်မင်းမင်းထွန်းနှင့် မောင်မျိုးမောင်မောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က Venture Well 2018 OPEN Minds Showcase ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီးမှ မောင်ထက်ဝေလင်း၊ မောင်ဟိန်းဒွေးစံ၊ မသီရိကိုကို၊ မဗန်လားရွတ်၊ မနှောင်းသက်ထားဝေ၊ Lancang - Mekong Youth Training Camp for Innovation and Entrepreneurship 2018 ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တက္ကသိုလ်မှ မမေမြတ်နိုး(ရေချယ်)၊ မမေသူစိုးနှင့် မမေမြတ်နိုး(Aurora)၊ China - Myanmar Contest of Innovation ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မန္တလေးကွန်ပျူတာတက္ကသိုလ်မှ မောင်သီဟနိုင်၊ မောင်ချမ်းငြိမ်းသော်နှင့် မောင်သာထက်စံ၊ China - Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲတွင် တတိယဆုရရှိသည့် မန္တလေးကွန်ပျူတာ တက္ကသိုလ်မှ မောင်စိုင်းဆိုင်းလျှန်း၊ မောင်စိုင်းညီညီထွန်းနှင့် မောင်ထက်အောင်ခန့်၊ China - Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နည်းပညာတက္ကသိုလ် ရတနာပုံဆိုက်ဘာစီးတီးမှ မောင်သက်ပိုင်မျိုး၊ မယဉ်မေအိနှင့် မဝတ်ရည်သန့်၊ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ ချက်(စ်)ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မောင်မျိုးဆန်းအောင်၊ Youth Innovation Competition on Lancang - Mekong Region's Governance and Development (YICMG) 2018 ပြိုင်ပွဲတွင် The Best Multi-National Team Award ရရှိသည့် ရန်ကုန်တက္ကသိုလ်မှ မမေမြတ်နိုး (ရေချယ်)၊ China - Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲတွင် Excellent Team Prize ရရှိသည့် မန္တလေးတက္ကသိုလ်မှ မကျော့ကျော့ခင်၊ မအိမှူးခိုင်နှင့် မဆုမြတ်နိုး၊ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ မောင်စည်သူဟန်နှင့် မောင်အောင်မင်းဟိန်း၊ China - Myanmar Innovation and Entrepreneurship Competition 2018 ပြိုင်ပွဲတွင် Excellent Team Prize ရရှိသည့် တောင်ကြီးနည်းပညာ တက္ကသိုလ်မှ မောင်မိုးကျော်ဇင်အောင်၊ မောင်နေလင်းနှင့် မောင်ပြည့်ဖြိုးဦး၊ Youth Innovation Competition on Lancang - Mekong Region's Governance and Development (YICMG) 2018 ပြိုင်ပွဲတွင် The Most Valuable Issue Award ရရှိသည့် ရန်ကုန်တက္ကသိုလ်မှ မမေမြတ်နိုး(ရေချယ်)၊ မမေသူစိုးနှင့် မမေမြတ်နိုး (Aurora)၊ The 4th ASEAN Foundation Model ASEAN Meeting 2018 တွင် Best Delegation Award ရရှိသည့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ မောင်ရှင်းသန့်ထွန်း၊ 59th International Mathematical Olympiad တွင် Honorable Mention ရရှိသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ကြသော မောင်ကျော်ထက်လင်းနှင့် မောင်ဝေယံမိုးလွင်တို့ကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို ဩဂုတ် ၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပွဲတော်တွင် အင်္ဂလိပ်စာ စွမ်းရည်ပြိုင်ပွဲများ၊ မြန်မာကျပန်းစကားပြောနှင့် ကဗျာရွတ်ပြိုင်ပွဲများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ စာအုပ်ဈေးရောင်းပွဲတော်၊ အပန်းဖြေအားကစားပြိုင်ပွဲများ၊ ပြဇာတ်ဖျော်ဖြေကပြပွဲများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် သိပ္ပံနှင့် နည်းပညာဆိုင်ရာပြခန်းများ၊ လူငယ်နှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးပြခန်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အစီအစဉ်များ၊ ကျန်းမာရေး၊ အမျိုးသမီးငယ်များ အကြမ်းဖက်မှုကင်းဝေးရေး၊ မသန်စွမ်းအမျိုးသမီးငယ်များ၏ လက်ရှိအခြေအနေတို့နှင့်စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲများ၊ မြန်မာ့အသံ ခေတ်ပေါ်တီးဝိုင်းနှင့် နိုင်ငံကျော် အဆိုတော်များ၏ ဖျော်ဖြေရေးအစီအစဉ်များကို စည်ကားသိုက်မြိုက်စွာဖြင့် ထည့်သွင်းကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✤ *ရှေ့ဖုံးမှ*

စာပေစကားဝိုင်းမှာပါဝင်တဲ့ ကျောင်းသူကျောင်းသားတွေက ဘာတွေပြင်ဆင်ခဲ့သလဲတော့မသိဘူး။ သိချင်တာက စာပေချစ်မြတ်နိုးတယ်။ ဘာဖြစ်လို့ချစ်မြတ်နိုးတာလဲ။ စာပေချစ်မြတ်နိုးတယ်ဆိုတာ တကယ်တော့စာအုပ်ချစ်မြတ်နိုးတာ။ စာပေဆိုတာ စာအုပ်နဲ့ ဆက်နွှယ်နေတယ်။ စာအုပ်မရှိဘဲနဲ့ စာပေမရှိနိုင်ဘူး။ အဲဒီတော့ ဘာဖြစ်လို့ ချစ်မြတ်နိုးလဲဆိုတာ သိချင်တယ်။ နောက်ပြီးတော့ ကိုယ့်အတွက် ဘယ်လိုအကျိုးအမြတ်ရသလဲ။ အကျိုးအမြတ်ဆိုတာ ရုပ်ပိုင်းဆိုင်ရာပြောတာ မဟုတ်ပါဘူး။ စိတ်ပိုင်းဆိုင်ရာပေါ့။ ဘယ်လိုကျေနပ်မှုပေးသလဲဆိုတာပေါ့။

နောက်တစ်ခုက ပညာရေးလောကမှာ ကျောင်းပညာ၊ တက္ကသိုလ်ပညာ၊ အဲဒီလောကမှာ ယောကျ်ားလေးတွေ ပိုမိုစိတ်ဝင်စားပြီးတော့ ပိုမိုပြီး ထွန်းတောက်အောင်လုပ်ဖို့ ဘာတွေလိုနေသလဲဆိုတာကို သိချင်တယ်။ မိန်းကလေးတွေက အားလုံးအလွတ်ကျက်တယ်။ မိန်းကလေးတွေက စကားနားထောင်ပြီးတော့ အလွတ်ကျက်ဆိုကျက်လိုက်တာပဲ။ အဲဒီတော့စာမေးပွဲမှာအမှတ်တွေအများကြီးရတယ်။ ယောကျ်ားလေးတွေက အဲဒီလိုဖြစ်တဲ့အခါကျတော့ ကျွန်မတို့ စိုးရိမ်ပူပန်တာဘာဖြစ်လာသလဲဆိုတော့ ဒီအထက်တန်းကျောင်းကို ပြီးအောင်မသင်တဲ့ ယောကျ်ားလေးနှုန်းဟာတက်လာတယ်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

တွေ ဖတ်ရင်းကတစ်ဆင့် ဝါသနာပါခဲ့ပါကြောင်း၊ ယင်းနောက် မိခင်၏ အထောက်အပံ့နှင့် စာစီစာကုံး၊ ကဗျာများဝင်ပြိုင်ပြီး၊ ထိုမှတစ်ဆင့် စာဖတ်ဝါသနာပါခဲ့တာဖြစ်ပါကြောင်း။

မဂ္ဂဇင်းများ၊ ကာတွန်းများဖတ်ရင်းနှင့် စာဖတ်ဝါသနာပါလာပါကြောင်း၊ စာဖတ်နေချိန်တွင် မိမိ၏ စိတ်အမောများပြေပြီး စာထဲတွင် စီးမျောသွားပါကြောင်း၊ ရသစာပေဝတ္ထုဖတ်ရှုသည့်အချိန်တွင် တဖြည်းဖြည်းဖတ်ရင်း ဖတ်ရင်းနှင့် ဇာတ်ရှိန်တက်သွားသည့်အခါ မိမိ၏ စိတ်များအကြောင်းအရာတွင် မျောပါသွားပါကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံရေးစာပေများဖတ်ဖြစ်ပါကြောင်း၊ နိုင်ငံရေးစာပေများ ဖတ်ရှုလေ့လာရခြင်းကို သဘောကျလာပါကြောင်း ဆွေးနွေးသည်။

**မောင်ငြိမ်းကိုလွင်**

**(အလုပ်သင်ဆရာဝန်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်)**

နိုင်ငံရေးစာပေတွေဖတ်မယ့်အစား ရသစာပေများ ပိုဖတ်သင့်သည်ဆိုသည့် အချက်ဖြစ်ပါကြောင်း၊ ဂျူး၏ "မိန်းမတစ်ယောက်ရဲ့ ဖွင့်ဟဝန်ခံချက်" ဆိုသည့် စာအုပ်သည် အချစ်ဝတ္ထုသက်သက်ဟု ထင်ကြပါကြောင်း၊ ဇာတ်လမ်းအရ ချစ်ကြသည့် သူများအနေဖြင့် တစ်ယောက်နှင့် တစ်ယောက် နားလည်မှုမရှိကြသည့်အခါ၊ တစ်ယောက်ကိုတစ်ယောက် အလျှော့ပေးဖို့ မဆုံးဖြတ်ကြသည့်အခါမှာ လမ်းခွဲရသည့် အခြေအနေ ရောက်သွားပါကြောင်း၊ ယင်းဇာတ်လမ်း၏ သင်ခန်းစာမှာ နိုင်ငံတွင် ဖြစ်ပျက်နေသည့် ငြိမ်းချမ်းရေးကိစ္စနှင့် အတူတူပင်ဖြစ်ပါကြောင်း၊ တစ်ဖက်နှင့် တစ်ဖက် လျှော့သင့်သည်များကို လျှော့ရမည်ဟုထင်ပါကြောင်း၊ ယင်းသို့ လျှော့လိုက်ခြင်းသည် အရှုံးပေးလိုက်ခြင်းမဟုတ်ပါကြောင်း၊ ရသစာပေဖတ်ရင်း လူများ၏ စိတ်ခံစား၊ လူများ၏ စိတ်နှလုံးသားကို ခံစားမိသည်ဟု ယူဆပါကြောင်း။



မောင်ကောင်းမြတ်ထက်



မခင်ရတနာထွန်း



မချိုချိုငြိမ်းသာ



မဂျေးနက်



မောင်ငြိမ်းကိုလွင်



မောင်စိုးပြည့်

**အသက်မွေးဝမ်းကျောင်းပညာကို အားပေး**

အဲဒီဟာ ကျွန်မတို့နိုင်ငံအတွက်မကောင်းဘူး။ ဒါကြောင့်မို့ ကျွန်မတို့ဟာ တက္ကသိုလ်ပညာ မသင်ရင်တောင်မှ အသက်မွေးဝမ်းကျောင်း ပညာကိုသင်စေချင်တယ်။ တကယ်တော့ ပိုပြီးတော့လည်းအားပေးချင်တယ်။ တက္ကသိုလ်ပရဝဏ်မှာ လာပြီးတော့ အသက်မွေးဝမ်းကျောင်း ပညာဘက်ကို ပိုပြီးတော့အားပေးပါတယ်ဆိုတာ ပြောတဲ့အခါကျတော့ အားမနာတမ်းပြောသလို ဖြစ်နေမှာဆိုပေမယ့် ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်အရ တစ်ကမ္ဘာလုံးရဲ့လိုအပ်ချက်အရ အသက်မွေးဝမ်းကျောင်းပညာကို ကျွန်မတို့ အားပေးရမယ်။ ဒီဟာ ဟာ ကမ္ဘာ့ရေစီးကြောင်းပဲ။

တက္ကသိုလ်ပညာဆိုတာက လက်တွေ့ကျကျ သုံးနိုင်တာရှိတယ်။ လက်တွေ့ကျကျ မသုံးနိုင်တာရှိတယ်။ ဥပမာဆိုရင် ကျွန်မသမိုင်းကို အင်မတန်စိတ်ဝင်စားတယ်။ သမိုင်းကို စိတ်ဝင်စားတယ်၊ သမိုင်းကိုမြတ်နိုးတယ်။ သို့သော်ငြားလည်း သမိုင်းဆရာ ဆရာမတွေပဲ အများကြီးမွေးထုတ်လို့ မရဘူး။ လက်တွေ့ကျကျ ကိုယ့်နိုင်ငံရဲ့စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးလိုအပ်ချက်အရ အသက်မွေးဝမ်းကျောင်း ပညာကျောင်းတွေကို အားပေးချင်တယ်။

တစ်ချိန်တည်းမှာပဲ တက္ကသိုလ်ပညာရေးကို အဆင့်မြှင့်စေချင်တယ်။ တက္ကသိုလ်ပညာရေးမှာ သုတေသနဘက်မှာ အထူးသဖြင့် ဒီနိုင်ငံက အင်မတန်မှ အားနည်းပါတယ်။ အဲဒီဘက်တွေကိုအားပေးချင်တာ။ တက္ကသိုလ်ရောက်တဲ့ကျောင်းသူကျောင်းသားတွေဆိုရင်လည်း အမျိုးသမီးတွေနဲ့ အမျိုးသားတွေမျှစေချင်တယ်။ အခုကျတော့ မိန်းကလေးတွေကများများလာပြီးတော့ ယောကျ်ားလေးတွေက တက္ကသိုလ်သွားတဲ့ နှုန်းနည်းလာတယ်။

**စိတ်လေသွားလို့ရှိရင် ဘဝမှာဆုံးရှုံးမှုဖြစ်နိုင်**

အဲဒီလိုနည်းလာလို့ အသက်မွေးဝမ်းကျောင်းပညာဘက်ကို သွားတယ်ဆိုရင်တော့ ကျေနပ်တယ်။ ဒါပေမယ့် အဲဒီလိုလည်း မဟုတ်ဘူး။ အဲဒီလိုမဟုတ်တော့ ကျောင်းဆက်မနေတဲ့ ကလေးတွေ ဘာဖြစ်သွားသလဲဆိုတာ အများကြီးစိတ်ပူရတယ်။ လက်ဖက်ရည်ဆိုင်ရောက်သွားသလား၊ လက်ဖက်ရည်ဆိုင်ဆိုရင်သိပ်မဆိုးဘူး။ လက်ဖက်ရည်ဆိုင်ကနေတစ်ဆင့် အရက်ဆိုင် ရောက်သွားသလား။ အဲဒီလိုဟာမျိုးတွေ စဉ်းစားရတယ်။ စိတ်မလေသွားစေချင်ဘူး။ လူငယ်တွေ စိတ်လေသွားလို့ရှိရင် ကျွန်မတို့နိုင်ငံအတွက် ဆုံးရှုံးမှုဖြစ်တယ်။ လူငယ်တွေအတွက်လည်း ဘဝမှာဆုံးရှုံးမှုဖြစ်နိုင်တယ်။

၃ မိနစ်ဆိုတဲ့ အင်မတန်မှ တိုတောင်းတဲ့အချိန်လေးအတွင်းမှာ ဘာဖြစ်လို့ စာပေကိုချစ်မြတ်နိုးတယ်။ စာဖတ်ခြင်းဟာကိုယ့်အတွက် ဘယ်လိုအကျိုးရှိတယ်လို့ မြင်သလဲ ကိုယ့်နိုင်ငံအတွက် ဘယ်လိုအကျိုးရှိနိုင်သလဲ။ အချိန်ရှိရင် ယောကျ်ားလေးတွေ ပိုပြီးတော့ ကျောင်းပညာ၊ အတန်းပညာ၊ အသက်မွေးဝမ်းကျောင်းပဲဖြစ်ဖြစ် တက္ကသိုလ်ပဲဖြစ်ဖြစ် ပိုပြီးတော့ အဲဒီမှာ စိတ်ပါဝင်စားစွာနဲ့ သင်နိုင်အောင် ယောကျ်ားလေးတွေက မိန်းကလေးတွေလောက်မထက်မြက်လို့ မဟုတ်ဘူးနော်။ စိတ်ပါဝင်စားမှုနည်းလို့ မိန်းကလေးတွေလောက်အမှတ်မများတာပေါ့။ အလွတ်ကျက်တာကိုသိပ်ဝါသနာမပါလို့ပေါ့၊ အလွတ်ကျက်တယ်ဆိုတာကလည်း ဒီစနစ်ကိုတော့ ပြောင်းရမယ်။ အလွတ်ကျက်ပြီးမှ အမှတ်ရတယ်ဆိုတဲ့စနစ်ကိုပြောင်းရမယ်။ ကိုယ့်အတွေးအခေါ်ကို ကိုယ်သုံးပိုင်ခွင့်ပေးတဲ့ စနစ်မျိုးကို ပြုစုပျိုးထောင်ရမယ်"ဟု ပြောကြားသည်။

**မောင်ကောင်းမြတ်ထက်**

**(ဒုတိယနှစ် ကိုရီးယားဘာသာ၊ မန္တလေး နိုင်ငံခြားဘာသာတက္ကသိုလ်)**

စာဖတ်ဝါသနာကို ငယ်ငယ်လေးကတည်းက ပုံပြင်စာအုပ်တွေ၊ ကာတွန်းစာအုပ်

မိမိအနေဖြင့် ဆရာကြီးမြသန်းတင့်၏ ခားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်ဆိုသည့်စာအုပ်ကို ဖတ်ခဲ့ပါကြောင်း၊ ထိုစာအုပ်သည် မိမိ၏အတွေးကို ပြောင်းလဲပေးနိုင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပါကြောင်း၊ ထိုစာအုပ်သည် လူငယ်များ၏အားမာန်၊ လူငယ်များ၏တက်ကြွမှုများကို ပြသထားသည့် စာအုပ်ဖြစ်ပါကြောင်း၊ ဆယ်ကျော်သက်လူငယ်များ၏ တန်ဖိုးကိုလည်း ပြသထားပါကြောင်း၊ ထိုစာအုပ်ကို ဖတ်ခြင်းအားဖြင့် လူငယ်နှင့် လူကြီးကြားတွင် ဖြစ်တတ်သည့်ပြဿနာများကိုလည်းတွေ့ရပါကြောင်း၊ လူငယ်များ၏အမြင်နှင့် လူကြီးများ၏အမြင် မတူသည့်အခါ ဖြစ်ပေါ်လာသည့်ပြဿနာများကို တွေ့ရပါကြောင်း။

ယင်းပြဿနာများကို မည်သို့ဖြေရှင်းသင့်သည်၊ လူငယ်တွေဘက်က မည်သို့တွေးသင့်သည်၊ လူကြီးများရှုထောင့်က မည်သို့ကြည့်ကြမည်ဆိုသည်ကို ယင်းစာအုပ်က ပြသထားပါကြောင်း၊ ယင်းစာအုပ်သည် လူငယ်များ၏ အတွေးအခေါ်များကို ပြောင်းပေးနိုင်ပါကြောင်း၊ စာအုပ်တစ်အုပ် ဖတ်နေသည့်အချိန်တွင် ဘဝအမောများ မရှိတော့ဘဲ စာအုပ်ထဲတွင်စီးမျောရင်း စာအုပ်ကပေးချင်သည့် ရသကိုရပါကြောင်း၊ စာအုပ်ကပေးချင်သည့် သတင်းစကားကိုလည်းရပါကြောင်း၊ ထို့ကြောင့် စာအုပ်ဖတ်ရခြင်းကို ချစ်ခင်မြတ်နိုးပါကြောင်း ဆွေးနွေးသည်။

**မခင်ရတနာထွန်း**

**(စတုတ္ထနှစ် အီလက်ထရွန်နစ်အင်ဂျင်နီယာ ၊ နည်းပညာတက္ကသိုလ်-မန္တလေး)**

မိမိအနေဖြင့် ရသစာပေနှင့် သုတစာပေတွင် ရသစာပေကို ပိုပြီးကြိုက်နှစ်သက်ပါကြောင်း၊ ငယ်ငယ်ကတည်းက စာဖတ်ခဲ့ပါကြောင်း၊ အခုထိလည်း အချိန်အားရင်စာဖတ်ပါကြောင်း၊ အကြိုက်ဆုံးစာရေးဆရာများစွာရှိပါကြောင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၏စာအုပ်များကို ပထမဦးဆုံးဖတ်ခဲ့ပါကြောင်း၊ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ နွေကန္တာဦးဝတ္ထုကို ကြေးမုံသတင်းစာတွင် တစ်ရက်တစ်ပိုင်းပါသည်မှ အစပြု၍ ဝတ္ထုစပြီးဖတ်ခဲ့ပါကြောင်း၊ မိမိအနေဖြင့် ခေတ်စနစ်နှင့် လူ့သဘောများကို ဖော်ပြသည့် ဝတ္ထုများ ဖတ်ရသည်ကို အကြိုက်ဆုံးဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မချိုချိုငြိမ်းသာ**

**(တတိယနှစ် ဆေးဘက်ဆိုင်ရာခန္ဓာသန့်စွမ်းမှုနည်းပညာ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်)**

ငယ်ငယ်လေးကတည်းက စာဖတ်ခဲ့ပါကြောင်း၊ ငယ်ငယ်ကတည်းက အထိမ်းအမှတ်ပြိုင်ပွဲများ၊ စာစီစာကုံးပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ ပြိုင်ရန်အတွက် စာကိုကြိုပြီးဖတ်လေ့ရှိခဲ့ပါကြောင်း၊ ဆယ်တန်းအောင်ပြီးသည့်အခါ စာကိုဖတ်ရမည်ဆိုသည့် အသိရောက်ခဲ့ပါကြောင်း၊ စပြီးဖတ်ခဲ့သည့်စာအုပ်မှာ ဆရာချစ်ဦးညို၏ လက်ာဒီပ ချစ်သူစာအုပ်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်ကိုဖတ်ပြီး ဆရာ၏ မတူညီသည့် အမြင်တစ်ခုကို ရခဲ့ပါကြောင်း၊ စာအုပ်ဖတ်ပြီးသည့်အခါ ဆရာ၏စာပေအပေါ် သီဖွဲ့ပုံနှင့် စိတ်ကူးများကိုကြိုက်ခဲ့ပါကြောင်း။

အသက် ၁၈ နှစ်ကျော်လာသည့်အခါ ဆရာမဂျူး၏စာများကို ဖတ်ဖြစ်လာပါကြောင်း၊ မိန်းကလေးတစ်ယောက်တွင်ရှိသင့်သည့် စိတ်ဓာတ်ခွန်အားများကို ရလာခဲ့ပါကြောင်း၊ ဦးနှောက်ဖြင့်စဉ်းစားခြင်းနှင့် နှလုံးသားဖြင့်ဆုံးဖြတ်ခြင်းသည် မည်သည့် အရာက ပိုပြီးအဆင်ပြေမည်ဆိုသည်ကို လေ့လာလိုပါကြောင်း ဆွေးနွေးသည်။

**မဂျေးနက်**

**(ဒုတိယနှစ် ဂုဏ်ထူးတန်း နိုင်ငံတကာဆက်ဆံရေး၊ ရတနာပုံတက္ကသိုလ်)**

စာဖတ်ဝါသနာကို ကိုးတန်းနောက်ပိုင်းမှ ဝါသနာပါလာခြင်းဖြစ်ကြောင်း၊ မူဆယ်မြို့အထက - (၁) ၌ စာကြည့်တိုက်စတင်လာဖွင့်သည့်အချိန် စာကြည့်တိုက်တွင်

နောက်တစ်ခုပြောကြားလိုသည်မှာ စာစီစာကုံး ကိစ္စဖြစ်ပါကြောင်း၊ ကလေးများက စာစီစာကုံး(၇)အုပ်၊ (၈)အုပ်ကိုဝယ်လာပါကြောင်း၊ ဝယ်ပြီး ဖြတ်ညှပ်ကတ်လုပ်ကြပါကြောင်း။

စု၊ တု၊ ပြု ဆိုတာရှိပါကြောင်း၊ စုတာ ပြုတာကောင်းပါကြောင်း၊ စု၊ တု၊ ဖန်တီးပါမှ ကလေးများသည် အတွေးအမြင်သစ်များ ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့ဖြစ်စေချင်သည်မှာ ငယ်ဘဝကတည်းက ကလေးများကို အမူကျင့်ကောင်းများ လုပ်ရန်ဆိုပါက စာစီစာကုံးက အခြေခံရမည် ဖြစ်ပါကြောင်း၊ စာစီစာကုံးကို မိမိ Level နှင့်ကိုက်သည့် စာစီစာကုံးများ ရေးနိုင်မည်ဆိုပါက ကလေးများအတွက်၊ မြန်မာစာအတွက် ကောင်းမွန်ပြီး ၎င်းတို့၏ အတွေးအခေါ်အပိုင်းလည်း ပိုထက်မြက်မည်ဟု ထင်မိပါကြောင်း ဆွေးနွေးသည်။

**မောင်စိုးပြည့်**

**(တတိယနှစ် ဂုဏ်ထူးတန်း နိုင်ငံတကာဆက်ဆံရေး၊ ရတနာပုံတက္ကသိုလ်)**

စာဖတ်ရခြင်းကို ကြိုက်နှစ်သက်ခြင်းမှာစာဖတ်ခြင်းဖြင့် မိမိဘဝတစ်ခုလုံးကို ပြောင်းလဲစေခဲ့၍ ဖြစ်ပါကြောင်း၊ မိမိသည် ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်မှ ရွာလေးတစ်ရွာမှ ကျောင်းတက်ရပါကြောင်း၊ ကျေးရွာတွင် စာကြည့်တိုက်ငယ်လေးတစ်ခုရှိပြီး စာအုပ်များ မပြည့်စုံသော်လည်း ကာတွန်းစာအုပ်၊ ဝတ္ထုစာအုပ် တော်တော်များများ ရှိပါကြောင်း၊ မိမိ၏ ဖခင်သည် ၂၀၀၈ ခုနှစ်တွင် ဆုံးသွားသည့်နောက်ပိုင်း စာအုပ်များကို ပိုဖတ်ဖြစ်ခဲ့ပါကြောင်း၊အကြိုက်ဆုံးစာအုပ်မှာ ဆရာမြသန်းတင့်၏ ခားတောင်ကို ကျော်၍ မီးပင်လယ်ကိုဖြတ်မည်ဆိုသည့် စာအုပ်ကိုဖတ်ပြီးအခက်အခဲကြုံတိုင်း ယင်းစာအုပ်ကို ဖတ်ပြီး ဘဝကို ရှေ့ဆက်ခဲ့ပါကြောင်း။

ဆရာမြသန်းတင့်၏စာအုပ်တွင် ပင်လယ်ပြင်တွင် ကြုံတွေ့ခဲ့ရသည့် ပြဿနာများကို အခြေခံပြီး ခားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်မည်ဆိုသည့်စာအုပ်ကို ရေးထားခြင်းဖြစ်ပါကြောင်း၊ ၎င်းတို့၏ ဘဝနှင့်ရင်းပြီးတွေ့ကြုံခဲ့ရသည့် ခံစားချက်များကိုဖတ်ရှုပြီး ဘဝတွင် ကြုံတွေ့ခဲ့ရသည့် ပြဿနာများကို ယင်းအတွေ့အကြုံများနှင့် နှိုင်းယှဉ်ပြီး မိမိတို့ဘဝတွင် မည်သို့ကောင်းအောင်ရှေ့ဆက်မည်ဆိုသည့်အတွေးများ ရပြီး စာဖတ်ရတာကိုပိုပြီးတော့ နှစ်သက်လာပါကြောင်း ဆွေးနွေးသည်။

**မောင်စိုင်းပန့်နော်ဆိုင်**

**(ဒုတိယနှစ် ကွန်ပျူတာနည်းပညာ၊ မန္တလေးကွန်ပျူတာတက္ကသိုလ်)**

စာပေဖတ်ခြင်းအားဖြင့်အသိပညာ၊ အတတ်ပညာများ များစွာပေးစွမ်းနိုင်ပါကြောင်း၊ မိမိတို့လိုအပ်သည့် အသိပညာများကို စာအုပ်များတွင် ရှာ၍ရနိုင်ပါကြောင်း၊ ဘဝအတွက် စာအုပ်များမှနေ၍ ဆက်လျှောက်သွားမည့် Motivation များကိုလည်း ပေးပါကြောင်း၊ လူငယ်များအားလုံးလည်း စာဖတ်သင့်ပါကြောင်း၊ မိမိတို့ မျိုးဆက်တွင် ဖြစ်နေသည့် ပြဿနာတစ်ခုမှာ Digital Device ၊ Mobile Device များ ပေါ်လာသည့်အခါ ဖတ်နိုင်သည့် အရင်းအမြစ်များ ပေါပေါများများ ရနိုင်လာပါကြောင်း၊ ထို့ကြောင့် စာဖတ်သည့်အင်အား နည်းနည်းလျော့သွားစေသည်ဟု မြင်မိပါကြောင်း၊ မိမိအနေဖြင့် သုတစာပေများဖတ်ပါကြောင်း။

နိုင်ငံတော်တည်ဆောက်ရာတွင် အတတ်ပညာ လိုအပ်ပါကြောင်း၊ လိုအပ်သည့် အရာကို စာအုပ်များမှ ရနိုင်ပါကြောင်း၊ဆရာကြီး မြသန်းတင့်သည် မိမိတို့နိုင်ငံနှင့် ကိုက်ညီမည့် အကြောင်းများကို ဘာသာပြန်ပေးနိုင်ပါကြောင်း၊ နိုင်ငံတွင်ရှိသည့်ပညာရှင်များကို အကြံပေးလိုသည်မှာ မိမိတို့လူငယ်များအတွက် သုတစာပေများ ရေးပေးရန် အကြံပြုပါကြောင်း။

*စာမျက်နှာ ၈ သို့*



မောင်စိုင်းပန့်နော်ဆိုင်



မစုမြတ်ဝတီအောင်



မဆောင်းမွန်မွန်ကို



မနန္ဒာလမင်းအေး



မပပလင်း



မပန်ဆုပြည့်အိမ်

*စာမျက်နှာ ၇ မှ*

မိမိသည် ကဗျာကို အလွန်စိတ်ဝင်စားပါကြောင်း၊ ကျောင်းများတွင် ကဗျာကို အလွတ်ကျက်ခိုင်းကြပါကြောင်း၊ ထိုသို့ အလွတ်ကျက်ခြင်းသည် ကဗျာ၏ ခံစားမှု၊ ကဗျာ၏ ရသမပေါ်လွင်ဟု မြင်မိပါကြောင်း ဆွေးနွေးသည်။

**မစုမြတ်ဝတီအောင်**

**(စတုတ္ထနှစ် အင်္ဂလိပ်စာ၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်)**

စာဖတ်ရာတွင် ရသစာပေကို ပိုပြီးဖတ်ဖြစ်ပါကြောင်း၊ ဆရာမ မစန္ဒာ၏ ဘဝ အိပ်မက်ပန်းအိပ်မက်ဆိုသည့်စာအုပ်ကို ဖတ်လိုက်ရာတွင် မိမိခံယူချက် လုံးဝကိုပြောင်းသွားပါကြောင်း၊ ယင်းစာအုပ်တွင် သားသမီးများ နိုင်ငံခြားကိုထွက်သွားသဖြင့် အထီးကျန်ဆန်နေရသည့် ဦးဘပွား၏ အကြောင်းကို ရေးသားထားပါကြောင်း၊ လူကြီးတစ်ယောက်ခံစားရသည့် အထီးကျန်မှုကို လုံးဝခံစားနိုင်ပါကြောင်း၊ ဒါကို ရသ စာပေကသာ လုပ်နိုင်သည်ဟု ထင်ပါကြောင်း။

ယင်းစာအုပ်သည် မိမိအတွေးအခေါ်ကို လုံးဝပြောင်းလဲသွားစေပါကြောင်း၊ လူကြီးများ၏ အထီးကျန်မှုကို စာနာသွားနိုင်ပြီး မိမိ၏ဘေးတွင် တန်ဖိုးထားရမည့်သူများကိုလည်း တန်ဖိုးထားရကောင်းမှန်း သိလာပါကြောင်း၊ မိမိဘဝ၏ အတွေးအခေါ် တော်တော်များများကို ရသစာပေများက ပြောင်းလဲပေးနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ရသစာပေသည် အရေးပါသည်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

**မဆောင်းမွန်မွန်ကို**

**(အီလက်ထရွန်နစ် အင်ဂျင်နီယာ၊ မန္တလေးနည်းပညာတက္ကသိုလ်)**

ငယ်ငယ်ကတည်းက မိခင်က ရုပ်ပြစာအုပ်များဝယ်ပေးသည့်အတွက် စာဖတ်သည့် အကျင့်ရလာပါကြောင်း၊ စာအုပ်ကို လွန်စွာမြတ်နိုးပါကြောင်း၊ အခုအချိန်တွင် အမြဲတမ်းမိမိနှင့်အတူ စာအုပ်တစ်အုပ် အမြဲတမ်းပါကြောင်း၊ အားလပ်သည့် အချိန်များတွင် ယင်းစာအုပ်များကို ဖတ်ဖြစ်ပါကြောင်း၊ ကြီးလာသည့်အခါ အတ္ထုပ္ပတ္တိများကို ဖတ်ဖြစ်ပါကြောင်း၊ အတ္ထုပ္ပတ္တိများကို ဖတ်ခြင်းအားဖြင့် လူအမျိုးမျိုး၏အကြောင်း အရာကို ကိုယ်ကသိရပြီး သင်ခန်းစာ အများကြီးရပါကြောင်း၊ လူငယ်များအနေဖြင့် ကိုယ့်လိုအင်ဆန္ဒ၊ ရည်ရွယ်ချက်များကို မိမိကသာလျှင် အဓိက ဇာတ်ဆောင်အနေဖြင့် ဖော်ကျူးနိုင်ရမည်ဖြစ်ပါကြောင်း။

မိမိအနေဖြင့် စာပေကိုဖတ်ရင်း မိမိ၏ နှလုံးသားအာဟာရကို ဖြည့်စွက်ရင်းနှင့် မိမိ၏ ဦးနှောက်ကိုလည်း လေ့ကျင့်ခန်းလုပ်နေသည်ဟု ခံစားရပါကြောင်း၊ ယင်းအချိန်တွင် စာဖတ်ခြင်းကို တော်တော်နှစ်ခြိုက်လာပြီး အမြဲတမ်း အားလပ်အချိန်တိုင်း စာဖတ်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**မနန္ဒာလမင်းအေး**

**(ကွန်ပျူတာသိပ္ပံအင်ဂျင်နီယာ၊ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်)**

ငယ်ငယ်တုန်းက အထက်တန်းကျောင်းများတွင် ယောကျ်ားလေးတော်တော်များများသည် ကျောင်းစာတွင် တော်ကြပါကြောင်း၊ တက္ကသိုလ်ရောက်သည့်အခါတွင် ပြောင်းလဲသွားကြပါကြောင်း၊ မိဘ၏ ထိန်းချုပ်မှုအောက်မှ လွတ်ထွက်သွားသလို ဖြစ်သွားကြပါကြောင်း၊ ၎င်းတို့မှာ ကျောင်းစာအပြင် ဂိမ်းဆိုင်များသို့ သွားကြသည်ကို မြင်ပါကြောင်း၊ ယောကျ်ားလေး ၁၀ ယောက်တွင် ၈ ယောက်လောက်မှာ ဂိမ်းများကို မစား မသောက်ဘဲ မအိပ်ဘဲဆော့ကြပါကြောင်း၊ သူတို့၏ ကျောင်းစာများ လစ်ဟင်းလာပါကြောင်း၊ ၎င်းတို့၏ မြင့်မားသည့် တွေးခေါ်မှုများကိုလည်း ဆုံးရှုံးစေပါကြောင်း။

၎င်းတို့အနေဖြင့် ဂိမ်းဆိုင်သို့မသွားဘဲ စာကြည့်တိုက်များသို့သွားခဲ့မည်ဆိုပါက အခွင့်အလမ်းများ ပိုမိုများလာပြီး မိဘများကလည်း စိတ်ကျေနပ်မှုရလာမည်ဟု ထင်ပါကြောင်း၊ ဆရာကြီး မြသန်းတင့်ရေးထားသည့် လေလွင့်သူဆိုသည့် စာအုပ်ကို ဖတ်ကြည့်ရန် ပြောချင်ပါကြောင်း။

အဓိကအားဖြင့် ယောကျ်ားလေးများ ကျောင်းစာတွင် မတော်သည်မှာ စာကြည့်တိုက် မသွားဘဲ ဂိမ်းဆိုင်များသို့ သွားခြင်းကြောင့်ဟု မြင်ပါကြောင်း၊ ဂိမ်းဆိုင်များကို အခွန်အခများစွာကောက်ပြီး ထိန်းချုပ်သင့်သည်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

**မပပလင်း**

**(တတိယနှစ် ဆေးဝါးသိပ္ပံပညာ၊ ဆေးဝါးတက္ကသိုလ်)**

ဆရာတစ်ဦးကပြောပါကြောင်း၊ လူတစ်ယောက်အသက်ရှင်ရန် နှလုံးသားနှင့် ဦးနှောက်သည် Balance ညီရမည်ဖြစ်ပြီး ဦးနှောက်သေသွားပါက အလိုလို နှလုံးခုန်နှုန်းက ရပ်တန့်သွားပြီး နှလုံးသားကရှင်သန်သော်လည်း ဦးနှောက်ကသေသွားပြီဆိုပါက လူတစ်ယောက်သည် ကောင်းကောင်းမရှင်သန်နိုင်ပါကြောင်း၊ လောကကြီးတွင် အသက်ရှင်နေထိုင်နိုင်ရေး နှလုံးသားအတွက် ရသစာပေ၊ ဦးနှောက်အတွက် သုတစာပေ နှစ်ခုစလုံး လိုအပ်သည်ကို ဆွေးနွေးချင်ပါကြောင်း။

ရသစာပေသည် လူတစ်ယောက်ကို ကြီးမြတ်စေနိုင်ပြီး နှလုံးသားကို နူးညံ့စေနိုင်ပါကြောင်း၊ ရလဒ်အနေဖြင့် နိုင်ငံတွင် မှုခင်းဖြစ်ပွားမှု ပြဿနာများလျော့နည်းနိုင်သည်ဟု ယုံကြည်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးက မှုခင်းပြဿနာများကို နည်းနိုင်သမျှနည်းအောင် ကုသပေးသည်ဆိုပါက ရသစာပေဖွံ့ဖြိုးတိုးတက်အောင် လုပ်ခြင်းသည် လူတစ်ယောက်၏ နှလုံးသားကို အစကတည်းက မကောင်းတာ မလုပ်မိအောင်၊ နူးညံ့အောင် သင်ကြားပေးလိုက်ခြင်းဖြစ်ပါကြောင်း၊ အေးချမ်းသာယာရန် ထိုထက်မက ငြိမ်းချမ်းရန်အတွက် ရသစာပေဖွံ့ဖြိုးမှုသည် အရေးကြီးသည့် အခန်းကဏ္ဍက ပါဝင်သည်ဟု မြင်ပါကြောင်း ဆွေးနွေးသည်။

**မပန်ဆုပြည့်အိမ်**

**(မဟာအရည်အချင်းစစ် နိုင်ငံရေးသိပ္ပံအထူးပြု၊ မန္တလေးတက္ကသိုလ်)**

ဆရာကြီးပါရဂူ၏ ဝေသာလီစာအုပ်သည် တရားဓမ္မ၏ အနှစ်သာရများကို သီကုံးရေးဖွဲ့ထားပါကြောင်း၊ နောက် ဖခင်တစ်ယောက်၏ မေတ္တာတရားကိုလည်း ခံစားရပါကြောင်း၊ နိုင်ငံကြီးနှစ်ခု၏ စနစ်နှစ်ခုကို နှိုင်းယှဉ်ရေးထားသည့်အတွက် နိုင်ငံရေးစနစ်၏ အခြေခံသဘောတရားများကို ကောင်းကောင်းမွန်မွန်နားလည်စေသည့် စာအုပ်ဖြစ်သည့်အတွက် ရင်ထဲတွင် ကျန်ခဲ့သည့် စာအုပ်တစ်အုပ်ဖြစ်ပါကြောင်း၊ နိုင်ငံတစ်ခုဖြစ်သည့် ဝေသာလီနိုင်ငံသည် ဂဏအုပ်ချုပ်ရေးဟုခေါ်သည့် ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ပုံစံမျိုး ကျင့်သုံးပါကြောင်း။

မာဂရပြည်သည် ပဒေသရာဇ်စနစ်ကို ကျင့်သုံးပါကြောင်း၊ ယင်းစနစ်နှစ်ခုတွင် အားလုံးအတွက် စံပြဖြစ်သည့်စနစ်က ဝေသာလီနိုင်ငံ၏ ဂဏအုပ်ချုပ်ရေးစနစ်ဖြစ်ပါကြောင်း၊ ပြည်သူဆိုတာလည်းမရှိ၊ အစိုးရဆိုတာလည်းမရှိ၊ အားလုံးကပြည်သူ၊ အားလုံးက အစိုးရဖြစ်ပါကြောင်း၊ ယင်းနိုင်ငံအတွင်းရှိ သူတွေအားလုံး မကြာခဏ စည်းဝေးတိုင်ပင်ပြီး ညီညီနှိုင်းနှိုင်း ဆောင်ရွက်ကြပါကြောင်း။

အများသဘောတူထားသည့် ဆန္ဒကို အနည်းစုက မကြိုက်သော်လည်း အားလုံး တက်ညီ လက်ညီ၊ တာဝန်သိနိုင်ငံသားများအနေဖြင့် လုပ်ဆောင်ကြပါကြောင်း၊ ဝေသာလီနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် ခိုင်ခံ့ကောင်းမွန်သည့်အတွက် အင်အားကြီးနိုင်ငံ မာဂရက ဘယ်လိုပင် တိုက်ခိုက်တိုက်ခိုက် မအောင်မြင်ပါကြောင်း၊ ဘာကြောင့်ဆိုသော် ကောင်းမွန်သည့်နိုင်ငံရေးစနစ်၊ တာဝန်သိတတ်သည့် ပြည်သူများ၊ အကျိုးဆောင် စိတ်ရှိသည့် နိုင်ငံ့ခေါင်းဆောင်များကြောင့် ဖြစ်သည်ဆိုသည့် နိုင်ငံရေးစနစ်တစ်ခုကို သိသိသာသာမှတ်သားမိပါကြောင်း ဆွေးနွေးသည်။

**မဖြိုးဖြိုးသန္တာလွင်**

**(ဒုတိယနှစ် ဂုဏ်ထူးတန်း(ဂီတ)၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)**

ငယ်ငယ်ကစပြီး ကာတွန်း၊ ညအိပ်ရာဝင်ပုံပြင်များ ဖတ်ရာမှ စာဖတ်ဝါသနာပါခဲ့ပါကြောင်း၊ စာဖတ်ရာတွင်လည်း စိတ်ဝင်စားသည့် စာပေများကိုသာ ရွေးချယ်ပြီး ဖတ်ပါကြောင်း၊ မိမိကိုအားပေးသည့် စာအုပ်များမှာ ဆရာမိုးရှင်း၏ သူစိတ်ခတ်ကျတိုင်းဖတ်ဖို့၊ ဆရာကောင်းသန့်ရဲ့သမီးလေးဖတ်ဖို့ စာအုပ်များဖြစ်ပြီး ယင်းစာအုပ်များသည် စာပေကို ပိုပြီးချစ်မြတ်နိုးလာစေပါကြောင်း၊ စာပေဖတ်ခြင်းသည် လူများ၏ စိတ်ကို ယဉ်ကျေးအောင်ဆုံးမသွန်သင်နိုင်ပါကြောင်း၊ တစ်ယောက်ချင်းက စာပေကို ဖတ်ရှုလေ့လာကြပြီး လူအားလုံးက ၎င်းတို့၏စိတ်ကို စာပေများနှင့် ယဉ်ကျေးအောင် လုပ်ထားမည်ဆိုပါက ငြိမ်းချမ်းမှုဆိုသည်မှာ အားလုံး၏ လက်တစ်ကမ်းတွင် ရှိမည်ဟု ထင်မြင်ကြောင်း ဆွေးနွေးသည်။

**မောင်လင်းထက်လွင်**

**(နောက်ဆုံးအမ်ဘီဘီ အပိုင်း(ခ)၊ ဆေးတက္ကသိုလ်)**

မိမိသည် စာဖတ်တတ်စအရွယ်ကတည်းက စာဖတ်ဝါသနာထုံခဲ့သူမဟုတ်ပါကြောင်း၊ သို့သော် သိချင်သည့် အချက်အလက်များသိရဖို့အတွက် ခံစားသည့် အရာများ၊ ခံစားချင်သည့်အတွက် စာဖတ်ဖြစ်ပါကြောင်း၊ မိမိ၏ အသိုင်းအဝိုင်းကြောင့် ၎င်းတို့ ပြောသည့် အကြောင်းအရာများကို သိချင်ခံစားချင်ပြီး စာဖတ်ဖြစ်ပါကြောင်း၊ လက်ရှိ တက္ကသိုလ်ရောက်လာသည့် အချိန်တွင်လည်း အသိုင်းအဝိုင်းတစ်ခုတွေ့မိပါကြောင်း၊ ယင်းအသိုင်းအဝိုင်းကြောင့်လည်း စာများကိုအရင်ကထက် ပိုပြီးဖတ်ဖြစ်လာပါကြောင်း၊ စာဖတ်ဝိုင်းသာမက အခြားသောဂီတနှင့်ပတ်သက်ပြီး သီချင်းကို ဘယ်လိုမြင်သည်၊ ဘယ်လိုကောင်းသည် ဆိုသည်ကို ပြန်ဆွေးနွေးသည့်အသိုင်းအဝိုင်းလေးတစ်ခုဖြစ်ပါကြောင်း။

မေတ္တာရပ်ခံလိုသည်မှာ ကျောင်းတိုင်း ကျောင်းတိုင်းတွင် အသိုင်းအဝိုင်းများပိုပြီး အားကောင်းလာအောင်၊ ဝါသနာတူရာ စုဖွဲ့ထားသည့် အစုအဖွဲ့များ၊ ကျောင်းသားများ ကိုယ်တိုင်ဦးဆောင်နေသည့် အစုအဖွဲ့များ ပိုပြီးအားကောင်းလာအောင် လုပ်စေလိုပါကြောင်း၊ နောက်တစ်ခုမှာ ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများကို ကျောင်းတာဝန်ရှိသူများ၊ အစိုးရတာဝန်ရှိသူများအနေဖြင့် အသိုက်အဝန်းများကို ပိုပြီးတော့ အားကောင်းလာအောင် မြေတောင်မြှောက်ပေးသင့်ပါကြောင်း ဆွေးနွေးသည်။

**“ပညာရေးစနစ်ကို ပြုစုပျိုးထောင်တယ်။ ပြောင်းလဲအောင်လုပ်တယ်ဆိုတာ တော်တော်မှ ခက်ပါတယ်။ နေ့ချင်းညချင်းပြောင်းလို့မရဘူး။ ဆရာ ဆရာမတွေရဲ့ အရည်အချင်းကိုလည်း ပြန်မြှင့်တင်ပေးရမယ်။ ကလေးတွေရဲ့စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရမယ်။ မိဘတွေရဲ့စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရမယ်”**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်**

**မောင်ဝင်းသီဟ**

**(တတိယနှစ် သူနာပြုသိပ္ပံဘွဲ့(ပုံမှန်)၊ သူနာပြုတက္ကသိုလ်)**

မိမိသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ကျေးရွာတစ်ရွာမှ ကျောင်းသားတစ်ယောက်ဖြစ်ပါကြောင်း၊ ကျေးရွာဖြစ်သည့်အတွက် စာအုပ်ရရှိရန် ခက်ခဲပါကြောင်း၊ သို့သော် ရသမျှစာအုပ်များ အားလုံးကို ဖတ်ရှုခဲ့ပါကြောင်း၊ ကိုးတန်း၊ ဆယ်တန်းရောက်ရှိသည့်အခါ ကဗျာများ စတင်ဖတ်ရှုပါကြောင်း၊ ထိုအချိန်မှစ၍ ယခုတက္ကသိုလ်ရောက်သည့် အချိန်အထိ ကဗျာများ၊ ကဗျာဆိုင်ရာအရေးအသားများကို စွဲစွဲလမ်းလမ်းဖတ်ရှုဖြစ်ပါကြောင်း။

ကဗျာနှင့်ပတ်သက်၍ ဆွေးနွေးလိုပါကြောင်း၊ အခြေခံပညာ၊ အဆင့်မြင့်ပညာ မြန်မာစာအုပ်များတွင် ဆုံးမစာကဗျာများမှစ၍ ရတုတေးထပ်အထိ ကဗျာမျိုးစုံပါဝင်ပါကြောင်း၊ ကဗျာများစွာ သင်ယူကျက်မှတ်ခဲ့ရပါကြောင်း၊ ယခုခေတ်တွင် ဖွံ့ဖြိုးနေသည့် မော်ဒန်ခေါ် ခေတ်ပေါ်ကဗျာများအား မိမိတို့ကျောင်းသားများအနေဖြင့် သင်ယူရန် မထိုက်တန်ဘူးလားဆိုသည်ကို သိလိုပါကြောင်း။

ယခင်ကဗျာများကို ဖြုတ်ပစ်ရမည်ဟု မဆိုလိုပါကြောင်း၊ မထည့်သင့်ဘူးဟူ၍လည်း မဆိုလိုပါကြောင်း၊ မိမိတို့၏ခေတ်ကာလအခြေအနေကို လူငယ်များ၏ ပစ္စုပ္ပန်ကာလအမြင်ဖြင့် တွေ့မြင်ရမည်ဟု ဆိုလိုခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို လက်ရှိအမြင်ဖြင့် ကင်းကွာအောင် မလုပ်သင့်ဟု ထင်မြင်မိပါကြောင်း ဆွေးနွေးသည်။

**မောင်သန့်ဇင်**

**(ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု၊ မန္တလေးတက္ကသိုလ်)**

မိမိအနေဖြင့် ဆရာတက်တိုး၏ ဆောင်းပါးတစ်ပုဒ်ကို ဆွေးနွေးလိုပါကြောင်း၊ ဆောင်းပါးတွင် အသက်လေးဆယ်အရွယ် သားတစ်ယောက်နှင့် နာမကျန်းဖြစ်နေသည့် ဖခင်တစ်ယောက်ရှိပြီး ဖခင်သေဆုံးခါနီးမှ သူနာပြုတစ်ယောက်ခေါ်ယူ၍ ဖခင်အား ပြုစုနိုင်ခဲ့ပါကြောင်း၊ သို့သော် သူနာပြုခေါ်ယူပြီး လေး၊ ငါးရက်အကြာ ဖခင်သေဆုံးသွားပြီး ဖခင်၏ ဈာပနအတွက် သောကမရောက်ရဘဲ ဆေးဖိုးအတွက် သောကရောက်နေရပါကြောင်း၊ ဖခင်အတွက် မပူပင်ဘဲ ပိုက်ဆံအတွက် ပူပင်နေသည့်သားကို အပြစ်တင်ရ မလား၊ လေး၊ ငါးရက်နေပြီး သေဆုံးသွားသည့်ဖခင်ကို အပြစ်တင်ရမလားစသည်ဖြင့် ရှုထောင့်များကွဲသွားပါကြောင်း၊ ထိုအရာကို ဖတ်ရှု၍ အကြောင်းအရာတစ်ခုကိုတွေးသည့်အခါ ရှုထောင့်ပေါင်းစုံမှ စဉ်းစားတွေးခေါ်သင့်သည်ဆိုသည့် အသိပညာကို ရရှိခဲ့ပါကြောင်း၊ ဆရာ တက်တိုးရေးသားသကဲ့သို့ အိပ်စက်ခြင်း၏ အရသာကို နိုးမှ သိသလို၊ စာအုပ်တစ်အုပ်၏ အရသာကို စာဖတ်ပြီးမှ သိရှိပါကြောင်း၊ စာအုပ်တစ်အုပ်၏ အရသာကို သိရှိရန် စာဖတ်ပြီးသည့်အခါ တွေးတောခြင်းကို ဆောင်ရွက်ကြရန် အကြံပေးလိုပါကြောင်း ဆွေးနွေးသည်။

**မောင်အောင်ကောင်းမြတ်ထွန်း**

**(ပထမနှစ် ဆေးဝါးသိပ္ပံပညာအထူးပြု၊ ဆေးဝါးတက္ကသိုလ်)**

ဆဋ္ဌမတန်းတွင်ပါရှိသည့် ထိပ်ဆုံးသို့ဆိုသည့် ကဗျာက မိမိ၏ စိတ်အာဟာရကို ပေးစွမ်းခြင်း ဖြစ်ပါကြောင်း၊ ယင်းကဗျာသည် ဘယ်လောက်ပင် ကျရှုံး၊ ကျရှုံး တစ်နေ့ ထိပ်ဆုံးသို့ ရောက်မည်ဆိုသည့်ပတ်ဝန်းကျင်တွင်ရှိသည့် အနေအထားအားလုံးကို ခြုံရုံပြီး မိမိတို့ကို အကောင်းဆုံး ကြိုးစားရမည်ဆိုသည့်အသိရစေပြီး စာစပြီးဖတ်ရန် ခွန်အားပေးခဲ့တာ ဖြစ်ပါကြောင်း၊ ဆရာချစ်ဦးညိုရေးသားသည့် လက်ာဒီပချစ်သူ ဆိုသည့် စာအုပ်သည် မိမိ၏ အမြင်အားလုံးကို ပြောင်းလဲစေခဲ့ပါကြောင်း။

ဆရာဖေမြင့်ရေးသားသည့် မည်သို့ပင်ဖြစ်စေ ဆိုသည့် စာအုပ်တွင် ကိုယ်ရှိသည့် အခြေအနေမှာပင် အကောင်းဆုံးနားလည်လက်ခံပြီး အကောင်းဆုံးကြိုးစားပါဆိုသည့်စကားကို အကြိုက်ဆုံးဖြစ်ပါကြောင်း၊ ဘယ်လောက်ပင် ကျရှုံးခဲ့၊ ကျရှုံးခဲ့ နောက်တစ်ကြိမ် အကောင်းဆုံးကြိုးစားမည်ဆိုသည့် စကားကို ဆရာကြီးက အကောင်းဆုံး ခွန်အားပေးပြီး ရေးသားခဲ့သည့်အတွက် မိမိကို ရသများစွာ ပေးစွမ်းနိုင်မည့် စာအုပ်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

*စာမျက်နှာ ၉ သို့*


မဖြိုးဖြိုးသန္တာလွင်


မောင်လင်းထက်လွင်


မောင်ဝင်းသီဟ


မောင်သန့်ဇင်


မောင်အောင်ကောင်းမြတ်ထွန်း


မောင်အောင်ခန့်ဇော်

*စာမျက်နှာ ၈ မှ*

**မောင်အောင်ခန့်ဇော်**

**(ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ၊ မန္တလေးနည်းပညာတက္ကသိုလ်)**

ရသစာပေအပေါ်တွင် မိမိ၏အမြင်သည် မိမိတို့၏ စိတ်ခံစားမှု ဝမ်းနည်းခြင်း၊ ပူဆွေးခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း၊ ချစ်ခြင်းအားလုံးကို တစ်ဖက်သူရင်ထဲသို့ ရောက်သွားအောင် စာရေးသူက ရေးသည့်စာဟုမြင်ပါကြောင်း။

မျိုးဆက်သစ်များနှင့် ရေးသူများအကြား မျိုးဆက်တစ်ခုလောက် ပျက်သွားသည့်အချိန်တွင် ရေးကဖြစ်ခဲ့သည့် ဖြစ်ရပ်များအပေါ်မူတည်ပြီး သိရှိနိုင်ဖို့အတွက် သမိုင်းဆိုသည်မှာ လိုအပ်ပါကြောင်း၊ ဆရာမ မသီတာစမ်းချောင်း၏ စာအုပ်ထဲတွင် ထောင်တွင်း၌ ဝိပဿနာတရားကို မည်သို့တရားအားထုတ်ခဲ့သလဲဆိုသည်မှာ မိမိအတွက် ရသစာပေထဲကရရှိခဲ့သည့် သမိုင်းဖြစ်ပါကြောင်း၊ ဆရာမ ဂျူနီစော၏ ကျောင်းသားအရေးအခင်းကိစ္စများတွင် သူတို့ ဘယ်လိုမျိုးဆောင်ရွက်ခဲ့သလဲဆိုသည်မှာ ရသစာပေထဲကရခဲ့သည့် သမိုင်းများဟု မြင်ပါကြောင်း၊ ကဗျာသည် အကြောင်းအရာ လေးလေးနက်နက်တစ်ခုကို ပြောမည်ဆိုပါက ထိထိရောက်ရောက် ပြောလို့ရနိုင်သည့် အရာတစ်ခုဟုမြင်ပါကြောင်း၊ ခေတ်ပေါ်ကဗျာများကို ကျောင်းသင်ရိုးညွှန်းတမ်းများတွင် သင်ကြားရန်အတွက် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**မောင်အောင်မြင်သူ**

**(စတုတ္ထနှစ် ခရီးသွားလုပ်ငန်းပညာ၊ မန္တလာဒီဂရီကောလိပ်)**

ကျောင်းသားများ ကျောင်းစာပေဘက်တွင် မိန်းကလေးများထက် ဘာကြောင့် အားနည်းရသည်ကို ဆွေးနွေးလိုပါကြောင်း၊ ပထမဆုံး ပြောလိုသည်မှာ ကဗျာစာဆိုကြီးများ၊ တီထွင်သူများတွင် ယောကျ်ားလေးများက မိန်းကလေးများထက် သာပါကြောင်း၊ ယောကျ်ားလေးများ၏ မွေးကတည်းကပါလာသည့် စွမ်းရည်သည် မိန်းကလေးများထက် ကိုယ်ပိုင်တီထွင်နိုင်စွမ်း ပိုပြီးမြင့်မားပါကြောင်း၊ ယခုခေတ်တွင် ယောကျ်ားလေးများသည် ဂိမ်းကဦးစားပေးလာပါကြောင်း၊ ယခုခေတ်စားသည့် ဂိမ်းများတွင် Mission များ များပါကြောင်း၊ ဦးနှောက်ကို ပိုပြီးတော့ အသုံးချမှုတွေများပါကြောင်း၊ အဖွဲ့များနှင့် ပူးပေါင်းလုပ်ရသည့်အတွက် ဂိမ်းမှာပင် နစ်မျောသွားပါကြောင်း။

နောက်တစ်ချက်မှာ ငယ်စဉ်အခါက မိဘများသည် ကိုယ့်သားသမီး၏ အားသာချက်ကို အသုံးချနိုင်စွမ်း မပေးကြပါကြောင်း၊ ကျောင်းစာကိုသာ လုပ်ခိုင်းကြပါကြောင်း၊ ဘောလုံးကန်၊ ဘတ်စကက်ဘော ကစားချင်ကြသည့် ကျောင်းသားများ ကျောင်းစာကိုသာ ကျက်နေရပါကြောင်း၊ ကျက်ဖြေစနစ်တွေနှင့် မိဘများ၏ စွဲနေသည့်အကျင့်များကပင် ကျောင်းသားများကို ပိုပြီးအားနည်းစေခြင်း ဖြစ်ပါကြောင်း။

ယခု တက္ကသိုလ်များတွင် ဖြစ်နေသည်မှာ ဘာသာတစ်ခုကို သင်ပြီဆိုပါက ဘာသာပြန်ပေးနေကြပါကြောင်း၊ ဘာသာပြန်ရုံနှင့် မလုံလောက်ဘဲ သင်သည့်အကြောင်းအရာကို တကယ်နားလည်အောင် သင်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းတို့ကို ပြောင်းလဲပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

**မောင်အောင်မြင့်မြတ်**

**(ပဉ္စမနှစ် လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ နည်းပညာတက္ကသိုလ်-မန္တလေး)**

ယနေ့စကားဝိုင်းဆွေးနွေးပွဲတွင် အပိုင်းသုံးပိုင်းဖြင့် ဆွေးနွေးလိုပါကြောင်း၊ ပထမအပိုင်းအနေဖြင့် လူငယ်များ စာဖတ်ရန်အတွက် မည်ကဲ့သို့ ပြုစုပျိုးထောင်ပေးသင့်သည်ကိုလည်းကောင်း၊ ဒုတိယအပိုင်းတွင် လူငယ်များ စာဖတ်နှုန်း ကျသွားခြင်းနှင့် တတိယအပိုင်းတွင် စာဖတ်နှုန်းပြန်လည်မြင့်တက်လာစေရန် မည်ကဲ့သို့ ပြုပြင်သင့်သည်ဆိုသည်ကိုလည်းကောင်း ဆွေးနွေးလိုပါကြောင်း။

ယခုခေတ်တွင် ကလေးများသည် Youtube မှတစ်ဆင့် ကာတွန်းကားများကို ၎င်းတို့ဘာသာ ကြည့်တတ်နေကြပြီ ဖြစ်ပါကြောင်း၊ ထိုအရာမှာ မိဘများသည် ကလေးများအပေါ် အချိန်မပေးနိုင်သည်နှင့် ဆိုင်ပါကြောင်း၊ ငယ်ငယ်ကတည်းက စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိဘဲ ကြီးသည့်အခါမှ အလေ့အကျင့် အတင်းလုပ်ယူ၍ မရပါကြောင်း၊ ထို့ကြောင့် မိဘများအနေဖြင့် ကလေးများကို ငယ်စဉ်ကတည်းက စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်စေရန် အချိန်ပေးဆောင်ရွက်သင့်ပါကြောင်း။

နောက်တစ်ချက်အနေဖြင့် စာပေနှင့်ပတ်သက်လာရင် ကလေးငယ်များကို ၎င်းတို့ဘာသာ ယှဉ်ပြိုင်ခိုင်းခြင်းကသာ ကောင်းမွန်ပါကြောင်း၊ သို့မဟုတ်ဘဲ မိဘများပါဝင်ကာ ယှဉ်ပြိုင်ခိုင်းပါက ကလေးငယ်များသည် ဘာသာရပ်အပေါ်မှာ အတင်းအကျပ်ခိုင်း၍သာ လေ့လာသင်ယူရသည့် အခြေအနေသို့ ရောက်ရှိနိုင်ပါကြောင်း။

ထို့ပြင် ကလေးများကို စာစီစာကုံး ရေးခိုင်းသည့်အခါ ကလေးများသည် လွယ်ကူသည့် ဈေးမြင်ကွင်း၊ ကျောင်းသွား ကျောင်းပြန်မြင်ကွင်း စသည့် ခေါင်းစဉ်များကိုပင် ကိုယ်တိုင် စဉ်းစားရေးခြင်းမဟုတ်ဘဲ စာအုပ်များထဲမှ ကောင်းနိုးရာရာ ထုတ်နုတ်ယူကြကြောင်း၊ လူငယ်များ စာဖတ်နိုင်ရန် ရပ်ကွက်များတွင် စာကြည့်တိုက်များ ဖွင့်လှစ်ပေးထားပါကြောင်း၊ သို့သော် စာမဖတ်ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် လူငယ်များ အများဆုံးတည်ရှိသည့် တက္ကသိုလ်စာကြည့်တိုက်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးသင့်ပါကြောင်း။

မိမိတို့ နည်းပညာတက္ကသိုလ် (မန္တလေး)တွင် ကျောင်းသားအင်အား ၃၀၀၀ ကျော်ရှိပါကြောင်း၊ စာကြည့်တိုက်မှာ ပေ ၅၀၊ ၃၅ ပေလောက်သာ ရှိပါကြောင်း၊ ထို့ကြောင့် ကျောင်းသား ၃၀၀၀ လုံးအတွက် နည်းပညာ ဗဟုသုတများရရှိရန်၊ သုတ ရသ ရရှိရန်အတွက် စာပေဖတ်ရှုရန် စာအုပ်လုံလုံလောက်လောက် မရှိပါကြောင်း၊ စာဖတ်ချိန်တွင် စာမဖတ်တော့ဘဲ ဂိမ်းကစားခြင်းကို အာရုံရောက်သွားသည်များလည်း ရှိပါကြောင်း၊ ယောကျ်ားလေး အများစုသည် ကဗျာကို သဘောကျနှစ်ခြိုက်ကြပါကြောင်း၊ ကဗျာသည် ပြောလိုသည့်အကြောင်းအရာကို တစ်ကြောင်း၊ တစ်ပိုဒ်တည်းဖြင့် ကျစ်လျစ်စွာဖော်ပြထားပြီး ထို့မှတစ်ဆင့် အတွေးအခေါ်များစွာ ဖြန့်ကြက်နိုင်သည့်အတွက် ဖြစ်ပါကြောင်း။

ရသစာပေတစ်ခု အားကောင်းလာပါက ဂီတအဖြစ် ပြောင်းလဲသွားပါကြောင်း၊ ဥပမာ ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာသည် ကဗျာမှတစ်ဆင့် သီချင်းအဖြစ် ပြောင်းလဲသွားသည်ကို တွေ့ရပါကြောင်း၊ ရသ၊ ကဗျာ၊ ဂီတတို့သည် ဆက်စပ်နေသည်ဟု ထင်မြင်မိပါကြောင်း၊ မိမိအနေဖြင့် လူငယ်များအတွက် ပြည့်စုံကောင်းမွန်သည့် စာကြည့်တိုက်များ ဖန်တီးပေးနိုင်ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

**ရသစာပေလေ့လာခြင်းဖြင့် လူသားတွေကို နားလည်နိုင်**

**ဆွေးနွေးချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင်** “စာအုပ်တစ်အုပ်ကြောင့် သူတို့ဘဝတွေ ပြောင်းလဲသွားတယ်ဆိုပြီးပြောတဲ့ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေ ရှိခဲ့ပါတယ်။ တစ်ခါတလေမှာ စာအုပ်တစ်အုပ်ရဲ့ ထိမိမှုက သူတို့ရဲ့ဘဝလမ်းကြောင်းကို ပြောင်းစေတယ်ဆိုတော့ ရသစာပေဆိုတာ ဘယ်လောက် လူသားတွေရဲ့ စိတ်ခါတ်အပေါ်မှာ ဩဇာရှိသလဲဆိုတာကို ပြတာပဲဖြစ်တယ်။ ဒါကြောင့်လည်း ကမ္ဘာကျော်စာရေးဆရာကြီးတွေဆိုရင် သူတို့ရဲ့နိုင်ငံ၊ သူတို့ရဲ့ယဉ်ကျေးမှု ပြင်ပကိုကျော်ပြီးတော့ တစ်ကမ္ဘာလုံးကို လွှမ်းမိုးနိုင်တဲ့ အခြေအနေရှိနေတာပါ။ ရသစာပေကို လေ့လာခြင်းအားဖြင့် အခြား


မောင်အောင်မြင်သူ


မောင်အောင်မြင့်မြတ်

လူသားတွေကိုလည်း နားလည်နိုင်ပါတယ်။

“စာအုပ်တွေက မတူညီတဲ့အမြင်တွေကို ဖော်ပြတယ်။ လက်ာဒီပချစ်သူဆိုရင် သာမန်အမြင်အရမဟုတ်ဘဲ ဒဿဂီရိဘက်က နည်းနည်းသနားတဲ့၊ ကြင်နာတဲ့၊ နားလည်မှုပေးတဲ့စာအုပ်မျိုး ဖြစ်တယ်။

“ဒီလိုစာအုပ်တွေဖတ်ခြင်းအားဖြင့် ကိုယ့်အမြင်ကို ကျယ်စေတယ်။ အတွေးအခေါ် အသစ်တွေကို ရစေတယ်။

**ကိုယ်ရွေးတဲ့လမ်း အောင်မြင်အောင်ကြိုးစား**

“သိပ္ပံမှာကျတော့ အဖြေက တစ်မျိုးပဲရှိတာများတယ်။ သိပ္ပံအမြင်နဲ့ကြည့်ရင် အဖြေမှန်တစ်မျိုးပဲရှိတယ်လို့ ထင်ကြတယ်။ လူမှုရေး၊ နိုင်ငံရေးမှာ အဖြေမှန်တစ်ခုတည်း ရှိတယ်ဆိုတာ မဟုတ်ဘူး။ အဖြေမှန်က နှစ်ခု သုံးခု ဖြစ်နိုင်တယ်။ ဒါပေမယ့် လူ့ဘဝမှာဆိုရင် လမ်းတစ်ခုပဲ ရွေးရမယ်။ ရွေးတဲ့အခါမှာ ကိုယ်ရွေးတဲ့လမ်းဟာ အမှန်ဆုံး၊ အကောင်းဆုံးထင်လို့ ရွေးတာပါ။ ရွေးပြီးရင် အောင်မြင်အောင် ကြိုးစားရမယ်။ အကယ်၍ အောင်မြင်မှုမရှိဘူး၊ ဒီလမ်းကတော့ လျှောက်ကြည့်တဲ့အခါမှာ မဟုတ်သေးပါဘူးလို့ထင်ရင် ပြောင်းရဲတဲ့သတ္တိရှိရမယ်။ ပြောင်းသင့်ပြီဆိုတဲ့ အသိကလည်း ရှိရမယ်။ အဲဒီအခါမှာ ရသစာပေက အများကြီး အထောက်အပံ့ပေးတယ်။ နောက်ဆုံးကျတော့ ရသစာပေရဲ့အင်အားက အတွေးကို ကျယ်ပြန့်စေတာပဲ ဖြစ်တယ်။

**နိုင်ငံရေးဆိုတာ ပြည်သူလူထုကို အခြေခံရမယ်**

“နိုင်ငံရေးစာပေထက် ဝတ္ထုကောင်းကောင်းတစ်ခုက ပိုပြီးတော့ နိုင်ငံရေးအကြောင်း ပိုသင်ပြတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးဆိုတာ လူတွေအကြောင်းပဲ။ လူသားအချင်းချင်းဆက်ဆံမှုအကြောင်းပဲ။ လူသားတွေရဲ့စိတ်နေစိတ်ထား၊ လူသားတွေရဲ့ဆက်ဆံမှုနဲ့ပတ်သက်လို့ နားမလည်ရင် နိုင်ငံရေးကို ဘယ်တော့မှ အောင်အောင်မြင်မြင်လုပ်လို့မရဘူး။ နိုင်ငံရေးဆိုတာ ပြည်သူလူထုကို အခြေခံရမယ်။ ပြည်သူလူထုကို အခြေမခံတဲ့နိုင်ငံရေးဆိုတာ တကယ်တော့ အများကိုအကျိုးပြုတဲ့ နိုင်ငံမျိုးမဟုတ်နိုင်ဘူး။ ဒါကြောင့်မို့ နိုင်ငံရေးနဲ့ပတ်သက်ရင် အမြဲပဲစာဖတ်နေတာ။

“ကျွန်မကပြောတယ်။ ရသစာပေလေးဖတ်ပါဦး။ အဲဒီဟာတွေဖတ်တာဟာ လူသားတွေရဲ့ဆက်ဆံမှု၊ လူသားတွေရဲ့ခံစားချက်တွေအကြောင်း ပိုပြီးတော့ ကိုယ့်ကို သိစေတယ်။ နောက်တစ်ခုက အရေးသားကောင်းကောင်းကို သင်ပေးတယ်။ ကောင်းတဲ့ စာပေတွေကိုဖတ်မှ ကိုယ်လည်းကောင်းကောင်းရေးနိုင်တယ်။ သချာ်စာအုပ်တွေ ဖတ်ခြင်းအားဖြင့်လည်း ဘယ်လိုမှ စာစီစာကုံး ကောင်းကောင်းရေးနိုင်မှာ မဟုတ်ဘူး။ စာစီစာကုံးကို အလွတ်ကျက်ပြီးရေးတဲ့ခေတ်ကတော့ ကုန်လောက်ပြီလို့ မျှော်လင့်ပါတယ်။ အဲဒီတော့ စာစီစာကုံးကို အလွတ်ကျက်ပြီး မရေးနိုင်ဘူးဆိုရင် ကိုယ့်ရဲ့အလေ့အကျင့်အရကို ရေးတတ်ရမယ်။ ကောင်းကောင်းရေးတတ်ရမယ်။ ကောင်းကောင်းရေးတတ်တယ်ဆိုတော့ ကောင်းတဲ့စာတွေဖတ်ခြင်းအားဖြင့်ပဲ ကောင်းတဲ့စာတွေကိုရေးတတ်တာပဲ။ ကောင်းတဲ့အတွေးအခေါ်တွေလည်း ပါလာပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ ကလေးသူငယ်တွေအတွက် စာကြည့်တိုက်တွေ လုံလုံလောက်လောက်လည်း မရှိဘူး။ စာအုပ်ဆိုင်တွေလည်း လုံလုံလောက်လောက်မရှိဘူး။

“စာကြည့်တိုက်တွေရှိတယ်ဆိုရင် ငယ်ငယ်ကတည်းက ကောင်းတဲ့စာပေတွေကို ဖတ်တဲ့အလေ့အကျင့် ရှိလာတယ်။ အဲဒါကြောင့်မို့ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေပြီးတော့ လူငယ်တွေကို ငယ်ငယ်ကတည်းက စာဖတ်တဲ့အလေ့အကျင့်၊ ငယ်ငယ်ကတည်းက စာအုပ်တွေနဲ့ရင်းနှီးမှု ဖြစ်သွားအောင် လုပ်ပေးနေပါတယ်။

“စာစီစာကုံးတွေကို အလွတ်ကျက်ပြီးရေးတာက လုံးဝမဖြစ်သင့်ပါဘူး။ စာစီစာကုံးဆိုတာ ကိုယ့်ရဲ့အတွေးအခေါ်ကို ရေးတာပဲ။ စာစီစာကုံးတွေကို အလွတ်ကျက်ပြီး ရေးတဲ့စနစ်ကို ဖျက်ဖို့ဆိုရင် ဆရာ ဆရာမတွေလည်း နည်းနည်းပြန်သင်ဖို့ လိုပါလိမ့်မယ်။ ဆရာ ဆရာမတွေကိုက ကလေးတွေကို အလွတ်ကျက်ခိုင်းတဲ့စနစ်မှာ ကြီးလာရတဲ့အခါကျတော့ အလွတ်ပဲကျက်ခိုင်းနေတယ်။

**ပညာရေးစနစ်တစ်ခု**

“ဆရာ ဆရာမတွေကိုယ်တိုင်က ပိုပြီးတော့ ဝါယမစိုက်ထုတ်ရမယ်။ ဆရာ ဆရာမတွေကို ပြုစုပျိုးထောင်တဲ့နေရာမှာလည်း ဆယ်စုနှစ်ပေါင်းများစွာပုံစံက တစ်မျိုးဖြစ်နေတဲ့အခါကျတော့ ကလေးတွေကို သင်ပေးတဲ့အခါမှာလည်း ပုံစံကတစ်မျိုးဖြစ်နေတာပါ။ ဒီဆရာ ဆရာမတွေကို အပြစ်ဆိုလို့လည်းမရဘူး။ ပညာရေးစနစ်တစ်ခုဆိုတာ ကျောင်းသားတွေလည်းပါတယ်။ ဆရာ ဆရာမတွေလည်းပါတယ်။ ဆရာ ဆရာမတွေဆိုတာ တစ်ချိန်တစ်ခါက သူတို့ဟာ ကျောင်းသားတွေပဲ။ ကိုယ်ကျောင်းသားဘဝတုန်းက အလွတ်ကျက်ခဲ့ရင် ကိုယ်ဆရာ ဆရာမဖြစ်လာတဲ့အခါကျရင် လိမ္မာတဲ့ ကျောင်းသားတွေက အလွတ်ကျက်တယ်ဆိုတဲ့စိတ်ပဲရှိမှာပဲ။ အလွတ်မကျက်တဲ့ ကျောင်းသားတွေက ပျင်းတယ်။ မလိမ်မာဘူး။ ကလန်ကဆန်လုပ်တယ်ဆိုတဲ့အမြင်က ဖြစ်လာမှာပါ။

“အဲဒါကြောင့်မို့ ပညာရေးစနစ်ကို ပြုစုပျိုးထောင်တယ်။ ပြောင်းလဲအောင် လုပ်တယ်ဆိုတာ တော်တော်မှခက်ပါတယ်။ နေ့ချင်းညချင်းပြောင်းလို့မရဘူး။ ဆရာ ဆရာမတွေရဲ့အရည်အချင်းကိုလည်း ပြန်မြှင့်တင်ပေးရမယ်။ကလေးတွေရဲ့စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရမယ်။ မိဘတွေရဲ့စိတ်ဓာတ်ကိုလည်း မြှင့်တင်ပေးရမယ်။

**စာစီစာကုံးရေးတာ ပညာဘယ်လောက်ရှိလဲ သုံးသပ်နိုင်**

“စာစီစာကုံးဆိုတာဟာ ကိုယ့်အတွေးဉာဏ်နဲ့ ကိုယ်လုပ်ရမယ်။ တကယ်တော့ စာစီစာကုံးတွေရေးခိုင်းတယ်ဆိုတာ ကျောင်းပညာသင်တဲ့ တောက်လျှောက်မှာ ဒီကလေးရဲ့ ပညာတိုးတက်မှု ဘယ်လောက်ရှိနေပြီလဲဆိုတာ ဆရာမတွေအနေနဲ့ သုံးသပ်နိုင်အောင်လို့ လုပ်တာပါ။ စာမေးပွဲဆိုတာလည်း ဒီလိုပဲ။ စာမေးပွဲက အမှတ်စာရင်းပြိုင်ပွဲမဟုတ်ဘူး။ မိဘချင်းပြိုင်ဖို့မဟုတ်ဘူး။ ဒီကလေးရဲ့ တိုးတက်မှု ဘယ်လောက်ရှိနေပြီလဲ။ ဒီကလေးဟာ တိုးတက်သင့်တဲ့ကိန်းနဲ့ တိုးတက်နေရဲ့လား။ ဘယ်တွေမှာအားနည်းနေလဲ။ အဓိကက စာမေးပွဲဆိုတာ ဒါပဲဖြစ်ရမယ်။ အဲဒီဟာကို ဦးတည်ပြီး ကျွန်မတို့ရဲ့ပညာရေးစနစ်ကို ဆောက်တည်ဖို့တော့ ကြိုးစားနေပါတယ်။ ကလေးတွေရော၊ မိဘတွေရော၊ ဆရာတွေရော အားလုံးဝိုင်းပါရမယ်။

“ဆရာမဂျူးက အများအားဖြင့် ရေးတတ်တာကတော့ အမျိုးသားနဲ့ အမျိုးသမီးတွေအကြားက ဆက်ဆံရေးပေါ့။ ခုနက ပြောသွားတဲ့အထဲမှာ တကယ်ချစ်ရင် နားလည်ရမယ်ဆိုတာ ပြောင်းပြန်ပဲ။ တကယ်နားလည်မှ တကယ်ချစ်နိုင်မယ်။ နားလည်မှု မရှိဘဲနဲ့ တကယ်ချစ်တယ်ဆိုတာ ဘယ်တော့မှာ မဖြစ်နိုင်ဘူး။ လူတစ်ယောက် အကြောင်းကို တကယ်မသိဘဲနဲ့ သူ့ကို တကယ်ချစ်တယ်လို့ ဘယ်လိုပြောနိုင်မလဲ။ သူ့အကြောင်းသိမှ သူ့ကိုချစ်နိုင်လား။ မချစ်နိုင်ဘူးလားဆိုတာ ပြောနိုင်တာပေါ့။

“အဲဒါကြောင့်မို့ ကျွန်မတို့ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းနေတဲ့နေရာမှာလည်း အပြန်အလှန် နားလည်မှု၊ အပြန်အလှန် လေးစားမှု အဲဒါကို အရင်ပြောတယ်။ အပြန်အလှန်နားလည်ပြီဆိုရင် အပြန်အလှန် လေးစားပြီဆိုရင် ချစ်သွားကြမှာပဲ။ အဲဒီဟာနှစ်ခု မရှိဘဲနဲ့တော့ ရေရှည်ခံမယ့် ချစ်မေတ္တာမျိုးဆိုတာတော့ မဖြစ်နိုင်ဘူးလို့ ကျွန်မတော့ ဒီလိုပဲထင်ပါတယ်။

*စာမျက်နှာ ၁၀ သို့*

# ရသဆိုတာ လူ့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက်၊ ဉာဏ်ပညာရှင်လန်းတိုးတက်မှုအတွက် အများကြီးအထောက်အကူဖြစ်တယ်

*စာမျက်နှာ ၉ မှ*

“ဆရာမြသန်းတင့်ကတော့ ဘာသာပြန်စာအုပ်တွေ အများကြီးပြန်ခဲ့ပါတယ်။ အဲဒီဟာလည်း မိမိနိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်။ တစ်ချိန်တစ်ခါတုန်းက ဆိုရင် စာပေဗိမာန်ဆိုတာ အရင်ဖဆပလခေတ်တုန်းက ဝန်ကြီးချုပ် ဦးနုက ဦးဆောင်ပြီးတော့ ထူထောင်ခဲ့တာပါ။ အရင်တုန်းကလည်း လွတ်လပ်ရေးတိုက်ပွဲကာလတုန်းကလည်း နဂါးနီစာအုပ်အသင်းတို့ ဆိုတာလည်း ဘာသာပြန်စာအုပ်တွေလည်း အားပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံက ပြည်သူ ပြည်သားတွေအနေနဲ့ ကိုယ့်မြန်မာစာပေတစ်ခုတည်းကိုပဲ ဖတ်တတ်တယ်ဆိုရင်တောင်မှ တစ်ကမ္ဘာလုံးရဲ့ ရသစာပေတွေရော၊ သုတစာပေတွေရောရဲ့အနှစ်သာရတွေကို ရနိုင်အောင်လို့ဆိုပြီးတော့ အဲဒီလို ဘာသာပြန်တွေကို ဦးစားပေးခဲ့တာဖြစ်ပါတယ်။

## အမြင်ချင်းမတူတာ နှိုင်းယှဉ်ပြီး အမြင်ကျယ်လာနိုင်

“ဘာသာပြန်စာအုပ်တွေလည်း ဖတ်စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်ရဲ့စာရေးဆရာတွေရေးတဲ့ စာအုပ်တွေနဲ့ ပြင်ပကစာရေးဆရာတွေရေးတဲ့ စာအုပ်တွေနဲ့ တစ်ခါတလေမတူဘူး၊ တစ်ခါတလေမဟုတ်ပါဘူး မတူကြပါဘူး။ အမြင်ချင်းမတူတာပေါ့နော်။ ဒီအမြင်ချင်းမတူတာတွေကို တစ်ခုနဲ့တစ်ခု နှိုင်းယှဉ်ပြီးတော့ ပိုပြီးတော့ ကိုယ့်ရဲ့အမြင်ကျယ်လာနိုင်တယ်။ ရသစာပေကျတော့ တကယ့်ကို သူတို့ရဲ့လူမှုရေးအရ ဒဿနိကတွေ ဘာတွေကျတော့ မတူတာတွေကို တွေ့လာတယ်။ သူတို့အမြင်တွေက ဒီလိုရှိပါလား။ တစ်ခေတ်နဲ့တစ်ခေတ်နဲ့ မတူဘူး။ နိုင်ငံတစ်နိုင်ငံထဲမှာတောင်မှ တစ်ခေတ်ထဲမှာ အတွေးအခေါ်အမျိုးမျိုးရှိသလို ခေတ်အလိုက်လည်း ပြောင်းသွားတဲ့ အတွေးအခေါ်တွေရှိတယ်။

“ကိုယ်ဝါသနာပါတဲ့ သုတစာပေတွေချည်းပဲဖတ်ပြီး သုတစာပေချည်းပဲ ရေးမယ်ဆိုရင် ရသက ဘယ်ရောက်သွားမလဲ။ နှစ်ခုစလုံးကတော့ ချိန်ခွင်လျှာ ညီမျှရမှာပေါ့။ နောက် Digital ခေတ် ဖြစ်လာတဲ့အခါမှာ အတိုင်းအတာတစ်ခုအထိ စာအုပ်တွေဖတ်တာ နည်းနည်းကျဆင်းလာတယ်လို့ ပြောကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိစ္စတစ်ခုကိုသိချင်ရင် Internet ကနေ ရှာရင် ခပ်မြန်မြန်နဲ့ ရတယ်။ အရင်ခေတ်တုန်းကဆိုရင် အချက်အလက်တစ်ခုကို သိချင်ရင် စာအုပ်တွေ တော်တော်များများ လိုက်ဖတ်ရတယ်။ ဖတ်ပြီးတော့ ရှာရတယ်။

“သုတစာပေနဲ့ပတ်သက်လို့ပြောရရင် သုတဆိုတာက ကျယ်ကျယ်ပြန့်ပြန့် သုတလည်းရှိတယ်။ ကျဉ်းကျဉ်းမြောင်းမြောင်းသုတလည်း ရှိတယ်။ ကျဉ်းကျဉ်းမြောင်းမြောင်း ဆိုတာကတော့ ကျောင်းစာအုပ်တွေလိုပေါ့။ တက္ကသိုလ်ပြဋ္ဌာန်းတဲ့ စာအုပ်တွေလိုပေါ့။ သင်္ချာတို့၊ ရူပဗေဒတို့ စသည်ဖြင့်ပေါ့။ တချို့ကျတော့ သုတစာပေဆိုတာ အခြေခံအားဖြင့် သိပ္ပံတို့ဘာတို့ကို အခြေခံထားတယ်ဆိုရင် ပိုပြီးတော့ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်တဲ့ သုတစာပေတွေလည်း ရှိတယ်။ ဒီတော့ သုတကသာတယ်၊ ရသက သာတယ် ဘယ်ဟာက သာတယ်လို့ ပြောလို့မဟုတ်ပါဘူး။ ဒါပေမယ့် ဒီစကားဝိုင်းကတော့ အဓိကအားဖြင့် ရသစာပေဘက်ကို ဦးစားပေးပြီးတော့ ဆရာဦးဖေမြင့်နဲ့ ကျွန်မနဲ့ စဉ်းစားပြီးတော့ စီစဉ်ထားတာဖြစ်ပါတယ်။

“ကဗျာကို အလွတ်ကျက်ခိုင်းတာကတော့ လုံးဝမှားတယ်လို့တော့ မပြောချင်ပါဘူး။ ဒါပေမယ့် ကဗျာရဲ့အနှစ်သာရကို ကိုယ်ကစွဲသွားရင် ဘယ်သူမှ မကျက်ခိုင်းဘဲနဲ့လည်း ကိုယ့်ဟာကိုယ်ကျက်ကြတာပဲ။ ကျောင်းမှာတုန်းကဆိုရင် ကဗျာကို အများကြီး ကျက်ခဲ့ရတယ်။ ဒါပေမယ့် တချို့ဟာတွေကတော့ အခုထက်ထိခေါင်းထဲမှာ မမေ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အစကတည်းက ခံစားချက်ရှိလို့၊ အစကတည်းက စိတ်ဝင်စားလို့၊ တန်ဖိုးထားလို့။ နောက်စောစောက ပြောသွားတဲ့ကိစ္စထဲမှာ ပညာရေးမှာ ယောကျ်ားလေးတွေ မိန်းကလေးတွေနဲ့ ရင်ပေါင်တန်းနိုင်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ ဆရာမျိုးသိမ်းကြီးနဲ့ ကျွန်မနဲ့ ခဏခဏ စဉ်းစားတယ်။ အဲဒီအထဲမှာ ကျွန်မတို့ ဘယ်လိုသုံးသပ်သလဲဆိုတော့ ယောကျ်ားလေးတွေရဲ့ အားသာချက်နဲ့ မိန်းကလေးတွေရဲ့ အားသာချက်က မတူဘူး။ အားကစားမှာတော့ ယောကျ်ားလေးတွေက ပိုပြီးတော့ တောင့်တင်းလို့ ပိုပြီးတော့ ထူးချွန်နိုင်တယ်ဆိုတာတော့ အားလုံးက သိမြင်ပြီးသားပါ။ သို့သော်လည်း ကဗျာတို့၊ အနုပညာတို့ဘက်မှာကျတော့ ယောကျ်ားလေးတွေက ပိုပြီးတော့ အားသာတာလည်း သတိပြုမိပါတယ်။

“ဒါကြောင့်မို့ ကဗျာကို အားပေးချင်တယ်ဆိုတာ ကဗျာတစ်ပုဒ်ထဲမှာဆိုရင် စာအုပ်ကြီးတစ်အုပ်ထက်တောင် အတွေးအခေါ်ပေါင်းများစွာရှိတယ်။ ကဗျာတစ်ပုဒ်ထဲမှာကို အတွေးအခေါ်တွေက တစ်လိုင်းချင်းတစ်လိုင်းချင်းရှိတဲ့ ကဗျာမျိုးလည်းရှိတယ်။ ဒါပေမယ့် ကိုယ်က ရှာပြီးတော့ ဖတ်တတ်ရမယ်။ နောက်ပြီးတော့ တစ်ယောက်နဲ့ တစ်ယောက် အမြင်ချင်းကတော့ မတူဘူး။ ရသစာပေဆိုတာ ဒီလိုပါပဲ စဉ်းစားစရာ အဘက်ဘက်က ရှိပါတယ်။

## ရသစာပေ ဖတ်ခြင်းအားဖြင့် အများကြီးနားလည်နိုင်

“ရသစာပေက ထွက်ပေါက်တစ်ခုပေးတယ်လို့ ထင်ပါတယ်။ ဥပမာဆို ဆရာမ မစန္ဒာတို့၊ မိုးမိုး (အင်းလျား)တို့ဆို မဆလ ခေတ်ကလူမှုရေး၊ နိုင်ငံရေးကိစ္စတွေကို သူတို့ရဲ့ရသစာပေတွေကို ဖတ်ခြင်းအားဖြင့် အများကြီးနားလည်နိုင်တယ်။ အဲဒီတုန်းကလည်း လွတ်လွတ်လပ်လပ် ရေးချင်သလို ရေးလို့မရဘူး။ ဆင်ဆာကလည်း အင်မတန်မှ တင်းကျပ်တယ်။ လူမှုရေးနဲ့ပတ်သက်တဲ့ စာတမ်းတွေ၊ စာအုပ်တွေ၊ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စာတမ်းတွေ၊ စာအုပ်တွေကို ကိုယ်ရေးချင်သလို ရေးလို့မရဘူးဆိုပေမယ့် အဲဒီခေတ်တုန်းက လူမှုရေးအခြေအနေ၊ စီးပွားရေး ၊ နိုင်ငံရေးအခြေအနေကို ရောင်ပြန်ဟပ်အောင်လို့ အဲဒီ ဆရာမတွေက တော်တော်ရေးနိုင်တယ်။

“ဒါကြောင့် ရသစာပေကဆိုရင် ပညာပေးပုံကလည်း ညင်ညင်သာသာလေးနဲ့ ပေးသွားနိုင်တယ်။ အဲဒါကြောင့် ရသစာပေတွေက အင်မတန်မှ တန်ဖိုးရှိပါတယ်လို့ ပြောချင်တာပါ။ တချို့သုတစာပေတွေ မထုတ်နိုင်တဲ့ အချိန်မှာ ရသစာပေကနေပြီးတော့ ဟာကွက်ကလေးတွေကို ဖြည့်ပေးနိုင်တာပေါ့။

“အတ္ထုပ္ပတ္တိစာပေဆိုတာ သုတရော ရသရော နှစ်ခုစလုံးပါတာပါ။ ဒါပေမယ့်လည်း လူတစ်ယောက်ရဲ့အတ္ထုပ္ပတ္တိကို ရေးတယ်ဆိုရင် စိတ်ဝင်စားအောင်ရေးမှလည်း ဆက်ပြီးတော့ ဖတ်ချင်တာပေါ့။ ဒါပေမယ့် အတ္ထုပ္ပတ္တိကို ဖတ်ခြင်းအားဖြင့် အချက်အလက် သုတ၊ တစ်ဖက်ကဆိုရင် သုတစာပေပေါ့။ အဲဒီကနေ ခပ်ဆင်ဆင်က သမိုင်းနောက်ခံဝတ္ထုတွေရှိတယ်။ သမိုင်းနောက်ခံဝတ္ထုဆိုတာ ဝတ္ထုပဲ။ သို့သော်လည်း သမိုင်းကို နောက်ခံတယ်။ သမိုင်းအချက်အလက်တွေကို အသုံးပြုထားတာပေါ့။ တချို့ကလည်း ပိုပြီးတော့ တိတိကျကျ အသုံးပြုတယ်။ တချို့ကလည်း သိပ်ပြီးတော့ တိတိကျကျ မဟုတ်ဘူး။ အဲဒီတော့ သမိုင်းနောက်ခံဝတ္ထုကောင်းတွေ ရေးတယ်ဆိုရင် သမိုင်းစာအုပ်တစ်ခုကို ဖတ်သလောက် ကိုယ့်မှာ သုတလည်းရတယ်။ ဒါပေမယ့် ရသလည်း ရှိတယ်ဆိုတော့ ဖတ်ရတာလည်း စိတ်ချမ်းသာတာပေါ့။

## နှိုင်းယှဉ်ပြီးစဉ်းစားတဲ့အခါ အတွေးအခေါ်သစ်တွေ ပေါ်လာ

“အတ္ထုပ္ပတ္တိအကြောင်းကို ဖတ်တဲ့အခါကျရင် အဲဒီလူအကြောင်းသာ မဟုတ်ဘဲနဲ့ ရေးတဲ့သူအကြောင်းလည်း အများကြီးသိနိုင်တယ်။ ဒါကြောင့်မို့လို့ ရသစာပေပဲဖြစ်ဖြစ် သုတစာပေပဲဖြစ်ဖြစ် ကိုယ်က တစ်ချိန်တည်းမှာ တစ်ဆင့်တစ်ဆင့် ပညာရနေသလိုပဲ တစ်ဆင့်ကတော့ ရေးထားတဲ့ကိစ္စ။ တစ်ဆင့်ကတော့ ရေးတဲ့သူအကြောင်း၊ ရေးတဲ့သူရဲ့ ပတ်ဝန်းကျင်အကြောင်း ဒီနှစ်ခုစလုံးကို အနည်းဆုံးပေါ့။ ကျန်တဲ့အဆင့်ဆင့်တွေ၊ အလွှာတွေ ရှိနိုင်သေးတယ်။ ဒါကြောင့်မို့လို့ စာဖတ်တယ်ဆိုတာဟာ ကိုယ့်ရဲ့ဘဝလေး၊ ကိုယ့်ဘဝရဲ့ဘောင်အပြင်ဘက်ကို ထွက်ပြီးတော့ တခြားသူတွေရဲ့ဘဝဘောင်ထဲကို ဝင်လို့ရတယ်။ တခြားသူတွေက ဘယ်လိုတွေးခေါ်တယ်၊ တခြားသူတွေက ဘယ်လို နေခဲ့တယ်၊ ဘယ်လိုဖြတ်သန်းခဲ့ရတယ်။ ငါတို့ဆို ဒီလိုနေနိုင်မလား၊ ဒီလို ဖြတ်သန်းနိုင်မလား၊ ငါတို့ရဲ့အခြေအနေနဲ့ရော ဘယ်လိုကွာလဲဆိုတာ အဲဒီလို နှိုင်းယှဉ်ပြီးတော့ စဉ်းစားနိုင်တဲ့အခါကျတော့ ကိုယ့်အတွေးအခေါ်သစ်တွေလည်း ပေါ်လာတယ်။ လူ့လောကအကြောင်းလည်း နားလည်မှုတွေကို အများကြီးရနိုင်တယ်။

“ထူးချွန်လူငယ်တွေ ဂိမ်းစွဲသွားရင် တခြားဟာဘာမှ လုပ်လို့မရဘူး။ စာမကျက်လို့ ဂိမ်းထဲရောက်တာ မဟုတ်ဘူး။ ဂိမ်းဆိုင်ထဲ ရောက်သွားရင် အဲဒါစွဲသွားရော။ စွဲသွားတယ်ဆိုရင် အရက်စွဲသလိုပဲ၊ လောင်းကစားစွဲသလိုပဲ၊ ဒါဟာလည်း စိတ်ပိုင်းဆိုင်ရာ ရောဂါတစ်မျိုးပဲ။ ဖွံ့ဖြိုးတဲ့နိုင်ငံတွေမှာ သူတို့ကို ကုယူတယ်ဆိုတာ စိတ်ပိုင်းဆိုင်ရာ ဆရာဝန်တွေနဲ့ ကုယူတဲ့အဆင့်ကို ရောက်တယ်။ ကျွန်မတို့နိုင်ငံမှာ ဒီလိုလုပ်ဖို့ဆိုတာ အင်မတန်မှခက်ပါတယ်။

> **“စာပေဆိုတာ အတွေးအခေါ်တွေကို ပေးဖို့ဖြစ်တယ်။ လောကကြီးထဲမှာ အဖြေတစ်ခုတည်းရှိတယ်ဆိုပြီး ဆုပ်ကိုင်ထားတဲ့သူတွေဟာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားထဲမှာ အဆင်ပြေဖို့အတွက် အထောက်အကူ မဖြစ်ဘူး။ အတွေးအခေါ်၊ နှလုံးသားဆိုင်ရာ၊ လူ့ဘဝဆိုင်ရာ ကိစ္စတွေကျတော့ အဖြေတွေ အမျိုးမျိုးရှိတယ်။ ဒါတွေကို ရသစာပေက ပိုပြီးတော့နားလည်ပေးတယ် ”**

“ဂိမ်းဆိုင်တွေကို အခွန်တွေတိုးကောက်လိုက်တာနဲ့ အဆင်ပြေသွားမလားဆိုတော့ ပြေချင်မှလည်း ပြေမယ်။ ဟိုဘက်ဒီဘက်ကလည်း စဉ်းစားရမယ်။ ကလေးတွေ ဂိမ်းဆိုင်ထဲမရောက်အောင် ဘယ်လိုလုပ်ရမလဲ။ ဂိမ်းဆိုင်ထဲရောက်လို့ စာမဖတ်တာ မဟုတ်ဘူး။ အစကတည်းက ဂိမ်းဆိုင်ထဲရောက်လို့ စာမဖတ်တာ။ အစကတည်းက စာဖတ်တဲ့ကလေးတွေက သူတို့ဘာသာ သူတို့ စာဖတ်နေမှာပါ။

“အရင်တုန်းကဆိုရင် အိမ်မှာသားသမီးတွေ ဘာစာအုပ်ဖတ်နေသလဲ မိဘတွေက သိတယ်။ ဘယ်သူ့ဆီက ဘာစာအုပ်ငှားခဲ့တယ်။ ဘာလုပ်နေလဲ သိတယ်။ အခု ဟန်းဖုန်းလေးတစ်ခုရှိတယ်။ ဟန်းဖုန်းထဲမှာ ဘာတွေကြည့်နေသလဲ ဘယ်မိဘက သိမလဲ။ တစ်ချိန်လုံး ကြည့်နေနိုင်တာမှမဟုတ်တာ။ ၂၄ နာရီလုံး ကလေးဟာ ဘာတွေကြည့်နေတာလဲ၊ ဘယ် Program တွေကြည့်နေတာလဲ။ ဘယ်ဂိမ်းတွေဆော့နေတာလဲ မိဘတစ်ယောက်ဟာ သိဖို့ဆိုတာ ၂၄ နာရီ ကလေးဘေးမှာ ရှိမှဖြစ်မယ်။ အဲဒီလို နေဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။

“ခေတ်ကြီးက တစ်ချိန်လုံးပြောင်းလဲလာတာနဲ့အမျှ စိန်ခေါ်မှုတွေကလည်း ပြောင်းလဲလာတယ်။ ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးတိုးတက်စနိုင်ငံဆိုတော့ အားလုံးဝိုင်းရုန်းမှ ဖြစ်မယ်။ ကျွန်မတို့နိုင်ငံက ဖွံ့ဖြိုးဖို့အများကြီးလိုတဲ့နိုင်ငံဆိုတော့ နိုင်ငံသူ၊ နိုင်ငံသားတွေက ငါတို့လည်း အားလုံး တစ်ပိုင်တစ်နိုင်လုပ်မယ်ဆိုတဲ့စိတ်ဓာတ်ရှိရမယ်။ ဒီလိုပြဿနာတွေဆိုရင် အားလုံးပဲဝိုင်းပြီးဖြေရှင်းရမယ်။

## ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အထ အားပေး

“နောက်ပြီး ပူးပေါင်းဆောင်ရွက်တတ်တဲ့ အလေ့အထတွေကို အားပေးဖို့အတွက် ဝိုင်းဖွဲ့ပြီးတော့ ကစားတာတို့၊ ကဗျာရွတ်မယ်ဆိုလည်းအတူတူ တီးကြ၊ ဆိုကြ သူငယ်ချင်းတွေ တစ်ပတ်တစ်ခါ၊ နှစ်ခါလုပ်မယ်ဆိုပြီး ကိုယ့်အတွက် စိတ်ချမ်းသာစရာရော၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွက် သာယာစရာရော ဒါမျိုးတွေကို အားပေးဖို့ အားလုံး ဝိုင်းစဉ်းစားရမယ်။ ဒီဂိမ်းဆိုင်တွေနဲ့ ပတ်သက်လို့ကတော့ စဉ်းစားရမှာပါ။ ဘယ်လိုပုံစံနဲ့ စီးပွားရေးဘက်ကလည်း ကြည့်ရမယ်။ ပညာရေးဘက်ကလည်း ကြည့်ရမယ်။ ကလေးတွေရဲ့စိတ်ဓာတ်ဖွံ့ဖြိုးတိုးတက်ရေးဘက်လည်း ကြည့်ရမယ်။ အဲဒီဟာကတော့ ဝန်ကြီးဌာနတွေစုပြီးတော့ ခေါင်းချင်းရိုက်ပြီး တော်တော်အဖြေရှာရမယ်။

“မိဘတွေက ဘာဖြစ်လို့ သားသမီးတွေ ရသစာပေဖတ်မှာကို စိတ်ပူလဲဆိုတော့ သူတို့ကိုယ်တိုင်လည်း ရသစာပေအကြောင်း ထဲထဲဝင်ဝင် မသိလို့ပါ။ ရသစာပေမှာ ကောင်းတာရှိသလို မကောင်းတာရှိတယ်။ မကောင်းတဲ့ စာပေတွေကို သားသမီးတွေ ဖတ်မိမှာ စိုးရိမ်လို့ပဲထင်ပါတယ်။ ဒါကတော့ ခွဲခြားပြီး သိဖို့လိုတယ်။ မိဘတွေကိုယ်တိုင်ကလည်း စာပေနဲ့ရင်းနှီးဖို့လိုတယ်။ ပြီးတော့ ဒီနိုင်ငံမှာလည်း စာအုပ်တွေ များများရှိဖို့လိုတယ်။ စာကြည့်တိုက်တွေမှာ အဆင့်ရှိရှိနဲ့ စာအုပ်တွေ ထားမယ်ဆိုရင် စာကြည့်တိုက်ကနေ ငှားတဲ့စာအုပ်တွေဟာ အန္တရာယ်မဖြစ်နိုင်ဘူးဆိုတာ မိဘတွေ သဘောပေါက်ဖို့လည်းလိုတယ်။

“မိဘတွေဘက်က နားလည်မှုရှိသလို၊ သားသမီးတွေဘက်ကလည်း နားလည်မှု ရှိရမယ်။ နောက် စည်းနဲ့ကမ်းနဲ့ ကျောင်းစာတော့ ကျက်ရမယ်။ ကျွန်မတို့နိုင်ငံမှာ ကျောင်းသူ ကျောင်းသားတွေ၊ ကလေးတွေက ကျောင်းသွားတာနဲ့၊ ကျူရှင်သွားတာနဲ့၊ ဂိုက်နဲ့စာကျက်တာနဲ့ ဘာမှ တခြားဟာလုပ်ဖို့အချိန် မရှိတာဘဲ။ အဲဒါ လုံးဝမကောင်းဘူး။ မိဘတွေရော၊ ဆရာတွေရော ဒီဟာကို သေသေချာချာ ပြန်ပြီးစဉ်းစားရပါမယ်။ လူငယ်တွေမှာ အပိုချိန်ရှိရမယ်။ ကျောင်းစာနဲ့ပဲ တစ်နေ့ ၂၄ နာရီလုံးလည်လိုက်နေလို့ မဖြစ်ဘူး။ ကျောင်းစာလုပ်တာက လုပ်တာ၊ ပြင်ပ ကိုယ့်ရဲ့ဝါသနာ လုပ်သင့်လုပ်ထိုက်တာလည်း လုပ်ဖို့ အခွင့်အရေးရှိရမယ်။

“ဒီစကားဝိုင်းမှာ အဓိကထားပြီးပြောတာ ရသစာပေရဲ့အကျိုးတွေပါ။ သုတစာပေဆိုတာ လည်းရှိရမယ်။ သုတစာပေချည်းဖတ်နေလို့ မဖြစ်ဘူး။ အခုဆိုရင် သုံးလေးယောက်ရှိပြီ။ စာအုပ်တစ်အုပ်ဖတ်ခြင်းအားဖြင့် ရသစာပေပေါ်မှာ ဘဝအမြင်ပေါ်မှာ အတွေးအခေါ် ပြောင်းသွားတာ၊ စာအုပ်တစ်အုပ်က ဒီလိုပြောင်းသွားစေတယ်ဆိုရင်၊ စာအုပ်ပေါင်းများစွာ ဖတ်မယ်ဆိုရင် ကိုယ့်ရဲ့အတွေးအခေါ်တွေ ဘယ်လောက် ကျယ်ပြန့်နိုင်တယ်၊ ဘယ်လောက် ကွန့်မြူးလာနိုင်တယ်ဆိုတာ သိဖို့လိုပါတယ်။ နောက် ကဗျာကို ဝါသနာမပါတဲ့သူကို ကဗျာကို အတင်းဖတ်ခိုင်းရင်လည်း အကျိုးရှိမှာ မဟုတ်ဘူး။ ကိုယ့်ဝါသနာနဲ့လည်းဆိုင်တာပေါ့။ ကျယ်ကျယ်ပြန့်ပြန့်ဖတ်ဖို့က အရေးကြီးပါတယ်။ မိဘတွေနဲ့တော့ အပေးအယူလုပ်ရမှာပါ။

“ဆရာကြီးပါရဂူကတော့ နည်းနည်းထူးခြားပါတယ်။ သမိုင်းနောက်ခံအချက်အလက်တွေကို သုံးပြီးတော့ ရေးလေ့ရေးထရှိပါတယ်။ အရင်ခေတ်တွေနဲ့ ဒီခေတ်တွေ မတူဘူး။ ဟိုအရင်တုန်းက ခေါမခေတ်ဟာ တိုက်ရိုက်ဒီမိုကရေစီစနစ်ကျင့်သုံးလို့ရတဲ့ ခေတ်ဖြစ်ပါတယ်။ အခုခေတ်မှာ တိုက်ရိုက်ဒီမိုကရေစီဆိုတာ ဘယ်လိုမှ သုံးလို့မရပါဘူး။ ၅၂ သန်းစလုံးက တက်ပြီး အစိုးရလုပ်နေမယ်ဆိုရင် ဘယ်တော့မှ အလုပ်မဖြစ်တော့ဘူး။ ဒါကြောင့် ကိုယ်စားပြု ဒီမိုကရေစီဆိုတာ ပေါ်လာတာပါ။ ပြည်သူတွေက သူတို့ရဲ့ ကိုယ်စားလှယ်တွေကို သူတို့ရွေးချယ်တယ်။ သူတို့ရွေးချယ်တဲ့ကိုယ်စားလှယ်တွေက နိုင်ငံရဲ့အုပ်ချုပ်ရေးကို တာဝန်ယူရတယ်။ ဒါပေမယ့်လည်း စည်းလုံးညီညွတ်ရေးနဲ့ ဆင်ခြင်တုံတရားရှိရေးကျတော့ ဘယ်ခေတ်မှာမဆို တူတူပဲ။ ဆင်ဆင်ခြင်ခြင် စည်းစည်းလုံးလုံးလုပ်မှ အောင်မြင်နိုင်တယ်။ ကိုယ်စားပြုဒီမိုကရေစီပဲဖြစ်ဖြစ်၊ တိုက်ရိုက်ဒီမိုကရေစီပဲဖြစ်ဖြစ် အပေးအယူဆိုတာ ရှိရမယ်။ မျှမျှတတရှိရမယ်။ နိုင်ငံရဲ့ကောင်းကျိုးကို ရှေ့ထားရမယ်။ ကိုယ်လိုချင်တာ ကိုယ့်ဆန္ဒကို ရှေ့ထားလို့မဖြစ်ဘူး။

“ရသနဲ့ သုတ နှစ်ခုစလုံးက ရှိဖို့လိုတယ်။ စောစောကပြောသွားသလို ဦးနှောက်နဲ့ နှလုံးသားလိုပါ။ အခုထိတော့ ဦးနှောက်အစားထိုးတာတော့ ခက်လိမ့်မယ်။ နှလုံးသားကတော့ အစားထိုးလို့ရနေပြီလို့ ထင်ပါတယ်။ ဘယ်လောက်ကြာကြာခံသလဲဆိုတာတော့ တစ်ယောက်နဲ့တစ်ယောက် မတူပါဘူး။ ဘယ်လိုပဲပြောပြော ဦးနှောက်ဘက်ကနေ စဉ်းစားရမယ်။ နှလုံးသားဘက်ကလည်း စဉ်းစားရမယ်။ ရသရော၊ သုတရော အခုချိန်မှာ ရသက မျက်နှာငယ်နေတဲ့အတွက် ရသဘက်က ရပ်တည်ရမှာဖြစ်ပါတယ်။ ရသမှာလည်း တန်ဖိုးရှိတယ်။ ရသဆိုတာလည်း လူ့ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက်၊ ဉာဏ်ပညာရှင်လန်းတိုးတက်မှုအတွက် အများကြီးအထောက်အကူဖြစ်တယ်ဆိုတာကို ပြောချင်တာပါ။

## လူငယ်တွေအနေနဲ့ ဖန်တီးစရာတွေ အများကြီးရှိ

“လူတွေက ယဉ်ကျေးလာတဲ့အခါမှာ ဂီတတွေကို ဖန်တီးလာကြတယ်။ ဂီတတွေကို ဖန်တီးလာပြီးတော့ ဂီတနဲ့ယဉ်ကျေးမှုက တဖြည်းဖြည်းဆက်စပ်လာပါတယ်။ အဲဒီ ယဉ်ကျေးမှုဆိုတာက ငြိမ်းချမ်းရေးနဲ့ ဆက်စပ်မှုရှိတယ်။ အဓိကကတော့ လူတွေရဲ့ စိတ်တွေကို ဂီတကယဉ်ကျေးအောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ ငြိမ်းချမ်းရေးဂီတပွဲတော်ဆိုတာရှိသလို ငြိမ်းချမ်းရေးစာပေပွဲတော်ဆိုတာလည်း ရှိပါတယ်။ ဂီတကို ဘယ်လို စာပေကနေပြီး အကျိုးပြုသလဲ၊ စာပေကို ဂီတက ဘယ်လိုအကျိုးပြုသလဲ။ အနုပညာသည် တစ်ယောက်က သူ့ရဲ့အနုပညာအားနဲ့ တိုင်းပြည်အတွက် ဘယ်လို အကျိုးရှိအောင် လုပ်ပေးမှာလဲ။ ပြီးရင် တခြားနိုင်ငံတွေနဲ့ ဆက်သွယ်တဲ့အခါမှာ မြန်မာတွေရဲ့ယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းထားမယ်။ ဆက်လက်ပြီး မျိုးဆက်သစ်တွေကို မွေးထုတ်ပေးမယ်။ ရှေးဟောင်းအနုပညာတွေကို ဖော်ထုတ်မယ်။ လူငယ်တွေအနေနဲ့ ထပ်ပြီးတော့ ဖန်တီးစရာတွေလည်း အများကြီးရှိပါတယ်။ အဲဒီလို လုပ်ခြင်းအားဖြင့် နိုင်ငံကို အကျိုးပြုနိုင်မယ်လို့ ထင်ပါတယ်။

“စာဖတ်ဝိုင်းတွေ၊ ကျောင်းသားသမဂ္ဂတွေရော ကျောင်းသားအစုအဖွဲ့နဲ့ လုပ်တတ်တဲ့ အလေ့အကျင့်ကို ငယ်ငယ်ကတည်းကနေပြီး ကျွန်မတို့အားပေးချင်တယ်။ မိန့်ခွန်း ပြောတုန်းကလည်း ပြောသွားပါတယ်။ အစုအဖွဲ့နဲ့လုပ်ရတာ ပိုပြီးတော့ ပျော်စရာ ကောင်းတယ်။ အဲဒီထဲမှာ လူတွေကအားနည်းချက်လည်းရှိတယ်။ အားသာချက်လည်း ရှိတယ်။ အစုအဖွဲ့နဲ့နေတယ်ဆိုရင် တစ်ယောက်ရဲ့အားနည်းချက်ကို တစ်ယောက်က နေပြီးတော့ ဖြည့်ဆည်းပေးလို့ရတယ်။ တစ်ယောက်ရဲ့ အားသာချက်ကို အားလုံးက ဝိုင်းပြီးတော့ ပိုပြီးတော့ အားသာလာအောင်၊ ပိုပြီးတော့ တန်ဖိုးရှိလာအောင်လည်း လုပ်ပေးလို့ရတယ်။ အဲဒီလို အစုအဖွဲ့နဲ့လုပ်တယ်ဆိုတာ တစ်ယောက်တည်းလုပ်တာထက် အများကြီးပိုပြီးတော့ ထိရောက်တယ်။ တစ်ယောက်တည်း သီချင်းနားထောင်နေတာထက် အစုအဖွဲ့နဲ့နားထောင်ပြီး ဆွေးနွေးရတာဟာ ကိုယ်မစဉ်းစားမိသေးတဲ့အရာတွေ အများကြီး စဉ်းစားမိတယ်။

“ဒါကြောင့် ဒီလို အစုအဖွဲ့တွေနဲ့လုပ်တာကို အများကြီးအားပေးချင်တယ်။ ကျောင်းသားအဖွဲ့အစည်းများ အနုပညာနဲ့ပတ်သက်လို့ပဲဖြစ်ဖြစ် ကျောင်းသားသမဂ္ဂနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် ဒီဟာတွေကို တန်ဖိုးရှိရှိနဲ့ ကြီးထွားလာဖို့အတွက် အတတ်နိုင်ဆုံး အားပေးပြီးတော့ ကူညီပေးပါ့မယ်။

*စာမျက်နှာ ၁၁ သို့*





*✳ ကျောဖုံးမှ*

ပြန်လည်လက်ခံရေးစခန်းဖွင့်လှစ်ထားရှိမှု အခြေအနေများကို ကြည့်ရှုကြသည်။ ယင်းနောက် နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းသို့ သွားရောက်ပြီး နှစ်နိုင်ငံနယ်စပ်ခြံစည်းရိုး နှစ်ခုအကြား အဆောက်အအုံများ ဆောက်လုပ်နေထိုင်နေမှုများအား သွားရောက်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ငါးခူရလက်ခံရေးစခန်းနှင့် လှဖိုးခေါင်ကြားစခန်းတို့ကို သွားရောက်ကြည့်ရှုကြသည်။ ဆက်လက်၍ ရွှေဇားကျေးရွာအုပ်စု အောင်ဗလကျေးရွာတွင် အိန္ဒိယနိုင်ငံက ဆောက်လုပ်လှူဒါန်းသော လူနေအိမ် ၁၄၈ လုံး တည်ဆောက်နေမှုအခြေအနေကိုကြည့်ရှုပြီး မောင်တောဒေသတောင်ပိုင်းရှိ ပန်းတောပြင်၊ ကိုင်းကြီး(မြို)ကျေးရွာများ၌ ဒေသခံပြည်သူများအတွက် နေအိမ်သစ်များ ဆောက်လုပ်ထားရှိမှုကို သွားရောက်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် စစ်တွေမြို့သို့ပြန်လည်ရောက်ရှိကာ မြို့တွင်းသို့ လှည့်လည်ကြည့်ရှုသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

---

*စာမျက်နှာ ၁၀ မှ*

"အခုကျောင်းတွေမှာသုံးနေတဲ့ ကဗျာစာအုပ်တွေက အားလုံး မစုံလင်ဘူးဆိုတာတော့ မှန်ပါတယ်။ ဒါတွေကိုလည်း ပြန်ပြီးလေ့လာရမယ်။ ခေတ်အဆက်ဆက် ကဗျာအကြောင်းသင်တယ်ဆိုရင်တော့ ခေတ်အဆက်ဆက်က ကဗျာတွေဖြစ်ရမယ်။ ဘာလို့လဲဆိုရင် ရေးနည်း၊ ရေးပုံပြောင်းလဲတာတွေ၊ အသုံးအနှုန်းတွေပြောင်းလဲလာတယ်။ အမြင်တွေ ပြောင်းလဲလာတယ်။

**ကဗျာတွေဆိုတာ သူ့ခေတ်၊ သူ့အခါကို ရောင်ပြန်ဟပ်**

"ခေတ်နဲ့အညီ စဉ်းစားသွားရတယ်။ ခေတ်ကပြောင်းသွားမှာပဲ။ မပြောင်းနဲ့လို့တော့ ပြောလို့ မရဘူး။ ကဗျာတွေဆိုတာ သူ့ခေတ်၊ သူ့အခါကို ရောင်ပြန်ဟပ်တယ်ဆိုရင် ရေးတဲ့သူရဲ့အနေအထားကိုလည်း ရောင်ပြန်ဟပ်တယ်။ သူ့ခေတ်၊ သူ့အခါ၊ သူ့အမြင်၊ သူ့ရဲ့အဆင့်တွေကိုလည်း ကြည့်ပြီးတော့ ကဗျာတွေကို လေ့လာရမယ်။

"အတိတ်ကိုသိမယ်ဆိုရင် ပစ္စုပ္ပန်အတွက်၊ အနာဂတ်အတွက် အသုံးချဖို့ပဲ။ အခုအမေ တို့ရဲ့မျှော်မှန်းချက်က တောင်သူလယ်သမားနဲ့ ထန်းတက်သမား သားသမီးတွေလည်း အဆင့်မြင့်ပညာကို သင်ချင်တယ်ဆိုရင်သင်နိုင်ဖို့ပါ။ ဒီခေတ်ရဲ့အားသာချက်က ပြောင်းနိုင်ပြင်နိုင်တဲ့အခြေအနေ ရှိပါတယ်။

"စာပေဆိုတာ အတွေးအခေါ်တွေကို ပေးဖို့ဖြစ်တယ်။ လောကကြီးထဲမှာ အဖြေတစ်ခုတည်းရှိတယ်ဆိုပြီး ဆုပ်ကိုင်ထားတဲ့သူတွေဟာ ပတ်ဝန်းကျင်အသိုင်းအဝိုင်းကြားထဲမှာ အဆင်ပြေဖို့အတွက် အထောက်အကူ မဖြစ်ဘူး။ အတွေးအခေါ်၊ နှလုံးသားဆိုင်ရာ၊ လူ့ဘဝဆိုင်ရာ ကိစ္စတွေကျတော့ အဖြေတွေ အမျိုးမျိုးရှိတယ်။ ဒါတွေကို ရသစာပေက ပိုပြီးတော့နားလည်ပေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် အမြင်ကျယ်ရမယ်။ သဘောထားကြီးရမယ်။ နားလည်မှုပေးရမယ်။ တစ်ဖက်တည်းကပဲကြည့်နေမယ်ဆိုရင် မကောင်းဘူးပေါ့။ လူတစ်ယောက်ကို အမြဲပဲ မှားတယ်၊ မှန်တယ် လွယ်လွယ်ကူကူနဲ့ မဆုံးဖြတ်ရဘူးဆိုတာကို ရသစာပေက သင်ခန်းစာပေးတယ်လို့ မြင်ပါတယ်။

"နယ်တွေမှာ စာအုပ်ကို လွယ်လွယ်ကူကူ မရနိုင်ဘူးဆိုတာ၊ စာအုပ်တန်ဖိုးဈေးကြီးတယ်ဆိုတာ မှန်ပါတယ်။ စာကြည့်တိုက်တွေလည်း မများပါဘူး။ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကနေ ပထမဦးဆုံး ရွေ့လျားစာကြည့်တိုက်တွေ စပြီးလုပ်တာက ကော့မှူးမှာ စပြီးလုပ်တာ ဖြစ်ပါတယ်။

**ရွေ့လျားစာကြည့်တိုက်တွေက ကျောင်းတွေကို ဦးတည်**

"အခုဆိုရင် ၁၁ မြို့ကိုရောက်သွားပါပြီ။ ရွေ့လျားစာကြည့်တိုက်တွေက အဓိက ကျောင်းတွေကိုပဲ ဦးတည်ရတာဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းတွေမှာ စာကြည့်တိုက်တွေမရှိဘူး။ ပထမဆုံး စာကြည့်တိုက်လုပ်မယ်ဆိုပြီး ကျွန်မစဉ်းစားတဲ့အခါ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကို စီမံခန့်ခွဲပေးနေတဲ့ ကျွန်မမိတ်ဆွေတွေအားလုံးက မဖြစ်နိုင်ဘူးဆိုပြီး ငြင်းတယ်။ ကျွန်မက ဖြစ်နိုင်တယ်။ မဖြစ်နိုင်ဘူးဆိုပြီး ငြင်းမနေနဲ့ ဖြစ်အောင်လုပ်ဆိုပြီး ဒါကို စီစဉ်လိုက်တဲ့အခါ တော်တော်ကိုအောင်မြင်တယ်။

"ရွေ့လျားစာကြည့်တိုက်ကို စပြီးဖွင့်လှစ်တဲ့နေ့မှာဆိုရင် နာရီပိုင်းအတွင်းမှာ စာအုပ်တွေအားလုံးငှားလို့ရတယ်။ ဘယ်သွားသွား စာကြည့်တိုက်အသစ်တွေဖွင့်တဲ့အခါမှာ အင်မတန်မှ အောင်မြင်တယ်။ ကလေးတွေအတွက်ဆိုရင် ကလေးတွေနဲ့ သင့်တော်မယ့် စာအုပ်၊ လူငယ်ပိုင်းဆိုရင် လူငယ်ပိုင်းနဲ့ သင့်တော်မယ့်စာအုပ် သုတစာပေနဲ့ ရသစာပေတွေလည်းပါတယ်။ ရွေ့လျားစာကြည့်တိုက်ရဲ့အဓိက ရည်ရွယ်ချက်က ကလေးတွေ စာဖတ်ခြင်းရဲ့အရသာ သိသွားအောင်လို့ အဲ့ဒါ တော်တော်အောင်မြင်ပါတယ်။ ဒါတွေ လည်း ပြန်ကြားရေးဝန်ကြီး ဆရာဦးဖေမြင့်နဲ့ ပူးပေါင်းဆောင်ရွက်ပြီး တတ်နိုင်သလောက် ကျယ်ပြန့်အောင်လုပ်နေပါတယ်။

**အခွင့်အရေးတွေ ပေါ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ လုပ်ရင်အောင်မြင်နိုင်**

"စာကြည့်တိုက်တွေ ပြန့်ပွားရေးကို အဓိကထားပြီး ဒေါက်တာဖေမြင့်နဲ့ ကြိုးစားနေပါတယ်။ ဒေါက်တာမျိုးသိမ်းကြီးကလည်း ကျောင်းတွေမှာ စာကြည့်တိုက်တွေကို တိုးတက်မှုရအောင်လို့ ဝေဆာအောင်လုပ်နေပါတယ်။ ပြီးခဲ့တဲ့အပတ်က ပေတောဆိုတဲ့ ရွာလေးကို သွားတဲ့အခါ ရွာကကလေးတွေက တော်တော် တက်တက်ကြွကြွရှိတယ်။ သူတို့ကို မေးကြည့်တယ်။ ကလေးတွေဖတ်ဖို့ စာအုပ်ရှိလားလို့။ စာအုပ်ဗီရိုလေးတော့ အနည်းဆုံးရှိစေချင်တယ်။ စာကြည့်ခန်းမဟုတ်ရင်တောင်မှ ကလေးတွေအတွက် စာအုပ်တွေ သေတ္တာနှစ်လုံး လှူလိုက်ပါတယ်။ လှူလိုက်တဲ့အတွက် ကလေးတွေမှာ ဖတ်စရာစာအုပ်လေးရှိသွားမယ်။ ဗီရိုလေးရှိသွားမယ်။ စာအုပ်ငှားပြီးဖတ်တတ်တဲ့ အလေ့အကျင့်လည်းဖြစ်သွားမယ်။ ကိုယ်ဟာ အသက်ရှင်နေသရွေ့ကိုယ့်ပတ်ဝန်းကျင်ကို ပိုပြီးတော့ ကောင်းသွားအောင်လုပ်နိုင်မယ့် အခွင့်အရေးတွေ ပေါ်လာမယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ ဆက်ပြီးတော့ လုပ်သွားမယ်ဆိုရင် အောင်မြင်နိုင်မှာဖြစ်ပါတယ်။

"ပညာရေးစနစ်ကို တိုးတက်အောင်လုပ်ရမယ်။ ကလေးတွေဟာ ငယ်ငယ်ကတည်းက ဗဟုသုတကြွယ်ဝအောင်၊ ကောင်းကောင်းမွန်မွန်ရေးတတ်အောင် အနုအလှကိုခံစားတတ်အောင်၊ ကဗျာနဲ့ပတ်သက်ရင် အများဆုံးကဗျာတွေဟာ ဘာသာရေးသို့မဟုတ် အချစ်ရေးနဲ့ဆိုင်တယ်။

"ကျွန်မတို့နိုင်ငံကနေ အဆင့်မြင့်တဲ့ စာရေးဆရာ၊ ရသဆရာတွေထွက်ပေါ်လာအောင် ပညာရေးအဆင့်ကိုမြှင့်ရမှာပဲ ကျွန်မတို့ မြန်မာစာတစ်ခုတည်း မြှင့်လို့မရဘူး။ အဘက်ဘက်က ပညာရေးစနစ်မြင့်လာတာနဲ့အမျှ အင်မတန်မှ အဆင့်မြင့်တဲ့စာပေတွေ ထွက်လာမှာဖြစ်ပါတယ်။ အဲဒါကို ကြိုးစားပါမယ်။ ပညာရေးဝန်ကြီးကလည်း ဒါကိုနားထောင်နေပါတယ်။

"အနုပညာ၊ ကဗျာ၊ အားကစားတွေကို သင်ရိုးညွှန်းတမ်းထဲမှာပါပြီးတော့ အောင်မြင်ခြင်းရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ပါလာအောင် ပြောရမယ်ဆိုရင် အမှတ်ရအောင်၊ ဒီဟာတွေကိုလည်း အမှတ်ပေးတဲ့ ဘာသာရပ်တွေလိုဖြစ်လာအောင်လို့ လုပ်မယ့်ဟာကိုလည်း ဦးတည်နေပါတယ်။

**နှစ်ဖက်စလုံးကို မျှတအောင်လုပ်**

"နောက်ပြီးတော့ အဓိကကြိုးစားနေတာက teamwork ပါ။ အစုအဖွဲ့နဲ့ အလုပ်လုပ်တတ်အောင်။ အဲဒါကိုတော့ ကျွန်မကို ဆရာတစ်ယောက်ကပြောပါတယ်။ မိန်းကလေး တွေနဲ့ ယောကျ်ားတွေနဲ့ယှဉ်ရင် ယောကျ်ားလေးတွေက အစုအဖွဲ့နဲ့လုပ်တဲ့နေရာမှာ ပိုပြီးတော့ ကောင်းကြတယ်လို့ပြောတယ်။ ပိုပြီးတော့ အောင်မြင်တယ်။ မိန်းကလေးတွေက အစုအဖွဲ့နဲ့ လုပ်တဲ့နေရာမှာ အားနည်းတယ်။ အစုအဖွဲ့နဲ့လုပ်တဲ့ ကိစ္စတွေ အတွက်၊ ဘာသာရပ်တွေအတွက် အမှတ်တွေပေးမယ်ဆိုရင် ယောကျ်ားလေးတွေဘက်က အားသာချက်တွေ ပေါ်လာမှာပေါ့။ နည်းအမျိုးမျိုးနဲ့တော့ နှစ်ဖက်စလုံးကို မျှတအောင် လုပ်ရမှာပဲ။

"ကျွန်မတို့ တကယ့်ကို စဉ်းစဉ်းစားစားနဲ့ သုတေသနလုပ်ပြီးတော့ အဘက်ဘက်ကနေလေ့လာပြီးတော့ ယောကျ်ားလေးတွေရော၊ မိန်းကလေးတွေရော တန်းတူညီတူတိုးတက်နိုင်အောင်၊ ကိုယ့်ရဲ့အားသာချက်ကို ကိုယ်အပြည့်အဝ အသုံးချနိုင်အောင်လို့ အဲသလိုပညာရေးစနစ်မျိုးကို ထူထောင်ဖို့ ကြိုးစားနေပါတယ်။

"ကျောင်းရဲ့သင်ရိုးညွှန်းတမ်းတွေမှာကို တစ်ပတ်တစ်ခါလောက် စာကြည့်တိုက်တွေမှာ စာဖတ်တဲ့အလေ့အကျင့်ရှိဖို့ပါ။ စာကြည့်တဲ့ အခန်းမရှိရင် Library အချိန်လို့ခေါ်လိုက်လို့ရတာပေါ့။ စာကြည့်တိုက် အချိန်ဆိုရင်၊ ကိုယ့်မှာစာကြည့်ခန်းမရှိရင် ကိုယ့်ရဲ့အခန်းထဲမှာပဲ ဗီရိုထဲက စာအုပ်တွေထဲက ရွေးပြီးတော့ စာဖတ်တာ၊ စာဖတ်တာဆိုတာ ကိုယ့်ရဲ့ စိတ်ဝင်စားမှုတွေအတွက်၊ ကျောင်းစာနဲ့ ဘာမှမဆိုင်ဘူး။

**စာဖတ်ခြင်းမှာ သာယာအောင်လုပ်**

"ကျောင်းကတည်းက စာအုပ်နဲ့ မရင်းနှီးတဲ့သူတွေက တက္ကသိုလ်ရောက်မှ စာကြည့်တိုက်ထဲမှာသွားပြီး ထိုင်ချင်တဲ့စိတ်ရှိတော့မှာ မဟုတ်ဘူး။ ဒါကြောင့်မို့ စာဖတ်ခြင်းကို ကလေးတွေ ဝါသနာပါအောင်၊ စာဖတ်ခြင်းမှာ သာယာအောင် လုပ်ပေးဖို့ဆိုတာ ကျောင်းကလည်းလုပ်ပေးရမယ်၊ မိဘတွေကလည်းလုပ်ပေးရမယ်။

"တခြားနည်းလမ်းနဲ့ ဒီပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာ စဉ်းစားရမယ်။ အရပ်က စုပေါင်းပြီး ကလေးတွေ အတူတူဆော့တာတို့၊ ကလေးထိန်းဌာနရယ် မဟုတ်ဘူးပေါ့။ ကလေးကစားဝိုင်းတွေ လုပ်ပေးနိုင်မလား၊ ကလေးစာဖတ်ဝိုင်းတွေ လုပ်ပေးနိုင်မလား။ ကလေးတွေအနေနဲ့ ကိုယ့်ရဲ့ရပ်ရွာအတွင်းမှာ ဗဟုသုတအတွက် သမိုင်းနဲ့ဆိုင်တဲ့ အဆောက်အအုံတွေ သွားကြည့်တာတို့ အမျိုးမျိုးပေါ့။ အမျိုးမျိုးစဉ်းစားရမယ်။ ဒါအားလုံးဝိုင်းပြီးကြိုးစားရမှာပဲ။

"ငယ်ငယ်ကတည်းက စာအုပ်တွေနဲ့ ရင်းနှီးနိုင်ဖို့ဆိုရင် စာအုပ်တွေ အများအပြားပြည်သူတွေလက်ထဲကို ရောက်ဖို့လိုတယ်။ စာကြည့်တိုက်တွေ ရှိရမယ်။ စာအုပ်ဆိုင်တွေ ရှိရမယ်။ ပြီးတော့ အိမ်တိုင်းအိမ်တိုင်းမှာ စာအုပ်စင်တွေ ရှိရင်ကောင်းတယ်။ တချို့အိမ်တွေမှာ စာအုပ်စင်ကိုမရှိဘူး။ စာအုပ်စင် အိမ်မှာထားရကောင်းမှန်းတောင် မသိကြဘူး။

**ရသ၊ သုတ စာပေတိုးတက်စေချင်**

"စာအုပ်ဆိုတာ ကျောင်းမှာမှ တွေ့ရတဲ့ကိစ္စ၊ လွယ်အိတ်ထဲမှာ စာကျက်ဖို့ထည့်ထားတဲ့ပစ္စည်းတစ်ခုလို ဖြစ်နေတယ်။ ကျွန်မတို့နိုင်ငံမှာ ရသစာပေ တိုးတက်စေချင်တယ်။ ရသစာပေပဲဖြစ်ဖြစ်၊ သုတစာပေပဲဖြစ်ဖြစ် စာပေတိုးတက်စေချင်တယ်။ ဗဟုသုတပွားများစေချင်တယ်ဆိုရင်တော့ စာပေနဲ့ ပြည်သူလူထုနဲ့ ရင်းနှီးအောင်၊ နီးစပ်နိုင်အောင် လွယ်လွယ်ကူကူ ကုန်ကျစရိတ်မများဘဲ စာပေကို လက်လှမ်းမီနိုင်အောင် အားလုံးဝိုင်းပြီးလုပ်ရမယ်လို့ ထင်ပါတယ်။ အစိုးရချည်းပဲ လုပ်ပေးလို့ မရပါဘူး။ ပုဂ္ဂလိကကလည်း ကူညီသင့်ပါတယ်။ ဥပမာ စာကြည့်တိုက်တွေ လှူတာတို့၊ စာအုပ်တွေလှူတာတို့ စသည်ဖြင့် ကိုယ်တစ်နိုင်တစ်နိုင် ဝိုင်းပြီးကူညီပေးကြပါလို့ ကျွန်မအနေနဲ့ အခွင့် အရေးရှိတုန်း မေတ္တာရပ်ခံပါတယ်"ဟု ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား ကျောင်းသူ လူငယ်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

**သတင်းစဉ်**

---

# ဆိုက်ဘာပြခန်းကို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ပါဝင်ပြသ

**မန္တလေး ဩဂုတ် ၁၁**

မန္တလေးမြို့တွင် သုံးရက်တာ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဆိုက်ဘာနည်းပညာပြခန်း ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရပြီး ပြခန်းပြသခြင်းအပြင် လူငယ်များ နည်းပညာ၊ အသိပညာတိုးတက်မြင့်မားစေရန် ရည်ရွယ်သည့် ဉာဏ်စမ်းပဟေဠိ အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

ပွဲတော်အတွင်း နည်းပညာနှင့်ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများကိုလည်း ပြုလုပ်သွားမည်ဖြစ်ပြီး ဟောပြောပွဲတွင် ပြသရှင်းလင်းသည့် အချက်အလက်များကို မေးမြန်းဖြေကြားသည့် အစီအစဉ်ကိုလည်း စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

"ပြခန်းမှာ ပညာပေးအစီအစဉ်တွေကိုပြမယ်။ လက်ကမ်းစာစောင် Phamplet တွေဝေမယ်။ နောက်တစ်ခုက အလယ်တန်းအဆင့် ကျောင်းသားလေးတွေကို Mindcraft Education ဆိုတဲ့ Application တွေနဲ့ Mind Game လေးတွေ၊ ပြိုင်ပွဲလေးတွေ လုပ်ပေးမယ်။ ပြီးရင် IT နည်းပညာဆိုင်ရာ Quiz လေးတွေရှိမယ်။ ဖြေဆိုတဲ့အခါ သတ်မှတ်တဲ့အချိန် ၁၀ မိနစ်အတွင်းမှာ ၁၅ ပုဒ်ဖြေရမယ်။ ဖြေတဲ့အခါမှာ အမှတ်အနည်းအများပေါ် မူတည်ပြီးတော့ ကလေးတွေကို ဒီပွဲနဲ့ပတ်သက်တဲ့ အမှတ်တရပစ္စည်းလေးတွေ ပြန်ပြီးတော့ ပေးသွားမှာ ဖြစ်ပါတယ်။

"ပွဲကျင်းပတဲ့ သုံးရက်လုံးမှာ အမြန်ဆုံးနဲ့ အမှတ်အများဆုံးဖြေနိုင်တဲ့သူကို ပထမ၊ ဒုတိယ၊ တတိယနဲ့ စတုတ္ထ (နှစ်သိမ့်ဆု)ဆိုပြီးတော့ ပွဲတော်နောက်ဆုံးနေ့ မွန်းလွဲ ၁ နာရီ နောက်ဆုံးထားပြီး ဖြေသွားတဲ့သူတွေထဲကနေ ထပ်ပြီးတော့ ဆုချီးမြှင့်ပေးဦးမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ပြခန်းများပါဝင်ပြသ

မန္တလေး ဩဂုတ် ၁၁

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ပြခန်းများ ပါဝင်ပြသလျက်ရှိသည်။**



လူငယ်များအနေဖြင့် မျိုးဆက်ပွားကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာများ အားနည်းသည့်အတွက် မလိုလားအပ်သည့် နောက်ဆက်တွဲပြဿနာများ ဖြစ်ပေါ်ခြင်းကို ရှောင်ရှားနိုင်ရန် ရည်ရွယ်၍ ယခုကဲ့သို့ အသိပညာပေးပြခန်းများ ပါဝင်ပြသခြင်းဖြစ်ကြောင်း သိရသည်။

ပြခန်းများနှင့် ပတ်သက်၍ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက "ကျွန်မတို့ အသင်းအနေနဲ့ မျိုးဆက်ပွားကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ အသိပညာပေးအစီအစဉ်တွေ လုပ်ဆောင်နေတယ်။ ရည်ရွယ်ချက်ကဘာလဲဆိုတော့ မျိုးဆက်ပွားကျန်းမာရေး အသိပညာနည်းတဲ့အတွက်ကြောင့်မို့ မလိုချင်တဲ့အချိန်မှာ ကိုယ်ဝန်ဆောင်ရတဲ့ ပြဿနာတွေ ရှောင်နိုင်အောင်ပါ။ ဒီလိုပြဿနာတွေရဲ့ နောက်ဆက်တွဲ ပြဿနာတွေအနေနဲ့ ကလေးဖျက်ချတာတို့၊ သားသမီးမွေးလာတာကို မလိုချင်လို့ စွန့်ပစ်တာတွေ ကျွန်မတို့တိုင်းပြည်မှာ ဖြစ်နေတယ်။

ဒါကြောင့် အခုဒီပွဲကိုလာတဲ့ လူငယ်ထုတွေ၊ ကျောင်းသားကျောင်းသူတွေကို မျိုးဆက်ပွားကျန်းမာရေး အသိပညာတွေကို ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပြခန်းတွေကို ပြသတာဖြစ်တယ်။

အသိပညာပေးတဲ့အပိုင်းမှာ မလိုချင်တဲ့ကိုယ်ဝန်မရရှိအောင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ လှည့်ဖြားခြင်းမခံရအောင် အသိပညာပေးပါတယ်။ ပြီးတော့ စွန့်ပစ်တဲ့ ကလေးငယ်လေးတွေ ဘယ်လောက်ဒုက္ခရောက်တယ်ဆိုတဲ့ အကြောင်းကို ဒီမှာပြထားပါတယ်။ ဒါတင်မကဘူး။ တစ်ကိုယ်ရေ မိခင်တွေကို စောင့်ရှောက်တဲ့ အကြောင်းတွေ၊ တစ်ကိုယ်ရေ မိခင်တွေရဲ့ဘဝ ဘယ်လိုမျိုးတွေ ဆိုတာကိုပါ ပြသထားပါတယ်။ ဒါတွေကို လူငယ်တွေအနေနဲ့ နားလည်ပြီး ဒီလိုအဖြစ်ဆိုးမျိုးကနေ ရှောင်ရှားနိုင်ဖို့ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအနေဖြင့် ပြခန်းများ ပါဝင်ပြသခြင်းအပြင် လူငယ်များကိုယ်တိုင် ပါဝင်ဆွေးနွေးနိုင်မည့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသည့် စကားဝိုင်းများကိုလည်း စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုအကြောင်းကို ဒေါက်တာမြသီတာက "အမျိုးသမီး အမျိုးသားလူငယ်တွေကိုယ်တိုင် ပါဝင်ဆွေးနွေးမယ့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့ ဆိုတဲ့စကားဝိုင်းတစ်ခု ပါပါတယ်။ နောက်စကားဝိုင်းကတော့ ကိုယ်တိုင်ကိုယ်ကျ ရွေးချယ်လို့ မိသားစုဘဝ ထူထောင်ကြပါစို့ စကားဝိုင်းပါ။ ဒီစကားဝိုင်းနှစ်ခုကို ကျွန်မတို့အသင်းက လုပ်မှာဖြစ်ပါတယ်။ ပြီးတော့ အသိပညာပေး ပြဇာတ်တွေလည်း ပါပါတယ်။ ဒါတွေ အကုန်လုံးဟာ ရင်ခွင်မဲ့ကလေးငယ်တွေ လျှော့ချရေး၊ အမျိုးသမီးတွေ အကြမ်းဖက်မှုလျှော့ချရေး၊ တစ်ကိုယ်ရေမိခင်တွေဖြစ်ခြင်းကို လျှော့ချရေး စတာတွေအတွက်ကို ရည်ရွယ်တာဖြစ်ပါတယ်။"

ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းအနေဖြင့် အသင်း၏လှုပ်ရှားမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ အမျိုးသမီးစွမ်းဆောင်ရှင်အသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း၊ အမျိုးသမီးများအဖွဲ့အစည်း ကွန်ရက်၊ ကျား/မ တန်းတူညီမျှရေးကွန်ရက်စသည့် အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **အောင်မင်းဟန်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် မြန်မာနိုင်ငံဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ဖျော်ဖြေရေးအစီအစဉ်များ ပါဝင်တင်ဆက်

မန္တလေး ဩဂုတ် ၁၁

**ဩဂုတ်လ ၁၁ မှစတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ တေးသီချင်းများ၊ ပြဇာတ်များ၊ စကားဝိုင်းများ၊ ပညာပေးဟောပြောပွဲများဖြင့် ပွဲတော်လာသည့်ပရိသတ်များအား ဖျော်ဖြေတင်ဆက်လျက်ရှိသည်။**

ဩဂုတ် ၁၂ ရက်တွင် နံနက် ၈ နာရီမှ ၁၂ နာရီအထိ မန္တလေးတက္ကသိုလ် အင်းဝဆောင် အမှတ်(၉)တွင် တေးသံရှင် ဆူမိုနှင့် သဇင်သီရိခေတ်တို့က တေးသီချင်းများဖြင့် လည်းကောင်း၊ ပြန်လည်ထူထောင်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ်မှ မသန်စွမ်းအမျိုးသမီးငယ်လေးများ၏ လက်ရှိအခြေအနေနှင့် ပြည့်စုံသည့် လူမှုဝန်းကျင်ဖြစ်စေဖို့ အားလုံးပါဝင်ကြပါစို့ Documentary အား လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီမှ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှုကင်းဝေးရေးအစီအစဉ်အား လည်းကောင်း၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ရင်ခွင်မဲ့ကလေးငယ်များအရေး စုပေါင်းကူညီဆောင်ရွက်ပေး စကားဝိုင်းအား လည်းကောင်း၊ မူးယစ်ဆေးစွဲ ပြန်လည်ထူထောင်ရေးဆိုင်ရာ အသိပညာပေးစကားဝိုင်းအား လည်းကောင်း၊ ဒေါက်တာပြုံးမိုအိက အရေးပေါ်သားဆက်ခြား အသိပညာပေးဟောပြောပွဲ အစီအစဉ်များအလိုက် ကျင်းပသွားမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင်လည်း တောင်ကြီးမြို့မင်္ဂလာဦး လူငယ်ရိပ်သာအဖွဲ့မှ ရှမ်းရိုးရာအက၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အကြမ်းဖက်မှုကင်းစင်မှာ ဟိုခရီး မဝေးပါ ပြဇာတ်၊ တေးရေး စောဗီနို၏ ကာကွယ်ပေးကြစို့ တေးသီချင်းကို တေးသံရှင် ဆူမိုကလည်းကောင်း၊ တေးရေး ဝေလ၏ လူဖြစ်ခွင့်ပေး တေးသီချင်းကို တေးသံရှင် သဇင်သီရိခေတ်က လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ငြိမ်းချမ်းရေး ပြဇာတ်ဖြင့် လည်းကောင်း အသီးသီး ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မန်း(ကိုယ်ပွား)**

○ *ကျောဖုံးမှ*

တေဇော်လင်းနှင့် စိုးမိုးကျော်တို့ကိုလည်း အသုံးပြုခဲ့သည်။ Police Tero အသင်းမှာလည်း အဓိက ကစားသမားအချို့ ပါဝင်လာခြင်းမရှိဘဲ နိုင်ငံခြားသားကစားသမားများကိုလည်း ဒုတိယပိုင်းမှ အသုံးပြုခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် အရန်ကစားသမားများဖြင့် ယှဉ်ပြိုင်သောကြောင့် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရပြီး အဆုံးသတ် အားနည်းမှုကြောင့် ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ဒုတိယပိုင်းတွင် ဂိုးရနိုင်သည့်အခွင့်အရေး သုံးကြိမ်ထက်မနည်းရခဲ့ပြီး ဒွေးကိုကိုချစ်၊ မြတ်ကောင်းခန့်၊ စည်သူအောင်နှင့် ထက်ဖြိုးဝေတို့ အသုံးမချနိုင်ခဲ့၍ ဂိုးမရဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ Police Tero အသင်းအတွက် အနိုင်ဂိုးကို ၅၉ မိနစ်တွင် နီခွန်က ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းအတွက် ချေပဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ဟိန်းဖြိုးဝင်း ဖြတ်တင်သည့် ဘောလုံးကို Police Tero အသင်း ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်ဝင်သွားခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အာရှအားကစားပြိုင်ပွဲမတိုင်မီ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ခဲ့ရာ ဒုတိယဆုရခဲ့ပြီး ပြိုင်ပွဲအကြို နောက်ဆုံးပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေးရက်ကြာ လာရောက်လေ့ကျင့်ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ပြိုင်ပွဲယှဉ်ပြိုင်ရန် ဩဂုတ် ၁၂ ရက် **(ယနေ့)** တွင် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ**-MFF

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) ပထမနေ့တွင် လာရောက်လေ့လာသူများဖြင့် စည်ကားများပြား

**မန္တလေး ဩဂုတ် ၁၁**



မန္တလေးတက္ကသိုလ်၌ ဩဂုတ် ၁၁ ရက်တွင် စတင်ကျင်းပလျက်ရှိသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)ကို တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ် ကောလိပ်အသီးသီးနှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအပြင် အသင်းအဖွဲ့အစည်း အသီးသီးမှ လူငယ်များ လာရောက်လေ့လာကြည့်ရှုကြရာ ပွဲတော်အစနေ့မှာပင် စည်ကားလျက်ရှိသည်။

အဆိုပါပွဲတော်တွင် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်နှင့်အညီ တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ် ကောလိပ်များမှ ပြခန်းပေါင်း ၂၀၇ ခန်း၊ ရန်ကုန်နှင့် မန္တလေးမြို့တို့မှ စာအုပ်အရောင်းဆိုင်ပေါင်း၁၁၇ ခန်းတို့အပြင် အပန်းဖြေအားကစားပြိုင်ပွဲများ ထည့်သွင်းကျင်းပလျက်ရှိသည်။

"ကျွန်မတို့အနေနဲ့ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ ပြခန်းပြသရခြင်းဟာ ကျောင်းမှာက အသက် ၁၈ နှစ်အောက် မိန်းကလေးတွေရဲ့အသက်မွေးဝမ်းကျောင်းပညာရပ် သင်ကြားထားမှုတွေကို ပြသတဲ့အနေနဲ့ရော၊ ဒီပစ္စည်းလေးတွေ ရောင်းချရတဲ့အခါ ကလေးတွေရဲ့လုပ်အားခလည်း ရမယ်။ ဝင်ငွေလည်း တိုးတက်စေချင်တဲ့ သဘောရယ် အခုလို ပြသခြင်း ဖြစ်ပါတယ်။ ကျောင်းမှာရှိတဲ့ ကလေးတွေ အသက်မွေးပညာအဖြစ် ဆောင်ရွက်ထားတဲ့ လူအသုံးအဆောင်ပစ္စည်းတွေကို ချည်ထည်နဲ့ ပန်းထိုးထားတဲ့ပစ္စည်းတွေ ရောင်းချပါတယ်။ ဈေးနှုန်းအနေနဲ့က အနည်းဆုံးငွေကျပ် ၇၀၀ ကနေ ငွေကျပ် ၁၅၀၀၀ အထိ ဈေးနှုန်းအမျိုးမျိုးရှိပါတယ်။ ပစ္စည်းအမျိုးအမည်ပေါင်း ၁၇ မျိုးနီးပါး ပါဝင်ပါတယ်။ ဒါကြောင့် ကျွန်မတို့အမျိုးသမီးအသက်မွေးအတတ်သင်ကျောင်းရဲ့ ကျောင်းသူလေးတွေထုတ်လုပ်ထားတဲ့ ပစ္စည်းလေးတွေ လာရောက်အားပေးဖို့ ဖိတ်ခေါ်ပါတယ်" ဟု အမျိုးသမီးအသက်မွေးအတတ်သင်ကျောင်း (မန္တလေး) ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးစန်းကပြောကြားသည်။

"ဒီပွဲလာတဲ့ သူတွေအတွက် ကျန်းမာရေးပေါင်မုန့်ကို စတုဒိသာအဖြစ် ဝေငှပေးခြင်း ဖြစ်ပါတယ်။ တစ်နေ့ကို အထုပ်ရေ ၅၀၀၀ လောက်ဝေငှသွားမှာပါ။ လူငယ်တွေအနေနဲ့ဒီပွဲကို လာရောက်တဲ့အချိန်မှာ အာဟာရပြည့်ဝစေချင်တဲ့ဆန္ဒနဲ့ လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်"ဟု SP Bakery မှ မသီတာဝင်းက ပြောကြားသည်။

"လူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် အခုလို ဆောင်ရွက်ပေးတာ ကျေနပ်ပါတယ်။ ကျွန်မတို့ လူငယ်ဘဝက ဒီလိုမျိုးမရှိခဲ့ဘူး။ ဒီပွဲကို ကျောင်းသားကျောင်းသူတွေ အများကြီးလာရောက်သလို ပွဲတော်မှာ စာအုပ်စာပေတွေ ရောင်းချပေးတဲ့အတွက် ဗဟုသုတတွေ အများကြီးရမယ်လို့ ထင်ပါတယ်။ အနာဂတ်မှာ လူငယ်တွေက အလွန်အရေးကြီးတဲ့အတွက် အခုလိုစီစဉ်ပေးတာ ကောင်းပါတယ်" ဟု ပွဲတော်သို့ လာရောက်အားပေးသူ ဒေါ်ဇင်မာခိုင်က ပြောကြားသည်။

အဆိုပါ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ရာ ပွဲတော်ကာလအတွင်း စာပေဆိုင်ရာလှုပ်ရှားမှုအဖြစ် ဟောပြောပွဲများ၊ ပြိုင်ပွဲများပါဝင်သလို အားကစားဆိုင်ရာလှုပ်ရှားမှုအဖြစ် အပန်းဖြေအားကစားပြိုင်ပွဲများ၊ သရုပ်ပြအားကစားနည်းများ၊ Science Fair ပြခန်း၊ အလုပ်အကိုင်အခွင့်အလမ်းပြခန်း၊ အသိပညာပေးပြခန်းများ ပါဝင်ပြသထားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

● *ကျောဖုံးမှ*

မြန်မာ ယူ-၂၁ အသင်းတွင် **နည်းပြချုပ်** - ဦးကြည်လွင်၊ **လက်ထောက်နည်းပြ**- ဦးချစ်နိုင်၊ ဦးကျော်လွင်၊ **ဂိုးနည်းပြ**- ဦးမျိုးကျော်အောင်၊ ကစားသမားအဖြစ် **ဂိုး** - စိုးအာကာ(ရခိုင်)၊ အေဇင်မှူး(စစ်ကိုင်း)၊ အောင်မျိုးထွေး(မြဝတီ)၊ **နောက်တန်း** - သက်ပိုင်ထွေး၊ ဇော်ထက်မင်း(ရှမ်းယူနိုက်တက်)၊ စိုးကိုကို(ရောဝတီ)၊ နေသူရလှိုင် (ရခိုင်)၊ ကျော်သက်ဦး၊ အောင်နိုင်ဝင်း(ရတနာပုံ)၊ ကျော်ဇေယျ(စစ်ကိုင်း)၊ ကျော်မျိုးနိုင်၊ ဇေရဲနောင်(အား/ကာသိပ္ပံ)၊ ဟိန်းထက်စည်သူ(မကွေး)၊ **အလယ်တန်း**- ဇော်ဝင်းမောင်၊ ရဲနိုင်ဦး၊ မင်းကိုကို၊ အောင်ဇော်မြင့် (မကွေး)၊ ဇော်မွန်အောင်၊ ထက်အာကာလွင်(အား/ကာသိပ္ပံ)၊ ဇွဲခန့်မင်း(ရှမ်း)၊ **ရှေ့တန်း** - အောင်ကောင်းမာန် (ရောဝတီ)၊ ချမ်းငြိမ်း(Southern)၊ စအောင်ပြည့်ကို(ရှမ်း)၊ အာကာ (ရတနာပုံ)၊ နန်းထိုက်ဇင်(အား/ ကာသိပ္ပံ)နှင့် သက်အောင်(ဟံသာဝတီ)တို့ ပါဝင်ကြသည်။ မြန်မာ ယူ-၂၁ အသင်းသည် ဩဂုတ် ၁၁ ရက် ညနေပိုင်းမှစ၍ လေ့ကျင့်မှုပြုလုပ်လျက် ရှိသည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**

# တာချီလိတ်၌ ငွေကျပ်သိန်းပေါင်း ၇၈၂၀၀ ခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် မော်တော်ယာဉ်နှစ်စီး သိမ်းဆည်းရမိ

တာချီလိတ် ဩဂုတ် ၁၁

**တာချီလိတ်မြို့နယ် မိုင်းဟဲအုပ်စုနှင့် လွယ်တော်ခမ်းအုပ်စုတို့၌ ဩဂုတ် ၁၀ ရက်ညပိုင်းက ငွေကျပ်သိန်းပေါင်း ၇၈၂၀၀ ခန့်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၈၂ သန်း သယ်ဆောင်လာသော ယာဉ်နှစ်စီးနှင့် အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိသည်။**



တာချီလိတ်မြို့နယ်၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ။

ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် ည ၉ နာရီ မိနစ် ၂၀ ခန့်က မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တာဝန်ရှိသူများသည် စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်အတူ တာချီလိတ်မြို့ မိုင်းဟဲအုပ်စု ယမ်းခေါင်ရွာအနီး လွယ်စီတုံ-မိုင်းဟဲသွားလမ်းမပေါ်တွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု စန်းလုရွာဘက်မှ တာချီလိတ်ဘက်သို့ Revo မော်တော်ယာဉ်တစ်စီးနှင့် Fortuner မော်တော်ယာဉ်တစ်စီးတို့ မောင်းနှင်ရောက်ရှိလာကြောင်း၊ ထို့နောက် ကိုက် ၃၀ ခန့်အကွာတွင် ကားမီးထိုးရပ်ကာ ကားပေါ်မှ လူနှစ်ဦးဆင်းလာပြီး လမ်းလျှောက် လာရာ တစ်ဦးနဖူးတွင် ခေါင်းမီးတပ်ဆင်ထား၍ မီးပိတ်ခိုင်းစဉ် ကားဆီသို့ ပြန်ပြေးပြီး ကားကို နောက်ပြန်မောင်းပြေးသဖြင့် လုံခြုံရေးအဖွဲ့မှ ခြောက်လှန့်ပစ်ခတ်ခဲ့ကြောင်း၊ ပူးပေါင်းအဖွဲ့မှ ကားနောက်သို့ လိုက်လံဖမ်းဆီးခဲ့ရာ အမျိုးသားတစ်ဦးမှာ ကျည်ထိမှန် ကျန်ရစ်ခဲ့ပြီး ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၊ အလေးချိန် နှစ်ကီလိုခန့် တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ထွက်ပြေးလွတ်မြောက်သွားသော မော်တော်ယာဉ်နှစ်စီးကို ဖမ်းဆီးနိုင်ရေးအတွက် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းအုပ်စု စန်းလု(အောက်)ရွာသို့ သွားရောက်ခဲ့ရာ စန်းလုကျေးရွာအနီး နယ်မြေခံတပ်မှ ဗိုလ်ကြီးအောင်ပိုင်စိုး ဦးစီးအဖွဲ့က အဆိုပါယာဉ်နှစ်စီးရောက်ရှိလာသဖြင့် တားဆီးနိုင်ရေးဆောင်ရွက်စဉ် ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင် ထွက်ပြေးသဖြင့် လိုက်လံပစ်ခတ်ရှင်းလင်းစဉ် စန်းလု(အထက်)ရွာနှင့် စန်းလု(အောက်)ရွာကြား ဂျောပကျေးရွာသွားလမ်း ယာဘက်လျှိုအတွင်း၌ Fortuner ယာဉ်မှာတိမ်းမှောက်သွားခဲ့ပြီး Revo ယာဉ်မှာ ထွက်ပြေးလွတ်မြောက်သွားခဲ့ကြောင်း၊ Fortuner ယာဉ်ကို ရှာဖွေရာ ယာဉ်နောက်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂ သိန်း၊ အလေးချိန် ၂၂၀ ကီလိုခန့်အား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပူးပေါင်းအဖွဲ့သည် ထွက်ပြေးလွတ်မြောက်သွားသည့် Revo ယာဉ်ကို လိုက်လံရှာဖွေရာ ဩဂုတ် ၁၁ ရက် နံနက် ၁ နာရီ မိနစ် ၂၀ ခန့်တွင် စန်းလု(အောက်) ကျေးရွာနှင့် ရင်ခွဲတောင်ကြားလျှိုအတွင်းတွေ့ရှိပြီး ယာဉ်ပေါ်တွင် လိုက်ပါလာသူများအား မတွေ့ရဘဲ အဆိုပါမော်တော်ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၅၆ သိန်းခန့်၊ အလေးချိန် ၅၆၀ ကီလိုခန့်ကို တွေ့ရှိသိမ်းဆည်းခဲ့သဖြင့် အဆိုပါ ယာဉ်နှစ်စီးပေါ်မှ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၈၂ သန်း၊ အလေးချိန် ၇၈၂ ကီလိုခန့် သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ သေနတ်ထိမှန်ခဲ့သည့် အမည်၊ နေရပ်လိပ်စာ(စိစစ်ဆဲ) အမျိုးသားတစ်ဦးအား တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီး အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူလျက်ရှိကာ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူများအား တာချီလိတ်မြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



ဖားသု(ခ)ဖားထူး(ခ)ဒီငြိမ်းထံမှ သိမ်းဆည်းရမိသည့်သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

## တောင်ငူ၌ မူးယစ်တရားခံပြေးအား မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းမိ

**တောင်ငူ ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မူးယစ်တရားခံပြေးတစ်ဦးအား လက်နက်ခဲယမ်း၊ လိုင်စင်မဲ့ယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ တောင်ငူနယ်မြေရဲစခန်းပိုင် တည်းခိုခန်းတွင် တောင်ငူ အမှတ် - ၃ ရဲစခန်းမှ မူးယစ်တရားခံပြေးဖြစ်သည့် တောင်ငူမြို့ သာယာကုန်းလမ်း၊ ၂၃ ရပ်ကွက်တွင် နေထိုင်သူ ဖားသု(ခ) ဖားထူး (ခ) ဒီငြိမ်း(၂၇နှစ်) ရောက်ရှိတည်းခိုနေကြောင်း သတင်းရရှိသဖြင့် သွားရောက်ဖမ်းဆီးစဉ် ၎င်းသည် YGN 7K/----- MARK X ယာဉ်ဖြင့် တည်းခိုခန်းမှထွက်လာကာ ကန်းရိုးရွာရှိ စတိုးဆိုင်တစ်ဆိုင်အနီး Wave Money ဖြင့် ငွေလွှဲနေစဉ် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ထိန်ဝင်းနှင့် မူးယစ်အထူးအဖွဲ့ နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိခဲ့သည်။

ဖားသု(ခ)ဒီငြိမ်း၏ မော်တော်ယာဉ်အား ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ပွိုင့် ၃၈ ပစ္စတို သေနတ်တစ်လက်နှင့် ယင်းကျည်ခုနစ်တောင့်၊ ၉ မမ ကျည်ငါးတောင့်၊ ပွိုင့်၂၂ ကျည်ခြောက်တောင့်၊ ၃၆ ခွင်းဗုံး(စနက်တံတပ်လျက်)တစ်လုံး၊ ခြောက်လုံးပြူးပုံစံ ဂက်စ်မီးခြစ်တစ်ခုနှင့် စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၅၄၈၁ ပြား ၅၄၈ ဒသမ ၁ ဂရမ်ကို သိမ်းဆည်းရမိသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖားသု (ခ)ဖားထူး (ခ)ဒီငြိမ်းအား တောင်ငူမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ထားကြောင်း သိရသည်။

**သူရ (တောင်ငူ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ်ကျွမ့်" အပိုင်း-၂
၁၀း၁၀ - Sunday Talk
၁၁း၀၀ - လှပစုံလင် အာဆီယံတစ်ခွင်
၁၁း၄၅ - "ဆီးချိုသွေးချိုရောဂါ လက်တွေ့ကျကျ ကာကွယ်ကုသကြ"
၁၂း၄၅ - မြန်မာ့ဂန္ထဝင်ရုပ်ရှင် "ချစ်မ" ကျော်သူ၊ မို့မို့မြင့်အောင် ဒါရိုက်တာ-သင်းသင်းယု

**ညပိုင်း**

၁၆း၅၀ - "ကျေးလက်တေးသံ နားဆင်ဖို့ ရိုးရာတူရိယာဖန်တီးစို့"
၁၇း၃၀ - Sunday Talk
၁၈း၄၀ - "ကော်ဖီယဉ်ကျေးမှု"
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" အပိုင်း-၁၃
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - In & Out "ချင်းမိုင်၊ ချင်းရိုင်ခရီးစဉ်" အပိုင်း-၄ လေးဖြူနှင့်အဖွဲ့
- နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ" အပိုင်း-၁၁
- "မဟာဓမ္မပါလဇာတ်" (ဒုတိယပိုင်း)

## ပေါင်မြို့နယ်၌ ယာဉ်တိုက်မှုဖြစ်၍ တစ်ဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

**ပေါင် ဩဂုတ် ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာ မိုင်တိုင်မှတ် ၁၇၇/၅ နှင့် ၁၇၆ အကြား ဩဂုတ် ၁၀ ရက် ညနေ ၄ နာရီကျော်က ယာဉ်နှစ်စီးတိုက်မိရာမှ အမျိုးသမီး တစ်ဦးသေဆုံးကာ ၁၂ ဦး ထိခိုက်ဒဏ်ရာ များရရှိခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ်မှ မော်လမြိုင်မြို့ဘက်သို့ ပဲခူးတိုင်းဒေသကြီး အင်းတကော် ကျေးရွာနေထိုင်သူ ယာဉ်မောင်း နောင်နောင်(၂၅နှစ်) မောင်းနှင်လာသော YGN/ ---- ဒေါင်ဖန်းယာဉ်သည် ယာဉ်မောင်းနှင်နေစဉ် သောက်ရေသန့်ဘူး ယာဉ်ကြမ်းပြင်ပေါ်သို့ ကျသွားသောကြောင့် ကောက်ယူရာမှ အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး မော်လမြိုင်မြို့မှ ပေါင်မြို့ဘက်သို့ ဇင်းကျိုက်မြို့ ခလောက်အင်းရပ်ကွက်နေသူ ယာဉ်မောင်းနေမျိုးသူ (၃၄ နှစ်) မောင်းနှင်လာသော BGO IP/ ---- ဟိုက်ဂျက်ယာဉ်ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် ဒေါ်ခင်အေး( ၄၃ နှစ်)မှာ ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ယာဉ်မောင်း နောင်နောင်၊ နေမျိုးသူ၊ ယာဉ်ပေါ်ပါ ခရီးသည် ၁၀ ဦး စုစုပေါင်း ၁၂ ဦးမှာ ဒဏ်ရာများရရှိခဲ့သဖြင့် အတွင်းလူနာအဖြစ် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း နောင်နောင်အား မုတ္တမနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

## ဟိုပင်၌ မူးယစ်ဆေးဝါးသုံးစွဲနေသူလေးဦး ဖမ်းမိ

**ဟိုပင် ဩဂုတ် ၁၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဟိုပင်မြို့၌ ဩဂုတ် ၁၀ ရက် မွန်းလွဲ ၁ နာရီက နေအိမ်အိပ်ခန်းအတွင်း မူးယစ်ဆေးဝါးသုံးစွဲနေသူ အမျိုးသားလေးဦးအား မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိုးညှင်းခရိုင် မှုခင်းနှိမ်နင်းရေးတပ်ဖွဲ့မှ ဒုတိယ ရဲအုပ်ဇော်လွင် ဦးစီးတပ်ဖွဲ့ဝင် များ၊ ဟိုပင်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့စု(၃)မှ တပ်ဖွဲ့ဝင်များသည် ဟိုပင်မြို့ မြစံပယ်ရပ်ကွက်နေ စိုးကြည်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်း စိုးကြည်အပါအဝင် ခင်မောင်မြင့်၊ ညီညီဇော်၊မောင်ဇင်တို့ လေးဦးအား စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၀၊ ဘိန်းဖြူ ၀ ဒသမ ၆ ဂရမ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် မူးယစ်ဆေးဝါးရောင်းချရရှိငွေကျပ် ၃၅၀၀၀၀ တို့ကို သိမ်းဆည်းရမိသဖြင့် စိုးကြည်အပါအဝင် လေးဦးအား ဟိုပင်နယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ကျွန်းလှမြို့ပေါ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကျွန်းလှ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်အတွင်းမှ ဘိန်းဖြူ ၂၅ ဒသမ ၈ ဂရမ် ဖမ်းမိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဩဂုတ် ၁၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ကန့်ဘလူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဆွေ ကြီးကြပ်၍ တိုင်းမှူး/ကူတပ်ဖွဲ့မှ ရဲအုပ်ဟန်အောင် ဦးစီးသောအဖွဲ့၊ ခရိုင်မှုခင်းတပ်ဖွဲ့မှ ရဲအုပ်ရဲလင်း ဦးစီးသောပူးပေါင်းအဖွဲ့သည် ကျွန်းလှမြို့ ပိတောက်မြိုင်ရပ်ကွက်ရှိ မင်းမင်းကျော်(ခ)ကျော်ကြီး ပိုင်ဆိုင်သော(ဖွဲ့ကိုကို)လေထိုးကျွတ်ဖာဆိုင်ကို ဝင်ရောက်ရှာဖွေရာ ၎င်းဆိုင်အတွင်းမှ ဘိန်းဖြူ ၁ ဒသမ ၃ ဂရမ်နှင့် ငွေစက္ကူရောရာ ၁၁၅၀၀၀ ရှာဖွေတွေ့ရှိခဲ့သည်။ ကွင်းဆက်အရ ယင်းနေ့ ညနေ ၆ နာရီခွဲက မင်းမင်းကျော်(ခ)ကျော်ကြီး၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ ဘိန်းဖြူ ၂၄ ဒသမ ၅ ဂရမ်နှင့် ငွေစက္ကူရောရာ ၂၀၀၀၀၀ ကို တွေ့ရှိသဖြင့် စုစုပေါင်းဘိန်းဖြူ ၂၅ ဒသမ ၈ ဂရမ် ကာလတန်ဖိုးငွေ ကျပ် ၂၅ သိန်းကျော်နှင့် မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို ရှာဖွေတွေ့ရှိသဖြင့် ပိတောက်မြိုင်ရပ်ကွက် ကျွန်းလှမြို့နေသူ မင်းမင်းကျော်(ခ)ကျော်ကြီးအား ကျွန်းလှ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**လှအောင်(ကသာ)**

## ရေပူစစ်ဆေးရေးအဖွဲ့ အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းမိ

**နေပြည်တော် ဩဂုတ် ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၁၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု သုံးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၃၆၆ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၇၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၈ ဒသမ ၅၄၀ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ် Toyota Mark II(Blit) ယာဉ်တစ်စီး၊ Toyota Crown ယာဉ်တစ်စီးနှင့် ခရီးသည်တင်ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဖုန်းအပိုပစ္စည်းလေးမျိုး၊ ထော်လာဂျီ အပိုပစ္စည်းငါးမျိုးနှင့် Printer Catridge ၁၅၀ စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၇ ဒသမ ၃၆၆ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂါဇာတွင် ဆန္ဒပြ ပါလက်စတိုင်းများနှင့် အစ္စရေးတပ်ဖွဲ့ ထိပ်တိုက်တွေ့ဆုံ၊ ပါလက်စတိုင်းနှစ်ဦးသေဆုံး

**ဂါဇာ ဩဂုတ် ၁၁**

ဂါဇာဒေသနယ်စပ်တစ်ခုတွင် ဩဂုတ် ၁၀ ရက်က ပါလက်စတိုင်းလူမျိုး ထောင်ချီဆန္ဒပြမှုများ ပြုလုပ်ခဲ့ရာ အစ္စရေးနိုင်ငံအစိုးရတပ်ဖွဲ့နှင့် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားခဲ့ပြီး အစ္စရေးတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် ပါလက်စတိုင်းနှစ်ဦး သေဆုံးခဲ့သည့် အနက်တစ်ဦးမှာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူတစ်ဦး ဖြစ်ကြောင်း သိရသည်။

ပါလက်စတိုင်း ကျန်းမာရေးဌာန ပြောရေးဆိုခွင့်ရှိသူက တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်းလူမျိုး ၃၀၇ ဦး ဒဏ်ရာရရှိခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအနက် ၂၆ ဦးမှာ ကလေးသူငယ်များဖြစ်ကြောင်း၊ နှစ်ဦးမှာ သတင်းထောက်များဖြစ်ကာ ငါးဦးမှာ ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေသူများဖြစ်ကြောင်း သိရသည်။



ဩဂုတ် ၁၀ ရက်တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုတွင် ထောင်နှင့်ချီသော ပါလက်စတိုင်းလူမျိုးများက ဂါဇာနှင့် အစ္စရေးထိစပ်နေသည့် နယ်စပ်ဒေသတွင် ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဆန္ဒပြသူအချို့က ကားတာယာများအား မီးရှို့ခြင်း၊ ခဲနှင့်လောင်စာပုလင်းများဖြင့် အစ္စရေးဘက်သို့ ပစ်ပေါက်ခြင်းစသည်တို့ကို ပြုလုပ်ခဲ့သဖြင့် အစ္စရေးတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ ပစ်လွှတ်ခဲ့ပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံ ဆီယက်တယ် လေဆိပ်၌ လေယာဉ်တစ်စင်း အခိုးခံရ

**ဆီယက်တယ် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံ ဆီယက်တယ်လေဆိပ်တွင် လေယာဉ်တစ်စင်းအခိုးခံခဲ့ရကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။ ဆီယက်တယ်လေဆိပ်ရှိ ခရီးသည်တင် လေယာဉ်တစ်စင်း ခွင့်ပြုချက်မဲ့ပျံသန်းထွက်ခွာသွားပြီးနောက် လေဆိပ်တွင် ရပ်ထားသော လေယာဉ်အားလုံးကို ထွက်ခွာခွင့်မပြုတော့ကြောင်း သိရသည်။

အခိုးခံလိုက်ရသော လေယာဉ်ကို အက်ဖ် - ၁၅ လေယာဉ်နှစ်စင်းဖြင့် လိုက်လံတားဆီးခဲ့ပြီး ယင်းလေယာဉ်ပေါ်တွင် ခရီးသည်များ လိုက်ပါလာခဲ့ခြင်း မရှိကြောင်းနှင့် လေယာဉ်မှာ ပျက်ကျသွားခဲ့ကြောင်း သိရသည်။ လေယာဉ် အခိုးခံလိုက်ရသည့် အသေးစိတ် အချက်အလက်များကို လတ်တလောတွင် အတိအကျမသိရသေးကြောင်း သိရသည်။

**ဆင်ဟွာ**

# မက္ကဆီကိုရေတပ်က ကိုကင်း နှစ်တန်နီးပါးဖမ်းမိ

**မက္ကဆီကိုစီးတီး ဩဂုတ် ၁၁**

မက္ကဆီကိုရေတပ်သည် နိုင်ငံ၏တောင်ဘက်ပစိဖိတ်ကမ်းရိုးတန်းကမ်းခြေတစ်ခုရှိ လှေပေါ်တွင် ကိုကင်းနှစ်တန်နီးပါး ဖမ်းဆီးရမိခဲ့ကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

အဆိုပါ ကိုကင်း တင်ဆောင်ထားသော လှေသည်ရေတပ်တပ်ဖွဲ့မှလေယာဉ်သုံးစင်းနှင့် ရေယာဉ်လေးစင်းကင်းလှည့်နေချိန်တွင် မြို့တော်အကာပါကိုကမ်းလွန်တစ်နေရာတွင် ရပ်ထားခဲ့ကြောင်း သိရသည်။ လှေပေါ်ပါလာသည့်လူများလည်း လက်လွတ် ခြေလွတ် ထွက်ပြေးခဲ့ကြောင်း သိရသည်။ ရှာဖွေမှုများလုပ်ဆောင်ရာတွင် အာဏာပိုင်များက အီကွေဒေါမှ လူတစ်ယောက်ကိုဖမ်းဆီးရမိခဲ့ကြောင်း ပြောခဲ့သည်။ ထို့အတူ အဆိုပါလှေတွင်လည်း ကိုကင်းအိတ်များကို ဖမ်းဆီးရမိခဲ့သည်။

မက္ကဆီကိုနိုင်ငံတွင် လုံခြုံရေးများ လျော့နည်းလာပြီးနောက် ယခုလိုဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ မက္ကဆီကို အစိုးရသည် တပ်မတော်မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီး ရာဇဝတ်မှုများကို နှိမ်နင်းလျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တိုကျိုမြောက်ပိုင်း တောင်တစ်ခုအနီး၌ ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ အားလုံးသေဆုံး

တိုကျို ဩဂုတ် ၁၁

**တိုကျိုမြောက်ပိုင်း တောင်တစ်ခုအနီးတွင် ရဟတ်ယာဉ်တစ်စင်းပျက်ကျခဲ့ရာ လိုက်ပါလာသူ ကိုးဦးလုံး သေဆုံးခဲ့ကြောင်း ဂမ်မစီရင်စုမှ အရာရှိများက အတည်ပြုပြောကြားခဲ့သည်။ ပထမဆုံးသတင်းများအရ ခုနစ်ဦးသေဆုံးခဲ့ကြောင်း အတည်ပြုခဲ့သော်လည်း နောက်ဆုံးသတင်းများအရ သေဆုံးသူအရေအတွက်သည် ယခုအခါ ကိုးဦးအထိ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။**




လူကိုးဦးလိုက်ပါလာသော အဆိုပါ ရဟတ်ယာဉ်သည် နာဂါနိုစီရင်စုနယ်နိမိတ်မျဉ်းအနီးတွင် ဩဂုတ် ၁၀ ရက်က ဆင်းသက်စဉ် ထိုသို့ ပျက်ကျခဲ့ခြင်းဖြစ်သည်။

ကယ်ဆယ်ရေးသမားများသည် ရဟတ်ယာဉ်ပျက်အနီးတွင် ရှစ်ဦးကိုသာ တွေ့ရှိခဲ့ကြောင်း ကနဦးသတင်းဖော်ပြချက်များ အရ သိရသည်။

သက်ဆိုင်ရာ အာဏာပိုင်များက ရဟတ်ယာဉ်ပျက်ကျမှုကြောင့် ဩဂုတ် ၁၀ ရက်က နှစ်ဦးသေဆုံးခဲ့ပြီးနောက် ရဟတ်ယာဉ်အမှုထမ်းငါးဦး ဩဂုတ် ၁၁ ရက်က သေဆုံးကြောင်း အတည်ပြုခဲ့ပြီး နောက်ပိုင်းတွင် ကိုးဦးလုံးသေဆုံးခဲ့ကြောင်း ထပ်မံအတည်ပြုခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များသည် နောက်ဆုံးကျန်ရှိသည့် လေယာဉ် အမှုထမ်းတစ်ဦးကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း၊ သေဆုံးသူများမှာ မည်သူမည်ဝါဖြစ်သည်ဆိုသည့် အချက်အလက်များကို အတည်ပြုဖော်ပြနိုင်ရေး ကြိုးစားဆောင်ရွက်နေကြောင်း ပြောခဲ့သည်။

ဂျီပီအက်စ်မှတ်တမ်းများအရ ရဟတ်ယာဉ်သည် ဩဂုတ် ၁၀ ရက် နံနက် ၉ နာရီ ၅၈ မိနစ်တွင် ချက်ချင်းကွေ့သွားပြီးနောက် သုံးမိနစ်အကြာတွင် အဆက်အသွယ် ပြတ်တောက်သွားခဲ့ကြောင်း ဂမ်မစီရင်စုမှ အရာရှိများက ပြောခဲ့ သည်။

ပို့ဆောင်ရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာတာဝန်ရှိသူများသည် လေယာဉ်ပျက်ကျမှု ဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဦးတည်ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

အဆိုပါရဟတ်ယာဉ်မှာ တောင်တက် အစမ်းလေ့ကျင့်မှုကို စစ်ဆေးကြည့်ရှုရန်လာရောက်စဉ် ယခုကဲ့သို့ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ကနေဒါအရှေ့ဘက်မြို့တစ်မြို့၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ ရဲအရာရှိနှစ်ဦးအပါအဝင် လေးဦးသေဆုံး




**အော့တဝါ ဩဂုတ် ၁၁**

ကနေဒါအရှေ့ဘက်မြို့တစ်မြို့တွင် ဩဂုတ် ၁၀ ရက်က သေနတ်ပစ်ခတ်မှုများဖြစ်ပွားရာ ရဲအရာရှိနှစ်ဦးအပါအဝင် စုစုပေါင်း လေးဦးသေဆုံးခဲ့ကြောင်း သိရသည်။

နယူးဘရန်ဇ့်ဝစ်ပြည်နယ် ဖရီဒရစ်တန်မြို့အနီးတွင်တည်ရှိသော ဘရွတ်ဆိုက်ဒေသခံများက ဆူညံသော သေနတ်ပစ်ခတ်သံများကြောင့် နိုးလာခဲ့ကြောင်း ပြောခဲ့သည်။

ရိုင်ဖယ်သေနတ်ပစ်ခတ်မှုများသည် တိုက်ခန်းနိမ့်ပြတင်းပေါက်မှ ခြံဝင်းတစ်ခုထဲသို့ ပစ်ခတ်နေခြင်းဖြစ်ပြီး ယင်းခြံဝင်းအနီးတွင်လည်း သေဆုံးနေသည့်လူနှစ်ဦး၏ ရုပ်အလောင်းများကို တွေ့ခဲ့ရကြောင်း မျက်မြင်သက်သေများက ကနေဒါ အသံလွှင့်ဌာန (စီဘီစီ)သို့ ပြောခဲ့သည်။

ရဲတပ်ဖွဲ့၊ ဆေးအကူတပ်နှင့် မီးသတ်သမားများသည် လက်နက်အင်အားအပြည့်ဖြင့် အခင်းဖြစ်ပွားရာနေရာသို့ ချက်ချင်းရောက်ရှိလာကြပြီး ပြည်သူများကို အိမ်အတွင်း၌နေရန် တိုက်တွန်းခဲ့ကြောင်းသိရသည်။

ရဲတပ်ဖွဲ့ဝင်များသည် သေနတ်ပစ်ခတ်သူ၏ တိုက်ခန်းအတွင်း ဝင်ရောက်စီးနင်းပစ်ခတ်ခဲ့ပြီး အသက် ၄၈ နှစ်အရွယ် သံသယရှိသူကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ သေနတ်ပစ်ခတ်မှုများနှင့် ပတ်သက်ပြီး မည်သည့်အသေးစိတ်အချက်အလက်မျှ ထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

အဆိုပါပစ်ခတ်မှုတွင် ရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ သံသယရှိတရားခံမှာလည်း ပစ်ခတ်မှုကြောင့် ဒဏ်ရာများရရှိထားပြီး ကုသမှုခံယူနေကြောင်း သိရသည်။

**အေအက်ဖ်ပီ**

## နိုင်ငံတကာ သတင်းတိုထွာ

### အင်္ဂလန်တောင်ပိုင်း၌ စစ်ဘက်ဆိုင်ရာ ပေါက်ကွဲမှု ဖြစ်ပွား တစ်ဦးသေဆုံး

**လန်ဒန် ဩဂုတ် ၁၁**

အင်္ဂလန်နိုင်ငံတောင်ပိုင်း စလစ်ဘာရီရှိ စစ်ဘက်ဆိုင်ရာ အကြီးစား စက်ပစ္စည်း စက်ရုံတစ်ခုတွင် မကြာသေးမီက ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးခဲ့ပြီး တခြားသူတစ်ဦး ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် ဝက်တ်ရှိုင်းယားမြို့မြောက်ဘက်ရှိ စက်ရုံတွင် ဩဂုတ် ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ကဆက်လက်ပြောကြားခဲ့သည်။

အဆိုပါစက်ရုံသည် စစ်ဘက်ဆိုင်ရာ သင်္ဘောများနှင့် လေယာဉ်များအား မီးလောင်ခြင်းမှ ကာကွယ်ရန် အကြီးစား စက်ပစ္စည်းများကို ထုတ်လုပ်သည့် စက်ရုံဖြစ်ကြောင်း သိရသည်။ ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို လတ်တလောတွင် မသိရသေးသလို ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့သူ၏ အမည်အား ထုတ်ပြန်ဖော်ပြခြင်း မရှိသေးကြောင်း သိရသည်။

ထိုသို့ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းနှင့် ပတ်သက်ပြီး လုပ်ငန်းခွင်ဘေးကင်းရေး အဖွဲ့အစည်းဖြစ်သော ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးစီမံခန့်ခွဲမှုနှင့်အတူ ပူးတွဲစုံစမ်းစစ်ဆေးမှု လုပ်ဆောင်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### အင်ဒိုနီးရှားငလျင် သေဆုံးသူ ၃၈၀ အထိ ရှိလာ

**ဂျကာတာ ဩဂုတ် ၁၁**

အင်ဒိုနီးရှားနိုင်ငံ လွန်ဘော့ခ်ကျွန်းတွင် ဖြစ်ပွားခဲ့သော အင်အားကြီးငလျင်လှုပ်ခတ်မှုကြောင့် ယခုအခါတွင် သေဆုံးသူ ၃၈၀ အထိ ရောက်လာပြီဖြစ်ကြောင်း၊ ထို့အတူ ရွှေ့ပြောင်းလူပေါင်းများစွာလည်း သန့်စင်သောရေ မရရှိကြောင်း၊ အစားအစာများနှင့် ဆေးဝါးများလည်း လုံလောက်စွာမရရှိကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

ပြင်းအား ၆ ဒသမ ၉အဆင့်ရှိ ငလျင်လှုပ်ခတ်မှုကြောင့် လူထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်မှုကြောင့် သေဆုံးသူဦးရေမှာ ယခုလက်ရှိ သေဆုံးသူဦးရေထက် မြင့်တက်လာနိုင်ကြောင်း သိရသည်။ စာရင်းမဖော်ပြနိုင်သေးသော သေဆုံးသူများလည်းရှိသေးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆုတိုပိုပိ ဝူးနူဂရိုဟိုက ပြောခဲ့သည်။

ငလျင်ကြောင့် ၎င်းတို့အိမ်မှ ဘေးလွတ်ရာသို့ တိမ်းရှောင်ခိုလှုံနေသော မိသားစုဝင်ပေါင်း ၃၈၇၀၀၀ ရှိကြောင်းနှင့် ဒဏ်ရာရရှိသူ ၁၃၀၀၀ ရှိကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# လက်ဘနွန်နိုင်ငံရောက် ဆီးရီးယားတို့ရဲ့ အိမ်ပြန်ချိန်

**ချူးစန္ဒီနွေး**

**ဆီးရီးယားက ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို လက်ခံထားရတဲ့နိုင်ငံတွေထဲမှာ လက်ဘနွန်နိုင်ငံဟာလည်း တစ်ခုအပါအဝင်ပါပဲ။ လက်ဘနွန်နိုင်ငံ အာဆယ်မြို့က မြို့တော်ဝန်ဟာ နယ်စပ်ကို ဖြတ်ကျော်လာတဲ့ ဆီးရီးယားဒုက္ခသည်တွေ နေရာချထားရေးကိစ္စအဝဝကို စီမံရတာတွေကြောင့် လုံးဝမအားလပ်အောင်ပါပဲ။**



ဒုက္ခသည်တွေ နေရာထိုင်ခင်းအတွက် ပြင်ဆင်ပေးရတယ်။ စစ်ဆေးရေးဂိတ်တွေနဲ့ ညှိနှိုင်းရတယ်။ မြို့ခံလူထုနဲ့ အဆင်ပြေအောင်ညှိနှိုင်းပေးရတယ်။ ဒါတွေအားလုံးကို အာဆယ်မြို့တော်ဝန်က ဆောင်ရွက်ပေးရပါတယ်။

ညဘက် အိမ်ပြန်ရောက်တာတောင် လူတွေရဲ့ ပြဿနာတွေကို တစ်ဖန်ပြန်ပြီး နားထောင်ဖြစ်တယ်လို့ မြို့တော်ဝန် ဘတ်ဆိုင်းဟူဂျာရီက ပြောပါတယ်။ အာဆယ်မြို့ရောက်မှ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို နည်းနိုင်သမျှနည်းအောင် ကြိုးပမ်းနေပါတယ်။ ဒါပေမယ့်လည်းဒုက္ခသည်တွေဘက်ကကြည့်ရင် သူတို့ဟာ အိပ်မက်ဆိုးကြီးထဲက မလွန်မြောက်နိုင်သေးပါဘူး။

**စစ်ပွဲကြောင့် နိုင်ငံကိုစွန့်ခွာ**

ခုနစ်နှစ်ကြာ ပြည်တွင်းစစ်ကြောင့် ဆီးရီးယားနိုင်ငံ လူဦးရေရဲ့ တစ်ဝက်နီးပါးခန့်ဟာ နိုင်ငံအတွင်းကနေ စွန့်ခွာခဲ့ကြပါတယ်။ ဒုက္ခသည်တွေ သန်းနဲ့ချီပြီး ရှိလာတယ်။ ဂျော်ဒန်နဲ့ လက်ဘနွန်နိုင်ငံတို့မှာ ဝင်ရောက်နေထိုင်ကြတဲ့ ဒုက္ခသည်တွေများလာပြီး အာဆယ်မြို့မှာလည်း ဒုက္ခသည်အမြောက်အမြားကို လက်ခံထားရပါတယ်။

အာဆယ်မြို့မှာ လက်ခံထားရတဲ့ ဒုက္ခသည်အရေအတွက်ဟာ တစ်သိန်းနှစ်သောင်းခန့်ရှိပြီး အဲဒီမြို့မှာနေထိုင်ကြတဲ့ လက်ဘနွန်လူဦးရေထက်တောင် ပိုများနေပါတယ်။ အာဆတ်အစိုးရဟာ ဆီးရီးယားမှာ လုံခြုံစိတ်ချရပြီဖြစ်တဲ့အတွက် နေရပ်ပြန်လာဖို့ ကြေညာခဲ့ပြီး လက်ဘနွန်အစိုးရကိုလည်း ဒုက္ခသည်တွေနေရပ်ပြန်အောင် လုပ်ဆောင်ပေးဖို့ ဖိအားပေးခဲ့ပါတယ်။

လွန်ခဲ့တဲ့လတွေတုန်းက လက်ဘနွန်မှာ ရောက်ရှိနေတဲ့ ဆီးရီးယားဒုက္ခသည်နှစ်ထောင်ခန့်ကို နယ်စပ်ဖြတ်ကျော်ပြီး နေရပ် ပြန်ပို့ပေးခဲ့ပါတယ်။ သူတို့ စွန့်ပစ်ခဲ့တဲ့ ဇာတိမြေက နေအိမ်ဆီကိုပါ။

ဒါပေမယ့်လည်း သူတို့ရဲ့ နေအိမ်ဟောင်းတွေ ပုံးဒဏ်မထိဘဲ အကောင်းပကတိ ရှိနေပါဦးမလား ဆိုတာကတော့ ဘယ်သူမှ ကြိုမသိနိုင်ပါဘူး။

**သောင်တင်နေသော ဒုက္ခသည်များ**

နေရပ်ကိုမပြန်နိုင်ဘဲ လက်ဘနွန်မှာ သောင်တင်နေတဲ့ ဆီးရီးယားတွေကလည်း အများကြီး ကျန်နေပါသေးတယ်။ အာဆယ်မြို့က ဆီးရီးယားတွေဟာ နေရပ်ကိုမပြန်နိုင်တဲ့ သူတွေ အများကြီးရှိနေပါသေးတယ်။

ဆီးရီးယား အများစုကတော့ အာဆတ်လက်ထဲမှာသာ အာဏာရှိနေသေးရင် သူတို့ဟာ ဖမ်းဆီးနှိပ်စက်ခံရမှာ၊ အသတ်ခံရမှာ၊ တပ်ဖွဲ့ဝင်အသစ်အဖြစ် အတင်းအကျပ် စုဆောင်းခံရမှာ ကြောက်နေကြပါတယ်။

**လက်ဘနွန်နိုင်ငံရဲ့ စိုးရိမ်မှု**

ဆီးရီးယားတပ်ဖွဲ့ဝင်ဟောင်းတစ်ဦးကတော့ သူဟာ လက်ဘနွန်မှာဆိုရင် ဒုက္ခသည်၊ ဆီးရီးယားကိုပြန်ရင်တော့ ဟိုကျရင် သစ္စာဖောက်တစ်ယောက်ဖြစ်မှာဆိုပြီး ပြောပြခဲ့ပါတယ်။ အာဆယ်မြို့က ထွက်သွားတဲ့ ဆီးရီးယားအနည်းစုက သူတို့ဟာ ဆီးရီးယားမှာလည်း လုံလုံခြုံခြုံနေနိုင်မယ်ဆိုတာသေချာလို့ ထွက်သွားခဲ့တာပါ။

လက်ဘနွန်နိုင်ငံမှာ ဆီးရီးယားဒုက္ခသည်တွေ အများကြီးပါပဲ။ ခန့်မှန်းခြေအားဖြင့် တစ်သန်းကျော်နီးပါး ရှိပါတယ်။ တိုင်းပြည်လူဦးရေရဲ့ လေးပုံပုံရင် တစ်ပုံနီးပါးရှိနေပါတယ်။ ဒါကြောင့်ဆီးရီးယားဒုက္ခသည်တွေကို ပျူပျူငှာငှာတော့ လက်မခံနိုင်တော့ပါဘူး။

၁၉၄၀ နဲ့ ၁၉၆၀ ပြည့်နှစ်ဝန်းကျင်တွေက လက်ဘနွန်ကို ရောက်ရှိလာတဲ့ ပါလက်စတိုင်း ဒုက္ခသည်တွေကိုလည်း လက်ဘနွန်အာဏာပိုင်တွေဟာ အခွင့်အရေး ပြည့်ပြည့်ဝဝ ပေးမထားပါဘူး။

အခုဆိုရင် ပါလက်စတိုင်းဒုက္ခသည်တွေနေတဲ့ စခန်းတွေဟာမြို့တွေတောင် ဖြစ်လာပါပြီ။ အဲဒီဖြစ်ရပ်ကို သင်ခန်းစာယူပြီး လက်ဘနွန်အစိုးရဟာ ဆီးရီးယားဒုက္ခသည်တွေကို စခန်းတည်ထောင်ခွင့် မပေးပါဘူး။

ဆီးရီးယားဒုက္ခသည်တွေ နေရပ်ကို မြန်မြန်ပြန်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြပါတယ်။ ပြီးတော့ လက်ဘနွန်နိုင်ငံမှာ ဆီးရီးယားတွေ လွတ်လွတ်လပ်လပ် သွားလာခွင့်မရပါဘူး။ အများပြည်သူနဲ့သက်ဆိုင်တဲ့ ပန်းခြံတွေ၊ အလုပ်တွေမှာ ဆီးရီးယားတွေ သွားလာလှုပ်ရှားခွင့်ကို ပိတ်ပင်ထားပါတယ်။

ပြီးတော့ အိမ်ခန်းပိုင်ရှင်တွေကလည်း ဆီးရီးယားတွေဆိုရင် အိမ်မငှားချင်ကြပါဘူး။ လက်ဘနွန်အစိုးရဟာလည်း ဆီးရီးယားတွေ နေရပ်မပြန်တော့ဘဲ လက်ဘနွန်မှာအခြေချနေထိုင်ကြမှာကို စိုးရိမ်ကြပါတယ်။

**ဆီးရီးယားဒုက္ခသည်များရဲ့ဒုက္ခ**

အာဆတ်ဆီက နေရပ်ပြန် ဆီးရီးယားတွေ လုံခြုံစိတ်ချရပါစေမယ်ဆိုတဲ့ အာမခံချက် မရပေမယ့် ဒီမှာထက်စာရင် နေရပ်ကိုပြန်တာက ပိုပြီးသင့်တော်လိမ့်မယ်ဆိုတာနဲ့ ပိုဆိုးတာ နှစ်ခုထဲက တစ်ခုကို ရွေးချယ်ရမှာပါပဲလို့ ဆီးရီးယားတစ်ဦးဖြစ်သူ အက်စ်ဟတ်က ပြောပါတယ်။

ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုတို့ဟာလည်း ရွှေ့ပြောင်းအခြေချနေထိုင်သူတွေကို လက်မခံချင်ကြပါဘူး။ လက်ဘနွန်နိုင်ငံရေးသမားတွေကလည်း တိုင်းပြည်မှာ ရာဇဝတ်မှုတွေ ဖြစ်ပွားတာ၊ အခြေခံပစ္စည်းတွေ ဈေးတက်တာ အားလုံးကို ဆီးရီးယားတွေအပေါ်မှာပဲ လွှဲချကြပါတယ်။

**“အခုဆိုရင် ပါလက်စတိုင်းဒုက္ခသည်တွေနေတဲ့ စခန်းတွေဟာ မြို့တွေတောင် ဖြစ်လာပါပြီ၊ အဲဒီဖြစ်ရပ်ကို သင်ခန်းစာယူပြီး လက်ဘနွန်အစိုးရဟာ ဆီးရီးယားဒုက္ခသည်တွေကို စခန်းတည်ထောင်ခွင့်မပေးပါဘူး”**

ဒေသခံတွေနဲ့ မသင့်မမြတ်တွေဖြစ်လာပြီး ဆူပူမှုတွေဖြစ်လာမှာ စိုးရိမ်တဲ့ လက်ဘနွန်အစိုးရဟာ ဆီးရီးယားတွေ နေရပ်ပြန်ဖို့ပဲ ဖိအားတွေ ပေးလာပါတော့တယ်။ နေရပ်ပြန်ကြမယ့် ဆီးရီးယားတွေ မှတ်ပုံတင်ကြဖို့ ရုံးခန်းကိုလည်း မြို့နယ်တိုင်းမှာ ဟစ်ဇ်ဘိုလာအဖွဲ့က စီစဉ်ပေးထားပါတယ်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးကတော့ ဒုက္ခသည်တွေ နေရပ်ပြန်ကြဖို့ အတင်းဖိအားမပေးပါနဲ့လို့ တောင်းဆိုထားပါတယ်။ ဒီအတွက် လက်ဘနွန်နိုင်ငံခြားရေးဝန်ကြီးက ဒေသတွင်းမှာ ရုံးဖွင့်ခွင့်ကို ရပ်ဆိုင်းပစ်မယ်လို့လည်း ခြိမ်းခြောက်ထားပါတယ်။

အာဆယ် မြို့တော်ဝန်ကတော့ ဒုက္ခသည်တွေအားလုံး အိမ်ပြန်ကြပြီး အရာရာ နဂိုအခြေအနေအတိုင်း ပြန်ဖြစ်ဖို့ မျှော်လင့်တယ်လို့ဆိုပါတယ်။ ဒါပေမယ့် သူမျှော်လင့်တဲ့အတိုင်း ဖြစ်လာဖို့ဆိုတာလည်း ခဲယဉ်းလှပါတယ်။

လွန်ခဲ့တဲ့နှစ်ကဆိုရင် လက်ဘနွန်နိုင်ငံအတွင်း ပြောင်းရွှေ့နေထိုင်သူဦးရေ ခုနစ်သိန်းကျော်ဟာ နေရပ်ကို ပြန်ခဲ့ကြတယ်လို့ အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ ဒါပေမယ့်လည်း နေရပ်ကို ပြန်ရောက်တဲ့အခါ သန့်ရှင်းတဲ့သောက်သုံးရေနဲ့ အစားအသောက်ရဖို့ဆိုတာ မလွယ်ကူဘူးလို့ သိရပါတယ်။

**လက်ဘနွန်နိုင်ငံသားတို့ရဲ့အမြင်**

လက်ဘနွန်တွေဘက်က ကြည့်မယ်ဆိုရင်လည်း ဆီးရီးယားတွေဟာ အခွန်ဆောင်စရာ မလိုဘူး။ မီတာခလည်း ပေးဆောင်စရာမလိုဘူး။ သူတို့အတွက် အရာရာဟာ အလကားရနေတယ်။ ပြီးတော့ ဆင်းရဲတဲ့ဆီးရီးယားတွေဆိုရင် နေထိုင်စရာပစ္စည်း၊ အစားအသောက်ပါ လစဉ်ထောက်ပံ့မှုတွေ ရနေတယ်။

ဆီးရီးယားတွေဟာ အလုပ်လုပ်စရာမလိုဘဲ သူတို့ထက်ပိုရနေတယ်လို့ လက်ဘနွန်တွေက မြင်လာကြတယ်။ ဒါကြောင့်လည်း မကျေနပ်မှုတွေ တိုးပွားလာတာဖြစ်တယ်။ အာဆယ်မြို့တော်ဝန်ကတော့ ဆီးရီးယားတွေနဲ့ မြို့ခံလူတွေ အဆင်ပြေလာအောင် အတတ်နိုင်ဆုံး ကြိုးပမ်းနေပါတယ်။

ဆီးရီးယားတွေဟာလည်း လူတွေပါပဲ။ သူတို့မှာ ကလေးတွေရှိတယ်။ သူတို့ အသက်ရှင်နေထိုင်လိုကြတယ်။ ဒါပေမယ့် မြို့ခံလူတွေနဲ့ ပြဿနာတွေဖြစ်လာတဲ့အခါ သူတို့ဘက်က ရပ်တည်ပေးဖို့ဆိုတာ ခက်ခဲလာတယ်လို့ အာဆယ်မြို့တော်ဝန်က ပြောပါတယ်။

**အိမ်ပြန်ချိန်တန်ပြီ**

ဆီးရီးယားတွေနဲ့ အာဆယ်မြို့က လူတွေ သဘောတူထားတဲ့အချက်ကတော့ အခုချိန်ဟာ အိမ်ပြန်ချိန်တန်ပြီဆိုတာပါပဲ။ လက်ဘနွန်မှာ အခက်တွေ့နေကြတဲ့ ဆီးရီးယားတွေဟာလည်း အိမ်ပြန်ချင်နေကြပါပြီ။ တချို့ကလည်း နေစရာအိမ် မရှိတော့ရင်တောင် သစ်ပင်အောက်မှာ အိပ်ရအိပ်ရ အိမ်ပြန်တော့မယ်လို့ ဆိုပါတယ်။ အခုချိန်ဟာ ဆီးရီးယားတွေအတွက် အိမ်ပြန်ချိန်တန်ပါပြီ။ ။

**ကိုးကား-နယူးယောက်စ်တိုင်းမ်**

# ရန်ကုန်တက္ကသိုလ်ကို ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်နေ



ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်တက္ကသိုလ်ကို ရေတိုရေရှည်စီမံကိန်းများချမှတ်ပြီး ဘက်ပေါင်းစုံမှ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက ပြောကြားသည်။

ရန်ကုန်တက္ကသိုလ် အဆင့်မြှင့်တင်ရေးအဖွဲ့ကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ပညာရှင်များဖြင့် ဖွဲ့စည်းထားပြီး တက္ကသိုလ်အဆင့်မြှင့်တင်နိုင်ရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ရာပြည့်ပွဲတော် ကျင်းပချိန်အထိကို ရေတိုစီမံကိန်းအဖြစ်လည်းကောင်း၊ ၂၀၃၀ ပြည့်နှစ်အထိကို ရေရှည်စီမံကိန်းအဖြစ်လည်းကောင်း ချမှတ်ရေးဆွဲထားကြောင်း သိရသည်။

"ရန်ကုန်တက္ကသိုလ်မှာ ရှိပြီး၊ ရှိရင်းစွဲ အဆောက်အအုံတွေကို ရှေးဟောင်းအမွေအနှစ် မပျက်စေဘဲ မွမ်းမံထိန်းသိမ်းဖို့၊ တက္ကသိုလ်ရဲ့လိုအပ်နေတဲ့အဆောက်အအုံတွေကို စီမံကိန်းချပြီးဆောက်ဖို့၊ သန့်ရှင်းသပ်ရပ်ဖို့၊ ရေစီးရေလာကောင်းဖို့၊ အညစ်အကြေး အမှိုက်တွေကအစ ဘယ်လိုထိန်းသိမ်းမလဲဆိုတဲ့ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်ကြီးကို သာယာလှပအောင်၊ ကျောင်းသားတွေ ပညာလည်းသင်ရင်း အားကစားလည်းလုပ်ရင်းနဲ့ ပျော်မွေ့စရာ ရုပ်ပတ်ဝန်းကျင်ကောင်းတစ်ခုဖြစ်အောင် ၂၀၂၀ ပြည့်နှစ်အထိ ရေတိုစီမံကိန်းချပြီး လုပ်နေပါတယ်၊ ၂၀၃၀ လောက်အထိ သွားရမယ့် ရေရှည်စီမံကိန်းတွေလည်း ရှိပါတယ်"ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ပြောကြားသည်။

ပညာရပ်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး သင်ရိုးညွှန်းတမ်းများခေတ်မီရန်၊ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရန်၊ အိုင်စီတီနည်းပညာကို တက္ကသိုလ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးနှင့် ပညာရပ်ဆိုင်ရာများတွင် အသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး စင်ထရယ်ယူရိုပီယန် ယူနီဗာစတီ၏ အဓိက နည်းပညာပံ့ပိုးမှုဖြင့် ပညာရပ်ဆိုင်ရာပတ်ဝန်းကျင် တိုးတက်ရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ၏ ထူးချွန်မှုအပေါ် နိုင်ငံတော်က ပံ့ပိုးမှုများလည်း ပြုလုပ်ပေးလျက်ရှိပြီး နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများကလည်း ပညာသင်ထောက်ပံ့ကြေးဆုများ ချီးမြှင့်လျက်ရှိကြောင်း သိရသည်။ ထူးခြားမှုများအနေဖြင့် နော်ဝေနိုင်ငံ၏ ဒေးဗစ်တောအစီအစဉ်အရ ရန်ကုန်တက္ကသိုလ်တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအနက် ပညာထူးချွန်ပြီး ဝေးလံခေါင်ဖျားဒေသမှ လာရောက်သင်ယူသူများကို နှစ်စဉ် ၁၀ ဦးမှ ၁၅ ဦးအထိ နော်ဝေနိုင်ငံသံရုံးမှတစ်ဆင့် ထောက်ပံ့လျက်ရှိရာ ယခုအခါ တတိယအကြိမ်မြောက်အထိ ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထို့အပြင် ယခုပညာသင်နှစ်တွင် မသန်စွမ်း ကျောင်းသား ကျောင်းသူနှစ်ဦးနှင့် ဝေးလံခေါင်ဖျားဒေသမှ ကျောင်းသား ကျောင်းသူနှစ်ဦးကို တက္ကသိုလ်ဝင်ခွင့် လက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

# ရေကြီး၍ပျက်စီးသည့် ငါးမွေးကန်များအတွက် ရေပေါ်ငါးစာတောင့်များ ထောက်ပံ့

**ဘားအံ ဩဂုတ် ၁၁**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ငါးမွေးကန်များအတွက် ပြည်နယ်အစိုးရအဖွဲ့မှ ရေပေါ်ငါးစာတောင့်များ ထောက်ပံ့ပေးအပ်ပွဲကို ဩဂုတ် ၁၀ ရက်က ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်ခဲ့သည်။

ငါးကန်များရေကြီးနစ်မြုပ်မှုနှင့်ပတ်သက်၍ ရွှေတောကျေးရွာမှ ဒေါ်မယ်ပွင့်က "ငါးကန် လေးကန်မှာငါးခုံးမ၊ ငါးမြစ်ချင်း၊ရွှေဝါငါးကြင်း၊ငါးသလောက်၊ တီလားပီးယားငါးကောင်ရေတစ်သောင်းခွဲ မွေးမြူထားပါတယ်၊ ရေကြီးလာတော့ ပိုက်အပြာတွေနဲ့ ကာထားပေးမယ့် ရေကျော်လို့ ကန်ထဲကငါးတွေအကုန်လွတ်သွားပါတယ်၊ အစာချကျွေးလည်း လာစားတဲ့ငါး တစ်ကောင်မှ မတွေ့ရတော့ပါဘူး၊ ငါးမွေးလာတာ ခြောက်နှစ်ရှိပြီ၊ ဒါမျိုး တစ်ခါမှမကြုံရသေးပါဘူး"ဟု ပြောသည်။

အဆိုပါ ငါးစာတောင့်များ ထောက်ပံ့ပေးအပ်ပွဲသို့ ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး တက်ရောက်ခဲ့ပြီး ငါးမွေးမြူသူ ၈၃ ဦး၏ ငါးမွေးကန် ၁၉၉ ဒသမ ၅ ဧကအတွက် ရေပေါ်ငါးစာတောင့် အိတ် ၁၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့သည်။



"ကရင်ပြည်နယ်မှာရှိတဲ့ငါးကန်တွေ ရေကြီးရေလျှံမှုဖြစ်လို့ စိုက်ထည့်ထားတဲ့ငါးမျိုး၊ ငါးသားပေါက်တွေ ဆုံးရှုံးခဲ့ရပါတယ်၊ ပမာဏအားဖြင့်တော့ ဧက ၈၀၀ ကျော် ရေလွှမ်းမှုဖြစ်ပြီးတော့ စိုက်ထည့်ထားတဲ့ ငါးမျိုးပေါင်း ငါးသားပေါက်ကောင်ရေ ၂၄ သိန်းလောက် ရှိပါတယ်၊ ရေပြန်ကျတဲ့အခါမှာ လုပ်ငန်းရှင်တွေအနေနဲ့ ဒီငါးမွေးမြူရေးလုပ်ငန်းကို ဆက်ပြီးလုပ်ကိုင်နိုင်အောင် သူတို့ရဲ့လိုအပ်တဲ့အခက်အခဲတွေအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ လောလောဆယ် လိုအပ်တဲ့ငါးစာအိတ် ၁၀၀ တန်ဖိုးအားဖြင့် ကျပ်သိန်း ၂၀ ဖိုး ထောက်ပံ့ပေးတာဖြစ်ပါတယ်၊ ထို့အတူပဲ ငါးမျိုးတွေပြန်စိုက်ထည့်ဖို့အတွက် လိုအပ်တဲ့ ငါးသားပေါက်တွေကိုလည်း ပြည်ထောင်စုအစိုးရ ပြည်ထောင်စုဝန်ကြီးဌာနကို တင်ပြပြီးတော့ စီစဉ်ထားတာရှိပါတယ်၊ အခြားရေမလွှမ်းတဲ့ ငါးသားပေါက်စခန်းတွေကနေ ကရင်ပြည်နယ်အတွက် ထောက်ပံ့ပေးဖို့ရှိပါတယ်၊ ဆုံးရှုံးသွားတဲ့ ငါးအကောင်ရေအတိုင်း ပံ့ပိုးပေးနိုင်မယ်လို့တော့ ယုံကြည်ပါတယ်၊ ငါးကန်တစ်ဧကကို ငါးသားပေါက် အကောင် ၃၀၀၀ နှုန်းနဲ့ ပြန်ပြီးတော့ ထောက်ပံ့ပေးဖို့ စီစဉ်ထားတာရှိပါတယ်"ဟု ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ပြောသည်။

ငါးသားပေါက်များ ထောက်ပံ့ပေးမှုနှင့်စပ်လျဉ်း၍ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်အေးအေးဇော်က "မူလကတော့ ဩဂုတ်လတတိယပတ်မှာ ငါးသားပေါက်တွေ ထောက်ပံ့ဖို့ စီစဉ်ထားပါတယ်၊ ပြည်နယ်မှာ ရေကြီးရေလျှံမှုတွေဖြစ်နိုင်သေးလို့ စက်တင်ဘာလ ပထမပတ် သို့မဟုတ် ဒုတိယပတ်လောက်မှာ ထောက်ပံ့ပေးဖို့ စီစဉ်ထားပါတယ်"ဟု ပြောသည်။

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ငါး၊ ပုစွန် မွေးမြူသူ ၁၄၁ ဦး၏ ငါး၊ ပုစွန်ကန် ၈၇၁ ဒသမ ၉၁ ဧက ရေလွှမ်းမိုး ထိခိုက်ပျက်စီးခဲ့ပြီး တန်ဖိုးအားဖြင့် ၁၂၄ ဒသမ ၈၆၇ သန်းခန့် ဆုံးရှုံးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လျှောင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပြီး အသက်ကယ်နည်းများ သရုပ်ပြလေ့ကျင့်

**တပ်ကုန်း ဩဂုတ် ၁၁**

နေပြည်တော် တပ်ကုန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ လျှောင်ဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြောခြင်းနှင့် အသက်ကယ်နည်းများ သရုပ်ပြ လေ့ကျင့်မှုကို ဩဂုတ် ၁၀ ရက်က အဆိုပါကျောင်းရှိ ပြည်သာနိုင်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်က မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့လာပါက ကယ်ဆယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးနှင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအကြောင်း စသည်တို့ကို ရှင်းလင်းပြောကြားပြီး နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မေနွယ်ကျော်ဇောက လျှောင်ဘေး အန္တရာယ်များ ဖြစ်ပေါ်လာပါက ဆောင်ရန်၊ ရှောင်ရန်များနှင့် ကယ်ဆယ်ရေးအတွက် စီမံထားရှိမှုအခြေအနေများကို ရှင်းလင်းဟောပြောသည်။

ထို့နောက် အရေးပေါ် အသက်ကယ်ဆယ်နည်းနှင့် လူနာပြုစုနည်းများကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြပြီးနောက် လျှောင်ဘေး ကြုံတွေ့ရပါက ထိခိုက်မှု အနည်းဆုံးဖြစ်အောင် နေထိုင်နည်းနှင့် တိမ်းရှောင်မှုများကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်၍ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။ သရုပ်ပြလေ့ကျင့်မှုအပြီးတွင် ကျောင်းသား ကျောင်းသူများအား လျှောင်ဘေးအန္တရာယ်အကြောင်း ပညာပေးလက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## သတင်းတိုများ

### မိုးညှင်း၌ ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ ဟဲပန်ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးလုပ်ငန်းဖွင့်ပွဲကို ဩဂုတ်လ ပထမပတ်အတွင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။ ကျေးရွာမီးလင်းရေးအတွက် ၃၃ ကေဗွီဓာတ်အားလိုင်း သုံးမိုင်၊ ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် ကျေးရွာအတွင်း၌ ၄၀၀ ဗို့ ဓာတ်အားလိုင်း တစ်မိုင်တို့ကို ပြည်နယ်အစိုးရ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲတွင် မိုးညှင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထိုက်ဦးနှင့် မြို့နယ်လျှပ်စစ်မှူး ဦးထွန်းထွန်းနိုင်တို့က လျှပ်စစ်မီးသုံးစွဲရာတွင် သတိပြုရမည့်အချက်များကို ဟောပြောကာ အလင်းရောင်စီမံချက်အရ အိမ်ခြေ ၃၃ အိမ်၌ မီတာများ နေ့ချင်းပြီး တပ်ဆင်ပေးခဲ့သည်။ **ဗထူး**

### သက်ငယ်မုဒိမ်းမှုဖြစ်ပွားခြင်းမရှိစေရေး ပညာပေးဟောပြော

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်အတွင်း သက်ငယ်မုဒိမ်းမှုများ မဖြစ်ပွားစေရေးအတွက် ပညာပေးဟောပြောပွဲကို မြို့နယ်ရဲတပ်ဖွဲ့က ကြီးမှူး၍ ဘွက်ကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ဩဂုတ် ၆ ရက်တွင် ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်ကြွယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်တို့က ရပ်ကွက်နေပြည်သူများအား အသိပညာပေး ဟောပြောခဲ့ကြသည်။ **ဟန်စိုး**

### ရေးမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆွေးနွေး

ရေးမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကာကွယ်ရေးဆိုင်ရာများ ကြိုတင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ရာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦးက သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ရေးမြစ်ဖြတ်ကူးပြီး ပညာသင်ယူနေကြသည့် တောင်ဘက်ကမ်းကျေးရွာမှ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရေးတို့ကို ဆွေးနွေးကာ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များက လိုအပ်သည်များ ပြန်လည် ဆွေးနွေးတင်ပြခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### ထန်းတပင်မြို့နယ်၌ ပညာသင်ထောက်ပံ့ကြေးပေးရန် ကျောင်းကော်မတီဖွဲ့စည်း

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပက်အင်းကလေးကျေးရွာအုပ်စု တပွန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဆင်းရဲနွမ်းပါးသော ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်နိုင်ရေးအတွက် ကျောင်းကော်မတီ ရွေးချယ်ဖွဲ့စည်းပွဲကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ခဲ့ရာ ကျောင်းအုပ် ဆရာမကြီးက ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ စည်းကမ်းများနှင့် သတ်မှတ်ထားသောစံနှုန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထင်ကျော်ဦးက ကျောင်းကော်မတီဖွဲ့စည်းခြင်းနှင့် ကျောင်းထောက်ပံ့ကြေးပေးအပ်ခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ ပါဝင်သည့် ကျောင်းကော်မတီကို အဖွဲ့ဝင်ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ကြသည်။ **ဇင်မင်းထိုက်(ပြန်/ဆက်)**

# ထန်တလန်မြို့နယ်၌ ကျောက်တောင်ပြိုကျ၍ လမ်းပိတ်ဆို့

**ထန်တလန် ဩဂုတ် ၁၁**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း ဩဂုတ် ၉ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဟရိန်ခန်းကျေးရွာနှင့်သီကီရ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်း မိုင်တိုင်အမှတ်(၈/၀)နှင့်(၉/၀)ကြား၌ အလျားပေ ၂၀၀ခန့်၊ အမြင့်ပေ ၁၂၀ခန့် ကျောက်တောင်ပြိုကျ၍ မြေစာများ၊ သစ်ပင်များဖြင့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်းသိရသည်။

ကျောက်တောင်ပြိုကျသည့် နေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးစွမ်းထက် ဦးဆောင်ကာ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးလျန်ကျင့်ခိုင်နှင့် ဝန်ထမ်းများအဖွဲ့က သွားရောက်ကြည့်ရှုပြီး ဆည်မြောင်းဌာနပိုင် ဒိုဇာတစ်စီးနှင့် လမ်းဦးစီးဌာနပိုင် JCB ယာဉ်တစ်စီးတို့ဖြင့် တောင်ပြိုကျ၍ ပိတ်ဆို့နေသည့်မြေစာများနှင့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းပေးလျက်ရှိကြောင်း သိရသည်။

**ထန်တလန် (ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်းရှိ လမ်းမကြီးများဖြစ်သည့် ရန်ကုန်-ပုသိမ်လမ်း၊ ရန်ကုန်-ညောင်တုန်းလမ်းနှင့် ရွှေပြည်သာတံတားလမ်း(အနော်ရထာလမ်း)တို့ကို ခြောက်လစီမံချက်အရ ကွန်ကရစ်လမ်းမကြီးအဖြစ် ရန်ကုန်အနောက်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီက ခင်းကျင်းလျက်ရှိရာ လမ်းခင်းစဉ်အတွင်း ယာဉ်များသွားလာမှု အဆင်ပြေစေရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ဩဂုတ် ၇ ရက်က တွေ့ရစဉ်။ ဗထူး

# အရည်အသွေးပြည့် ဓာတ်မြေသြဇာများ တင်သွင်းနိုင်ရန် ၁၀၅ မိုင်၌ ဓာတ်ခွဲခန်းတည်ဆောက်ပြီးဖြစ်

**မူဆယ် ဩဂုတ် ၁၁**
မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးတွင် အဓိကလိုအပ်ချက်ဖြစ်သော ဓာတ်မြေသြဇာအများဆုံး တင်သွင်းရာ တံခါးပေါက်ကြီးဖြစ်သည့် မူဆယ်(၁၀၅)မိုင်၌ ပြည်ပမှတင်သွင်းသော ဓာတ်မြေသြဇာများ အရည်အသွေးပြည့်မီမှုရှိ/မရှိကို စစ်ဆေးနိုင်ရန် ဓာတ်ခွဲခန်းကို တည်ဆောက်ပြီးဖြစ်ကြောင်းနှင့် ယခုနှစ်ကုန်ပိုင်းတွင် စတင်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ခရိုင်အနေနဲ့ ၂၀၁၆-၂၀၁၇ ထဲက ဖွဲ့စည်းပြီးသားပါ၊ အရည်အသွေးပြည့်မီတဲ့ ဓာတ်မြေသြဇာတွေကို စနစ်တကျ ပြည်တွင်းကိုတင်သွင်းနိုင်ဖို့ ၁၀၅ မိုင်ဂိတ်မှာ ဓာတ်ခွဲခန်းကို တည်ဆောက်ခဲ့တာပါ၊ စစ်ဆေးတာတော့ဟုတ်ပြီ၊ အရည်အသွေးကို ဘယ်လိုစစ်ဆေးမလဲ၊ ဓာတ်ခွဲခန်းလိုတယ်၊ အထက်ကိုတင်ပြပြီးနောက်မှာ ဓာတ်ခွဲခန်း ရခဲ့တယ်၊ မြန်မာပြည်တွင်းကို ဝင်ရောက်လာမယ့် မြေသြဇာ၊ ဆေးဝါး၊ အပင်တွေကို စစ်ဆေးဖို့ ဓာတ်ခွဲခန်းသုံးပစ္စည်း၊ ဆေးဝါး ၅၀ ရာခိုင်နှုန်း ပြည့်စုံနေပါပြီ၊ ဓာတ်ခွဲကျွမ်းကျင်ပညာရှင်ပဲ လိုပါတော့တယ်၊ သက်ဆိုင်ရာလုပ်ငန်းရှင်တွေနဲ့ တစ်ဖက်နိုင်ငံက စိုက်ပျိုးရေးဦးစီးဌာနကိုလည်း ဖိတ်ကြားပြီး ဖွင့်ပွဲပြုလုပ်သွားမှာပါ၊ စစ်ဆေးမှုတွေကို ချက်ချင်းလုပ်ဆောင်သွားမှာပါ"ဟု မူဆယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်လွင်လွင်စိန်က ပြောသည်။

မြန်မာနိုင်ငံသို့တင်သွင်းနေသော ဓာတ်မြေသြဇာများကို လုပ်ငန်းလိုင်စင်ဖြင့် တင်သွင်းသည့်နည်းတူ လုပ်ငန်းလိုင်စင်မရှိဘဲ တင်သွင်းမှုများလည်းရှိနေ၍ လက်ရှိစိုက်ပျိုးရေးတွင် အသုံးပြုနေသော တောင်သူတို့မှာ စံချိန်စံညွှန်းမမီသော သီးနှံတို့ကြောင့် နစ်နာမှုများရှိနေသော်လည်း မည်သည့်ကုမ္ပဏီကို ပြောဆိုအကြောင်းကြားရမည်ကို မသိရှိသောအခက်အခဲများ ကြုံတွေ့နေရကြောင်းလည်းသိရသည်။

တရုတ်နိုင်ငံနယ်စပ်ဖြစ်သော မူဆယ်(၁၀၅)မိုင်ဝင်ပေါက်သည် မြန်မာနိုင်ငံသို့ ကုန်စည်စီးဆင်းမှုအများဆုံး ဝင်ပေါက်ကြီးတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးကို အခြေခံသော မြန်မာနိုင်ငံအတွက် တောင်သူတို့ အဓိကအားထားရာ ဓာတ်မြေသြဇာများ အများဆုံး ဝင်ရောက်နေသည့် တံခါးပေါက်လည်းဖြစ်သောကြောင့် ဓာတ်မြေသြဇာအရည်အသွေး စံချိန်စံညွှန်းစစ်ဆေးသည့် ဓာတ်ခွဲခန်းတစ်ခုထားရှိခြင်းသည် စိုက်ပျိုးတောင်သူတို့အတွက်သာမက မြန်မာနိုင်ငံတွင် နေ့စဉ်စားသုံးနေသော သီးနှံတို့၏ ဘေးကင်းလုံခြုံမှုကိုလည်း များစွာ အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ ဖရဲ၊ သခွားစိုက်တောင်သူတွေက အားရဝမ်းသာ ကြိုဆိုတယ်၊ ဒီလိုလုပ်သင့်တာကြာပါပြီ၊ တရုတ်ပြည်ဂိတ်ပေါက်လေးပေါက်မှာ ဒီဘက်ကဝင်တဲ့ပစ္စည်းကို သေသေချာချာ ကျန်းမာရေးအရ တင်းတင်းရင်းရင်း စစ်ဆေးတယ်၊ ကျွန်တော်တို့ဘက်မှာ မရှိဘူး၊ ဓာတ်မြေသြဇာကိုအားကိုးပြီး စိုက်ပျိုးနေရတဲ့ခေတ်မှာ အခက်အခဲမျိုးစုံကို ဒေသတစ်ခုမဟုတ်တစ်ခု အမြဲကြုံနေရတာ၊ အဲ့ဒါဓာတ်မြေသြဇာအတုတွေကြောင့်ပဲ၊ တရုတ်ကဝင်လာတဲ့ ဓာတ်မြေသြဇာက ပြဿနာဖြစ်လာရင် ဘယ်သူ့ကိုပြောရမှန်းမသိဘူးဖြစ်နေတယ်၊ အခုလို တကယ့်ဝင်ပေါက်နေရာမှာ ဓာတ်ခွဲစမ်းသပ်မှုဆောင်ရွက်တာကို ကြိုဆိုတယ်၊ ကျွန်တော့်လိုပဲ တောင်သူအားလုံးလက်ခုပ်တီးအားပေးကြမှာပါ"ဟု တရုတ်နိုင်ငံ ဝမ်တိန်တွင် ကျင်းပသော မူဆယ်ကုန်သည်များနှင့် စိုက်ပျိုးတောင်သူများဖိုရမ်တွင် ကျောက်ဆည်မြို့မှ ဖရဲစိုက်တောင်သူ ဦးအောင်မောင်းက ပြောကြားသည်။

လက်ရှိပြည်တွင်းသို့ တရားဝင်တင်ပို့လျက်ရှိသော ဓာတ်မြေသြဇာများကို (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၌ ဓာတ်ခွဲစစ်ဆေးရာတွင် လုပ်ငန်းပိုင်းဆိုင်ရာအချိန်ကြန့်ကြာမှုကို ပထမပိုင်းတွင် ကြုံတွေ့နိုင်သော်လည်း တစ်နိုင်ငံလုံးစားသုံးနေသည့်သီးနှံများဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံတို့ကိုပင် သစ်သီးများတင်ပို့နေ၍ အားလုံးပူးပေါင်းဆောင်ရွက်မှုဖြင့် လုပ်ငန်းများ အောင်မြင်မှုရရှိနိုင်ကြောင်း(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ ဝန်ထမ်းတစ်ဦးကလည်းထောက်ပြပြောကြားသည်။ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တစ်ဆင့် တရားဝင်တင်သွင်းနေသော ဓာတ်မြေသြဇာများသည် သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် အညီ ထုတ်လုပ်တင်ပို့မှုရှိ/မရှိကိုဓာတ်ခွဲစမ်းသပ် စစ်ဆေးသွားမည်ဖြစ်ပြီး မကြာမီ အဆိုပါဓာတ်ခွဲစမ်းသပ်ခန်းကို ဖွင့်လှစ်လည်ပတ်ကာ ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ လုပ်ဆောင်သွားတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်**

# အရာတော်မြို့နယ်၌ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး

**အရာတော် ဩဂုတ် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ အထူးကု ဆရာဝန်ကြီးများသည် မုံရွာခရိုင် အရာတော်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဩဂုတ် ၁၁ ရက်က ကွင်းဆင်းပြီး မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ပြည်သူများအား အခမဲ့ စမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အထူးကုဆရာဝန်ကြီးများအဖွဲ့တွင် အထွေထွေရောဂါ၊ သွေးတိုး၊ ဆီးချို၊ နှလုံး၊ မျက်စိ၊ အရိုး၊ အကြော၊ အရေပြား၊ သားဖွားနှင့် မီးယပ်၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ ပါဝင်ကြပြီး အခြားအထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးစောင့်ရှောက်မှု အကူအဖွဲ့ဝင် ၂၀ ကျော်ဖြင့် ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။



"သွားရေးလာရေးခက်ခဲတဲ့ ဒေသတွေမှ ပြည်သူတွေက အထူးကုဆရာဝန်ကြီးတွေနဲ့ ပြသဖို့ရာ လမ်းပန်းဆက်သွယ်ရေး၊ ငွေစတဲ့ အခက်အခဲတွေရှိတဲ့အတွက် နီးစပ်ရာဆေးမြီးတိုနဲ့ ကုသနေရတယ်၊ အခုလို အထူးကုဆရာဝန်ကြီးတွေက နယ်တွေကို ကွင်းဆင်းကုသပေးတဲ့အတွက် အဆင်ပြေတာပေ့ါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက ပြောသည်။

မုံရွာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအနေဖြင့် အရာတော်မြို့သို့ ကွင်းဆင်းဆေးကုသမှုတွင် အထွေထွေရောဂါများကို စမ်းသပ်ကုသမှုများ ပြုလုပ်ပေးခဲ့ပြီး ခွဲစိတ်ကုသရေးနှင့် ပတ်သက်၍ ရိုးရိုးခွဲစိတ်ရမည့် လူနာများကို အရာတော်ပြည်သူ့ဆေးရုံကြီးတွင် ခွဲစိတ်ပေးမည်ဖြစ်ကာ အကြီးစားခွဲစိတ်ရန်လိုအပ်သော ဝေဒနာရှင်များကိုလည်း မုံရွာ အထွေထွေရောဂါကုဆေးရုံကြီးသို့ ခေါ်ဆောင်သွားပြီး ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဗေယျာတိုင်း)**

# ပေါက်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

**ပေါက် ဩဂုတ် ၁၁**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ရေပြာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစောမြင့်ခိုင်က ဆွေးနွေးပွဲပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြင့်စန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းရွှေ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနန်းဦး၊ ကျေးလက်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စုစုလွင်၊ လမ်းဦးစီးဌာနဦးစီးအရာရှိ( မြို့ပြ)ဒေါ်ချိုချိုမြင့်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အေးအေးသန့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးခင်မောင်ဆွေ၊ မြို့နယ်လဝကဦးစီးအရာရှိ ဦးသောင်းဝင်းနှင့် မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမျိုးသိန်းထိုက်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြသည်။



**ဉာဏ်တိုး**

# နောင်တရားမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**နောင်တရား ဩဂုတ် ၁၁**
ရှမ်းပြည်နယ် ပင်လောင်းမြို့နယ် နောင်တရားမြို့နန်းပုလင်းကျေးရွာအုပ်စု စင်းစုတ်ကျေးရွာ၌ ဒေသခံ ပြည်သူများ၊ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးအန္တရာယ်များကို သိရှိပြီး တားဆီးကာကွယ်နိုင်ရေးအတွက် ပညာပေးဟောပြောပွဲကို နောင်တရားနယ်မြေရဲစခန်းက ကြီးမှူးပြီး ဩဂုတ် ၁၁ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် နောင်တရားနယ်မြေရဲစခန်းမှ ဒုရဲအုပ် အောင်ဝေလင်းက လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် လူ့စွမ်းအားအရင်းမြစ်များ ဆုံးရှုံးနေရပြီး ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးမှာ မိဘပြည်သူများတွင်လည်း တာဝန်ရှိကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူများ ရောင်းဝယ်သူများကို သတင်းပေးတိုင်ကြားခြင်းဖြင့် ပိုမိုထိရောက်စွာ ကာကွယ်နိုင်မည်ဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါးနှင့်သက်ဆိုင်သည့် ဥပဒေများကို ရှင်းလင်းဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ကျေးရွာ ရပ်မိရပ်ဖများနှင့် ကျေးရွာနေပြည်သူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခွန်အောင်(နောင်တရား)**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၁-၈-၂၀၁၈

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၉၂၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၅/၉၄၀ ကျပ် | ၉၆၀/၉၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၃၅/၉၅၀ ကျပ် | ၉၇၀/၉၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၈၉၀/၉၁၀ ကျပ် | ၉၅၅/၉၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၃၅/၉၆၀ ကျပ် | ၁၀၂၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၄၂ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၆၂ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၅၅ · ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၅၀ · ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၀၀ · ၂ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၆၂ · ၇ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၁ · ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၉၇၂ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၈ · ၂၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၅၃ · ၅၆ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၃ · ၃၉၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန



မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |


mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၁၂၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News
Presented by NPE
www.mdn.gov.mm



HTOO


ဘယ်ကျော်
ဧရာ... သားအတွက် မေမေဈေးကနေ မျက်နှာဖုံးလေး ဝယ်လာတယ်...
မျက်နှာဖုံးတပ်ထားလိုက်တော့ ငါ့ကိုဘယ်သူကမှ မမှတ်မိတော့ဘူးပေါ့...
ဟိ... ဟိ...
ဟီး... ဟီး...
ဟဲလို... ဝတုတ်...
အခုပြောနေတာ ဘယ်သူလဲကွ...။ သိလား...
ဟား... ဘယ်ကျော်... ပြောလေကွာ...
သား မျက်နှာဖုံး တပ်ထားပေမယ့် ဝတုတ်က သားမှန်း သိနေတယ် မေမေ...




ရောင်နီ


ဖိုး
သာ
တူး


ကာတွန်း စမ်းချောင်းကိုကိုအောင်
ပလာတူးရေ၊ နင်နဲ့ ငါ အပျင်းပြေဉာဏ်စမ်း ကြမယ်၊
အရွက်တွေထဲမှာ၊ နှစ်ပေါင်းများစွာ၊ မနွမ်းတဲ့ အရွက်ကိုသိလား၊
အဲ.. ဟို... အင်း...
မသိဘူးဟာ၊
မသိရင်မှတ်ထား၊ နားရွက်ပေါ့ဟာ၊
ကဲ- ငါ့အလှည့်၊ လိပ်တွေဘာကြောင့် အသွားနှေးတယ်ဆိုတာ သိလား ၊
သိသားပဲ၊
မြန်အောင်မသွားနိုင်လို့ပေါ့ဟာ၊

# မကွေးတိုင်းဒေသကြီး၌ အရည်အသွေးမမီထုတ်ကုန်များကို စစ်ဆေးဖျက်ဆီးနေ

**မကွေး ဩဂုတ် ၁၁**
စားသုံးသူများ၏ အခွင့်အရေးဖြစ်သော ဘေးကင်းလုံခြုံမှုနှင့် စိတ်ကျေနပ်မှုတို့ကို ရရှိနိုင်စေရန် မကွေးတိုင်းဒေသကြီး အတွင်း၌ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသော စံချိန်စံညွှန်း၊ အရည်အသွေးမမီသည့် ထုတ်ကုန်များကို စားသုံးသူရေးရာ ဦးစီးဌာန၊ FDA နှင့် မိတ်ဖက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ရှောင်တခင်စစ်ဆေး သိမ်းဆည်းခြင်း၊ ဖျက်ဆီးခြင်းများ လုပ်ဆောင်နေကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။




၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ရှောင်တခင်စစ်ဆေးမှု ၂၂၈ ကြိမ် ပြုလုပ်ခဲ့ပြီး စံမမီထုတ်ကုန် အမျိုးအစား ၁၀၀၀ (အရေအတွက် ၁၁၀၆၂ ခု) (တန်ဖိုးကျပ်သိန်း ၃၀ ကျော်)ကို သိမ်းဆည်းခဲ့ကာ ငွေကျပ် ၂၃ သိန်းနီးပါး တန်ဖိုးရှိ စံမမီထုတ်ကုန်အမျိုးအစား၇၄၆မျိုးနှင့် အရေအတွက် ၈၆၇၇ ခုကို မြိုင်ပါးမြို့၌ ၁၅ ကြိမ်တိုင်တိုင် ဖျက်ဆီးခဲ့ကြောင်း တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုးက ပြောသည်။

"ဒီနေ့အထိ ဈေးကွက်ထဲမှာ သက်တမ်းလွန်ထုတ်ကုန်တွေ တွေ့နေရတုန်းပါပဲ၊ စစ်ဆေးတွေ့ရသမျှ ဂန့်ဂေါမြို့မှာတော့ အများဆုံးပါ၊ စားသုံးသူရဲ့အခွင့်အရေးဆိုတဲ့နေရာမှာ စားသောက်ကုန်တစ်ခုတည်းကိုသာ ဆိုလိုတာမဟုတ်ဘဲနဲ့ ထုတ်ကုန်တိုင်းမှာ ကတိကဝတ်ပြုထားတဲ့ အချက်အလက်တွေအပေါ် ဝန်ဆောင်မှုပေးဖို့ ပျက်ကွက်တယ်၊ နောက်ပြီး စိတ်ကျေနပ်မှုမပေးနိုင်ဘူးဆိုရင် ဒါစားသုံးသူအခွင့်အရေးကို ချိုးဖောက်တာလို့ ခေါ်လို့ရပါတယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ စားသုံးသူပြည်သူတွေကြား အငြင်းပွားမှုတွေကိုလည်း ကျွန်မတို့ ဖြေရှင်းပေးနေပါတယ်"ဟု ဒုတိယတိုင်းဒေသကြီးဦးစီးမှူးက ဆက်ပြောသည်။

စံချိန်စံညွှန်း၊ အရည်အသွေးမီ ထုတ်လုပ်သော ကုန်ပစ္စည်းများတွင် ကုန်အမှတ် တံဆိပ်၊ ကုန်ပစ္စည်းအမျိုးအမည်၊ ပါဝင်ပစ္စည်းများဖော်ပြချက်၊ ဘေးထွက်ဆိုးကျိုး၊ ခါတ်မတည့်ကြောင်း ဖော်ပြချက်၊ ထုတ်လုပ်သူ၏လိပ်စာ၊ ထုတ်လုပ်သည့်ရက်စွဲ၊ နောက်ဆုံးသုံးစွဲရမည့်ရက်၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်၊ Bar Code၊ အလေးချိန်/ထုထည်/ဖွဲ့စည်းပုံ စသည့် အချက် ၁၀ ချက် ပါဝင်ရမည်ဖြစ်ပြီး ကတိကဝတ်ပြုထားသော ဝန်ဆောင်မှုများအားလုံးကို စားသုံးသူက ရပိုင်ခွင့်ရှိကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**

# ကျေးရွာသစ်စီမံကိန်းလုပ်ငန်းများရှင်းလင်းဆွေးနွေး

**နွားထိုးကြီး ဩဂုတ် ၁၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံမှ KOICA တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော နွားထိုးကြီးမြို့နယ် ထန်းဇင်(တ)ကျေးရွာ ကျေးရွာသစ်စီမံကိန်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၀ ရက်က အဆိုပါကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာဆယ်မားအူးအွန်ဒုန်စီမံကိန်း ရုံးချုပ်မှ စီမံကိန်းမန်နေဂျာ Lee Seung Wom က မိတ်ဆက်အမှာစကားပြောကြားပြီး စွမ်းဆောင်ရည်မြှင့်တင်ရေး စီမံကိန်း၊ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဝင်ငွေတိုးတက်ရရှိရေး စီမံကိန်းများနှင့်စပ်လျဉ်း၍ ကျေးရွာကော်မတီဝင်များ ဆောင်ရွက်ရမည့်အချက်များနှင့် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ရုံးချုပ်မှ စီမံကိန်းမန်နေဂျာနှင့်အဖွဲ့သည် ယခင်နှစ်က လုပ်ငန်းများအနက် ရာခိုင်နှုန်းပြည့်ဆောင်ရွက်ပြီးစီးသည့် (RO)စနစ် သောက်ရေသန့်စက်ရုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကျေးရွာမှ စီမံကိန်းကော်မတီဝင်များက လိုက်လံရှင်းလင်းပြသခဲ့သည်။ **ခင်ဇော်မွန်မြင့်-ဥပဒေ**

# မယ်စဲ့မြို့နယ်၌ တီဘီရောဂါများ အခမဲ့ကွင်းဆင်းရှာဖွေကုသ

**မယ်စဲ့ ဩဂုတ် ၁၁**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန အမျိုးသားတီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်း ကယားပြည်နယ် တီဘီရောဂါဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာလဲ့ညိုဝင်းနှင့်အဖွဲ့သည် မယ်စဲ့မြို့နယ်အတွင်း တီဘီလူနာများအား ရှာဖွေဖော်ထုတ်ကုသခြင်းကို ဩဂုတ် ၁၁ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါအဖွဲ့သည် မြို့ပေါ်ရပ်ကွက်မှ လူနာ ၃၃ ဦးအား တီဘီရောဂါနှင့်ပတ်သက်၍ သလိပ်စစ်ခြင်း၊ ဓာတ်မှန်ရိုက်ခြင်းနှင့် စမ်းသပ်စစ်ဆေးပေးခြင်းများကို ဆောင်ရွက်ပေးသည့်အပြင် မိုဘိုင်းအဖွဲ့ခေါင်းဆောင် ဒေါက်တာစိုင်းထွန်းလှကလည်း အထွေထွေရောဂါများ စမ်းသပ်စစ်ဆေးခြင်းနှင့် အခမဲ့ဆေးကုသခြင်းတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့သည်။

တီဘီရောဂါ ကွင်းဆင်းရှာဖွေရေးအဖွဲ့သည် ဩဂုတ် ၆ ရက်မှစတင်၍ မယ်စဲ့မြို့နယ်အတွင်းရှိ ကျောက်စု၊ ပန်တိန်း၊ ဟိုစဲ့၊ ဟိုဂျစ်နှင့် မယ်စဲ့မြို့တို့တွင် လှည့်လည်၍ စုစုပေါင်း လူနာ ၂၁၀ အား တီဘီရောဂါရှိမရှိ စမ်းသပ်စစ်ဆေးပေးခဲ့ပြီးဖြစ်ကာ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇော်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# တနင်္သာရီ ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့်စားသောက်ဖွယ်ရာများ လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၁၁**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်မှစ၍ ယနေ့အချိန်အထိ တစ်လနီးပါး မြစ်ရေကြီးကာ ပြည်သူများမှာ ရေဘေးဒုက္ခများ ခံစားနေရသဖြင့် မြိတ်မြို့ရှိ မေတ္တာလက်ကမ်း ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးအာကာဦးနှင့် အဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် လူမှုငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးကွန်ရက်(မြိတ်ဒေသ)နှင့် ရန်ကုန်မြို့အခြေစိုက် ကမ်းလက် ပရဟိတလူမှုအဖွဲ့အစည်းတို့ ပူးပေါင်း၍ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့်အဖွဲ့ဝင်များက ငွေကျပ်သိန်း ၁၉၀ ခန့်တန်ဖိုးရှိ ဆန်နှင့်



စားသောက်ဖွယ်ရာများကို ဩဂုတ် ၁၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြသည်။

တနင်္သာရီမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ယာယီရေဘေးကယ်ဆယ်ရေးစခန်း ခုနစ်ခုဖြစ်သော ချောင်းကြီးရပ်ကွက် ဘုန်းတော်ကြီးကျောင်း၊ တနင်္သာရီခန်းမ၊ ချောင်းငယ်ရပ်ကွက်ရှိ ရိပ်သာဘုန်းတော်ကြီးကျောင်း၊ ဆင်ခြေဖုန်းကျေးရွာအုပ်စုရှိ ဘန်းသဲရွာဘုန်းတော်ကြီးကျောင်း၊ တမုတ်ချုန်းကျေးရွာအုပ်စုရှိ မြန်မာအင်းတော်ဘုန်းကြီးကျောင်း၊ ကျောက်တလုံးကျေးရွာအုပ်စု ကျောက်တလုံးရွာတောင်ကုန်းနှင့် ညောင်ပင်ကွင်းကျေးရွာအုပ်စု ပျို့အိုင်ဘုန်းတော်ကြီးကျောင်း စသည့် ရေဘေး ကယ်ဆယ်ရေးစခန်း ခုနစ်ခုတွင် ပြောင်းရွှေ့နေထိုင်နေကြရသည့် အိမ်ထောင်စု ၁၆၉ စုမှ ရေဘေးသင့်ပြည်သူ ၅၅၇ ဦးအား တစ်ဦးလျှင်ဆန် ၁၀ ပြည်၊ ရေသန့်ဘူး နှစ်ကတ်၊ စတီးပန်းကန် တစ်ချပ်၊ စတီးဇလုံတစ်လုံး၊ စတီးဇွန်းတစ်ဒါဇင်၊ ခေါက်ဆွဲခြောက် တစ်ဖာစီနှင့် ငါးသေတ္တာဘူး လေးဘူးစီတို့ကို ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်သည်။

လှူဒါန်းမှုတွင် ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မြိတ်မြို့ သံသရာအေး ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်ဦးသုဇာတ၊ ခရစ်ယာန် သင်းအုပ်ဆရာ ဦးမျိုးအေး(နှစ်ခြင်းအသင်းတော်)၊ ဟိန္ဒူဘာသာအကျိုးဆောင် နာယက ဦးလှငွေ၊ မြိတ်ခရိုင် အစ္စလာမ်သာသနာရေးကောင်စီ နာယက ဦးသိန်းဝင်းတို့နှင့်အတူ မြိတ်ဒေသ လူမှုငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရေးကွန်ရက် အဖွဲ့ဝင်များ၊ မေတ္တာကမ်းလက် ပရဟိတအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တနင်္သာရီမြို့နယ်သို့ လာရောက်၍ ထောက်ပံ့ပေးကြခြင်းဖြစ်ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ကျောက်ဆည် နည်းပညာတက္ကသိုလ်၌ အသိပညာဖလှယ်ပွဲကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၁**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ ကျောက်ဆည်နည်းပညာတက္ကသိုလ်၌ အသိပညာဖလှယ်ပွဲ(Knowledge Festival 2018)ကို ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားကို နည်းပညာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမော်နှင့် ဧည့်သည်တော် နှစ်ဦးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယပါမောက္ခချုပ်က အမှာစကားပြောကြားကာ Youth Engineering Network(YEN) အသင်း၏ ကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် နည်းပညာ ဖလှယ်ဆွေးနွေးမှုများကို ဆက်လက်ပြုလုပ်ရာ အခန်း(၁)တွင် ယဉ်ကျေးမှု အဟောင်းအသစ် ခေါင်းစဉ်ဖြင့် ဆရာဆူးငှက်ကလည်းကောင်း၊ အခန်း(၂)တွင်(Soft Skills 40)ခေါင်းစဉ်ဖြင့် ဆရာကောင်းလွန်းကလည်းကောင်း၊ အခန်း(၃)တွင် ကျောက်ဆည်လွင်ပြင်မှ ရှေးဟောင်းအမွေအနှစ်များခေါင်းစဉ်ဖြင့် တမ္ပဝတီဦးဝင်းမောင်ကလည်းကောင်း၊ အခန်း(၄)တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် နည်းပညာကဏ္ဍ ခေါင်းစဉ်ဖြင့် ဒေါက်တာသက်နိုင်ဦးကလည်းကောင်း၊ အခန်း(၅)တွင် Understanding the Concept of Sustainable Development in Knowledge Crisis ခေါင်းစဉ်ဖြင့် ဒေါက်တာနေအောင်ကလည်းကောင်း ဦးဆောင်ဆွေးနွေးကြသည်။

ထို့နောက် နေ့လယ်ပိုင်းတွင် Gender Baset Vidence ခေါင်းစဉ်ဖြင့် ဆရာမဖြူဖြူချောကလည်းကောင်း၊ လုပ်ငန်းခွင်စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှု ခေါင်းစဉ်ဖြင့် ဆရာအောင်ကျော်ဟိန်းကလည်းကောင်း၊ Opportunites Beyond the Boundaries of Classrooms ခေါင်းစဉ်ဖြင့် ဆရာမဇာတိနွယ်နုအောင်ကလည်းကောင်း၊ Using Emotional Intelligence ခေါင်းစဉ်ဖြင့် ဆရာဇင်ကိုကိုကလည်းကောင်း၊ လူငယ်နှင့်နည်းပညာအခွင့်အလမ်း ခေါင်းစဉ်ဖြင့် ဆရာဇော်ထက်အောင်ကလည်းကောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာဖလှယ်ပွဲသို့ ကျောက်ဆည်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအပြင် အခြေခံပညာကျောင်းများဖြစ်သော အထက(၃)ကျောင်း၊ မေတ္တာ ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် သပြေရိုး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ခဲ့ကြကာ အသိပညာဖလှယ် ဟောပြောမှုများကို လေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရေကြီးမှုကြောင့် ကျောက်ကြီးမြို့နယ် စိုက်ပျိုးပြီး လယ်ဧက ၁၁၀၀၀ ကျော် ထိခိုက်ပျက်စီး

**ကျောက်ကြီး ဩဂုတ် ၁၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်တွင် ကျောက်ကြီးချောင်းရေနှင့် စစ်တောင်းမြစ်ရေလျှံမှုတို့ကြောင့် မြို့နယ်အတွင်းရှိစိုက်ပျိုးမြေ ဧက ၃၇၀၀၀ ကျော်တွင် ရေကြီးနစ်မြုပ်မှုများ ကြုံတွေ့ခဲ့ရပြီးနောက် ဩဂုတ် ၁၀ ရက်အထိ ကောက်ယူထားသော စာရင်းအရ ထိခိုက်ပျက်စီးသော လယ်မြေမှာ ဧက ၁၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

ဇူလိုင်လကုန်နှင့် ဩဂုတ်လဆန်းပိုင်းက စစ်တောင်းမြစ်ရေလျှံခြင်းနှင့် ကျောက်ကြီးမြို့နယ်အတွင်း တောင်ကျရေလျှံခြင်းများကြောင့် ကျောက်ကြီးချောင်းရေမြင့်တက်မှုဖြစ်ပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုပေါင်း ၃၃ စုမှ တောင်သူ ၆၇၁၀ ၏ စပါးစိုက်ပျိုးမြေ ၃၆၉၈၉ ဧက၊ ဟင်းသီးဟင်းရွက်စိုက်မြေ ရှစ်ဧကနှင့် ကြံစိုက်ခင်း ၁၂ ဧကတို့ ရေနစ်မြုပ်ခဲ့ပြီးနောက် ယခု ရေပြန်ကျသွားချိန်တွင် ထိခိုက်သည့်ဧရိယာ ၁၀၈၀၇ ဧကနှင့် ပျက်စီးသည့်ဧရိယာ ၂၉၉ ဧကရှိကြောင်း မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ အဆိုပါ ထိခိုက်ပျက်စီးမှုမှာ ရေကျ၍ ပြန်ပေါ်လာသည့် ၃၀၁၄၇ ဧကတွင် စာရင်းကောက်ယူထားခြင်းဖြစ်ပြီး ရေလွှမ်းကျန်နေဆဲဧရိယာမှာ ၆၈၆၂ ဧကဖြစ်ကြောင်းလည်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးသော မြေဧကစာရင်းများ မှန်ကန်စေရေးနှင့်



စိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် ပညာပေးဆွေးနွေးခြင်း၊ သီးနှံပျက်စီးသည့် စိုက်ခင်းများတွင် မိုးစပါးနှင့် အခြား အစားထိုးသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရန်နှင့် ထိခိုက်သည့် စိုက်ခင်းများတွင်လည်း မျှော်မှန်းအထွက်နှုန်းရရှိစေရန်အတွက် လိုအပ်သောသွင်းအားစုများ ထည့်သွင်းနိုင်ရေး ဆွေးနွေးပညာပေးခြင်း စသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးနိုင်ထံမှ သိရသည်။

**ကိုသားကြီး(ပြန်/ဆက်)**

## မေတ္တာမြို့၌ အထူးကု ဆရာဝန်ကြီးများအဖွဲ့က အခမဲ့နယ်လှည့် ကွင်းဆင်းကုသ

**မေတ္တာ ဩဂုတ် ၁၁**
တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မေတ္တာမြို့မှ ဒေသခံပြည်သူများအား ထားဝယ်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က နယ်လှည့်ကွင်းဆင်းကုသမှုများ ဩဂုတ် ၁၁ ရက်တွင် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ တနင်္သာရီတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်တို့ ဦးဆောင်သော ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့က မေတ္တာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် ရောဂါအမျိုးမျိုးတို့ကို အခမဲ့ကွင်းဆင်း စမ်းသပ်ကုသပေးကာ နံနက် ၉ နာရီမှစ၍ ညနေပိုင်း လူနာများကုန်သည်အထိ ကုသပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပင်စင်အမှုတွဲများ ဆောင်ရွက်လျက်ရှိသည့်ဝန်ထမ်းများ ပင်စင်အထောက်အကူပြုသင်တန်းဆင်း

**နေပြည်တော် ဩဂုတ် ၁၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပင်စင်ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများနှင့် ပင်စင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အငြိမ်းစားအကျိုးခံစားခွင့်များကို စိစစ်တွက်ချက် ခွင့်ပြုပေးလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းများ အငြိမ်းစားယူသည့်အချိန်၌ လုပ်သက်ဆုငွေနှင့် လစဉ် အငြိမ်းစားလစာအား အငြိမ်းစားယူသည့်လနှင့်တစ်ဆက်တည်း ခံစားခွင့်ရရှိစေရေးဆောင်ရွက်ပေးလျက်ရှိရာ ပင်စင်အမှုတွဲများ ပြည့်စုံမှန်ကန်စွာ ပြုစု၍ ပင်စင်ဦးစီးဌာနသို့ ပေးပို့ရန်လိုအပ်သည်။



ယင်းသို့ ပြည့်စုံမှန်ကန်သည့် ပင်စင်အမှုတွဲများ ပေးပို့နိုင်ရေးရည်ရွယ်၍ ပင်စင်အမှုတွဲများ လက်တွေ့ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် ပင်စင် အထောက်အကူပြုသင်တန်းအမှတ်စဉ် (၂/၂၀၁၈) ကို နေပြည်တော် ရုံးအမှတ်(၃၄) ရှိ အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချသည်။

အဆိုပါသင်တန်းသို့ နေပြည်တော်ရှိ ဌာနအဖွဲ့အစည်းများမှ သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ သင်တန်းကို ဩဂုတ် ၆ ရက်မှ ၁၀ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကင်းတားရေလှောင်တမံရေဝပ်ဧရိယာအတွင်း စက်တပ်ရေယာဉ်များနှင့် ကျူးကျော်တဲများကို အရေးယူဆောင်ရွက်သွားမည်

**မြစ်သား ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် အရှေ့တောင်ဘက် ၂၅ မိုင်ခန့်တွင် ကင်းတားဘက်စုံ ရေလှောင်တမံကြီးကို ၁၉၈၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ရာ ၁၉၉၀ ပြည့်နှစ်တွင် ပြီးစီးခဲ့သည်။

တမံ အမျိုးအစားမှာ ကျောက်ဖြည့်တမံဖြစ်ပြီး တမံအမြင့်မှာ ၂၃၆ ပေနှင့် တမံအလျားမှာ ၂၀၃၄ ပေဖြစ်ပြီး ကင်းတားရေလှောင်တမံမှာ လက်ဝဲတူးမြောင်း၊ လက်ယာတူးမြောင်းနှင့် ပန်းလောင်မြစ်မှတစ်ဆင့် ရေသောက်စနစ်ဖြင့် တောင်သူလယ်သမားများကို ရေပေးဝေလျက်ရှိသည်။ ကင်းတားရေလှောင်တမံ ရေဝပ်ဧရိယာအတွင်း စက်တပ်ရေယာဉ်များနှင့် ကျူးကျော်တဲများ ဆောက်လုပ်နေထိုင်မှုကို တားမြစ်ထားသော်လည်း တရားမဝင် သစ်သယ်ဆောင်သည့်ယာဉ်များ ရှိနေဆဲဟု သိရသည်။

"ကင်းတားရေလှောင်တမံရေဝပ်ဧရိယာအတွင်းက လာရောက်ကြတဲ့ တရားမဝင်သစ်ဆွဲရေယာဉ်တွေ၊ တမံအနီးမှာရှိတဲ့ ကျူးကျော်တဲအိမ်တွေကို ညွှန်ကြားချက်တွေအတိုင်း လစဉ်ဖမ်းဆီးတာ၊ ကျူးကျော်တဲတွေ ဖယ်ရှားတာတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာကြောင့် အခုဆိုရင် ကင်းတားတမံအနီးမှာ ကျူးကျော်နေထိုင်သူတွေ မရှိတော့ပါဘူး။ အလားတူ တရားမဝင် သစ်ဆွဲလှေ ရေယာဉ်တွေလည်း လျော့နည်းသွားပါပြီ" ဟု ရွှာင်သစ်တောဦးစီးဌာန ပန်းလောင်သစ်တောဘိနယ် တမံ (၃) စခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ကူမဲ-ကင်းတား ရေလှောင်တမံ (၂၁)မိုင် လမ်းပိုင်းတွေပေါ်မှာက တရားမဝင် သစ်ကားတွေသွားလာနေပေမယ့် သက်ဆိုင်ရာတာဝန်ရှိသူတွေက ဖမ်းဆီးခြင်း အားနည်းပါတယ်။ အလားတူ ကင်းတားတမံအနီးမှာဆိုရင် ရဲကင်းဂိတ်တွေလည်းရှိပါတယ်။ ဒါပေမယ့် ဩဂုတ် ၇ ရက်အထိတော့ တရားမဝင် သစ်ကားတွေ သွားလာနေတုန်းပါ"ဟု ကင်းတားတမံအနီးရှိ (ယခင်) ကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းက ပြောသည်။

"ချမ်းငြိမ်းသာကျေးရွာမှာ တရားမဝင်သစ်ခွဲစက်တွေ ရှိနေပေမယ့် သက်ဆိုင်ရာက ဖမ်းဆီးမှုအားနည်းနေတာကြောင့် တာဝန်ရှိသူတွေအနေနဲ့ ဆောင်ရွက်စေချင်ပါတယ်" ဟု မြစ်သားမြို့နယ် ဒိုင်ကျေးရွာအုပ်စု ချမ်းငြိမ်းသာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။



ကင်းတားရေလှောင်တမံကြီးသည် မြစ်သားမြို့နယ်အတွင်းရှိ စိုက်ပျိုးတောင်သူများ အဓိကအားထားနေရသည့် ဆည်တမံတစ်ခုအဖြစ် ရေရှည်တည်တံ့နေရေးအတွက် ယခုအခါ သက်ဆိုင်ရာ တာဝန်ရှိသူများက ကင်းတားရေလှောင်တမံရေဝပ်ဧရိယာအတွင်း တရားမဝင် သစ်ဆွဲရေယာဉ်များ၊ ကျူးကျော်တဲအိမ်များ မရှိစေရေးအတွက် ဆိုင်းဘုတ်များ စိုက်ထူထားရှိခြင်းစသည်များ ဆောင်ရွက်ထားသကဲ့သို့ လိုက်နာမှုမရှိသူများကိုလည်း တည်ဆဲဥပဒေဖြင့် အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော်(မလှိုင်)**

# ကျောက်တန်း ပါဒဝ၌ တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျောက်တန်း ဩဂုတ် ၁၁**

ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတောင်သူပညာပေးဆွေးနွေးပွဲကို ဩဂုတ်လ ပထမပတ်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အရှေ့ပိုင်း ပါဒဝကွင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူး ဦးဇော်လင်းက ဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းပြသည်။ ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးနှင့် ခရိုင် မြေ-မျိုး-ပိုးတာဝန်ခံများ၊ စိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းမှ တာဝန်ရှိသူများ၊ ရှမ်းမောမြေ သဘာဝမြေသြဇာကုမ္ပဏီမှ တာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသန်းနှင့် ကွင်းဝန်ထမ်းများက ဆွေးနွေးတင်ပြကြပြီး ဒေသခံတောင်သူများ၏ လိုအပ်ချက်နှင့် သိလိုသည်များကို ပူးပေါင်းဆွေးနွေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုးဝင်း(ကျောက်တန်း)**

## တံတားမြို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အခမဲ့ကွင်းဆင်းဆေးကုသ

**တံတား ဩဂုတ် ၁၁**

ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးမှူး ဒေါ်အေးအေးမွန် ဦးဆောင်သည့် ဆေးကုသရေးအဖွဲ့မှ ကဒပွနကျေးရွာသို့ ယနေ့နံနက်က ဆေးကုသခြင်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ယခုအခါ တိမ်မြုပ်နေသော တိုင်းရင်းဆေးပညာကို ပြည်သူများအားကိုးအားထားပြုလာစေကြရန်နှင့် တိုင်းရင်းဆေးများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိကြပြီး ယုံကြည်စွာ အသုံးချတတ်စေရန် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆရာမဒေါ်အေးအေးမွန်က ပြောကြားခဲ့သည်။

အဆိုပါ ဆေးကုသရေးအဖွဲ့သည် လာရောက်ကုသကြသည့် ကလေးငယ်များ၊ လေဖြတ်လေငန်းသက်ကြီးရွယ်အိုများ၊ နာမကျန်းလူနာနှင့် အထွေထွေရောဂါ ဝေဒနာရှင် လူနာ ၇၈ ဦးတို့အား တိုင်းရင်းဆေးဖြင့် အခမဲ့ ဆေးကုသမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# နေပြည်တော် ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်) အမှတ်စဉ် (၂) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်က ကြီးမှူးဖွင့်လှစ်သည့် နေပြည်တော် ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်) အမှတ်စဉ်(၂)၏ သင်တန်းဆင်းပွဲကို ယမန်နေ့က အဆိုပါ သင်တန်းကျောင်း၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ (၆) ဦးမြင့်ဟန်နှင့် သင်တန်းကျောင်း ကျောင်းအုပ်ကြီးတို့က သင်တန်းကျောင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အသင်းချုပ်တာဝန်ရှိသူများက သင်တန်းကာလအတွင်း ဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယခုသင်တန်းကျောင်းတွင် ကွန်ပျူတာပန်းပုအဆင့် ဆော့ဖ်ဝဲပုံသွင်း ၁၉ ဆင့်၊ စက်ပန်းပုထုခြင်း အဆင့် ၂၀၊ ပန်းချီ အခြေခံ ၁၆ မျိုး၊ ကျောက်စိမ်းပန်းချီ အဆင့် ၁၀ ဆင့်၊ ကျောက်ကပ်ပန်းချီ အဆင့် ၈ ဆင့်၊ စက်ပန်းထိမ်အဆင့် ၉ ဆင့်၊ ကျောက်မျက်သွေးအဆင့် ၁၁ ဆင့်၊ ပယင်းသွေးအဆင့် ၅ ဆင့်၊ ကျောက်စိမ်း လက်ကောက်အဆင့် ၁၂ ဆင့်၊ ကျောက်စိမ်းပုတီး အဆင့် ၉ ဆင့်၊ လက်ပန်းပု ၇ ဆင့်၊ လက်ပန်းထိမ် ၆ ဆင့်၊ ကွန်ပျူတာအခြေခံ၊ အင်္ဂလိပ်အခြေခံနှင့် တရုတ်စကားပြောအခြေခံ စသည်တို့ကို သင်ကြားပေးခဲ့သည်။

နေပြည်တော်ရှိ ကျောက်မျက်ရတနာသင်တန်းကျောင်း (ရွှေကြာပင်) ၏ သင်တန်းအမှတ်စဉ်(၁)ကို သင်တန်းသား ၂၀၂ ဦးဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခု အမှတ်စဉ် (၂) ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၀ ရက်အထိ သင်တန်းသား ၁၅၀ ဖြင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ထိန်နန်နေ (သတင်းစဉ်)**

# ငါးသယံဇာတ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ပူတာအို ဩဂုတ် ၁၁**

ကချင်ပြည်နယ် ပူတာအိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် တောင်ပေါ်ဒေသ ငါးလုပ်ငန်းကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်း၍ ငါးသယံဇာတထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ငါးမွေးမြူရေးကို မိရိုးဖလာမွေးမြူခြင်းမှ တစ်နိုင်တစ်ပိုင် စီးပွားဖြစ်မွေးမြူလာစေရန်တို့အတွက် ဝန်ထမ်းများစဉ်ဆက်မပြတ် ကွင်းဆင်းကာ အသိပညာပေးဟောပြောခြင်း၊ ငါးမွေးမြူလိုသူများအား ငါးသားပေါက်များ အခမဲ့ မျိုးစိုက်ပေးခြင်းများကို အစီအမံများချမှတ်၍ ဟန်ချက်ညီညီ ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ပထမပတ်က ပူတာအိုမြို့နယ် မာမူးလဲ့ကျေးရွာအုပ်စု နမ်ဟော့ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ငါးသယံဇာတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းနောင်ဦးက ငါးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးမျိုးများပြုန်းတီးမှုမရှိစေရန် ဌာနမှတားမြစ်ထားသော ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်း၊ မိုင်းခွဲ၍ငါးဖမ်းဆီးခြင်း၊ အဆိပ်ချ ငါးဖမ်းဆီးခြင်းနှင့် ငါးရစ်ငါးသန်ကာလတွင် ငါးဖမ်းဆီးခြင်းမပြုလုပ်ရန်၊ အထက်ပါ တားမြစ်ထားသော ငါးဖမ်းနည်းဖြင့် ငါးဖမ်းဆီးခြင်းကို စိစစ်တွေ့ရှိပါက ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေဖြင့် အရေးယူခံရမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောခဲ့သည်။

အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား ငါးလုပ်ငန်းဦးစီးဌာနက စီစဉ်ထုတ်ဝေသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# မြောင်းမြမြို့၌ အခမဲ့အခြေခံကွန်ပျူတာ သင်တန်းဆင်း

**မြောင်းမြ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ အခမဲ့အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းသည် ခရိုင် ပြန်/ဆက်နှင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းတို့ ဇွန် ၂၅ ရက်တွင် ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် Friends Library အဖွဲ့မှ ဆရာဦးထွန်းလင်းက ကွန်ပျူတာအခြေခံ၊ Microsoft Word ၊ Excel၊ Power Point သင်ရိုးများအား ပို့ချခဲ့ကြောင်း၊ မြောင်းမြခရိုင် ပြန်/ဆက် ဦးစီးမှူး ဒေါ်စန္ဒာမိုးက အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အိမ်မွေးတိရစ္ဆာန်များအား အခမဲ့ကွင်းဆင်းကုသပေး

**ဘားအံ ဩဂုတ် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့ ရွာကိုင်းကောင်းကျေးရွာအုပ်စု ကော့စီးစိုကျေးရွာ၌ ရေကြီးရေလျှံမှုများကြောင့် အိမ်မွေးတိရစ္ဆာန်များ ရေလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ကြရပြီး ယခုအခါ ရေကျဆင်းသွားပြီဖြစ်သည့်အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်များအား ကွင်းဆင်းကုသပေးလျက်ရှိကြောင်း သိရသည်။

ပိုင်ကျုံမြို့မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဒေါက်တာ ရန်နိုင်ဦးဆောင်၍ ဩဂုတ် ၁၀ ရက်က ကော့စီးစိုကျေးရွာရှိ နွား ၁၁၆ ကောင်အား ပေါင်ပုပ်လက်ပုပ် ကာကွယ်ဆေး၊ ဝက် ၁၆ ကောင်အား သံချဆေး၊ ဆိတ် သုံးကောင်နှင့် ဝက်သုံးကောင်တို့ကို အခမဲ့ကုသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွန်ပြည်နယ်၌ ငါးဖမ်းပိုက်ချက် ရောင်းရငွေ ကျပ်သိန်း ၈၉၀၀ ကျော်ရရှိ

**မော်လမြိုင် ဩဂုတ် ၁၁**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် ငါးဖမ်းရာသီကာလ အတွင်း အထူးတင်ဒါ ငါးဖမ်းပိုက်ချက်များကို ဩဂုတ် ၉ ရက်အထိ အိတ်ဖွင့် တင်ဒါရောင်းချရာ ငွေကျပ် သိန်း ၈၉၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း ငါးဖမ်းပိုက်ချက် ၁၁၈ ချပ်ရှိရာတွင် ဇူလိုင် ၄ ရက် က ပထမအကြိမ် ၇၈ ချက်၊ ဒုတိယအကြိမ် ၁၀ ချက်၊ စတုတ္ထအကြိမ် ငါးချက်နှင့် ဩဂုတ် ၉ ရက်က ၁၁ ချက် စုစုပေါင်း ၁၀၄ ချက်ရောင်းချခဲ့ပြီး ငွေကျပ်သိန်း ၈၉၀၀ ကျော် ရရှိခဲ့ကြောင်း ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုဦးစီးမှူး ဦးစိုးမင်းထံမှ သိရသည်။ ပိတ်သိမ်းထားသော ငါးဖမ်းပိုက်ချက်များအတွင်း ဝင်ရောက်ငါးခိုးဖမ်းသူများကို ငါးလုပ်ငန်းဦးစီးဌာနမှ ရှောင်တခင်စစ်ဆေးပြီး ငါးဖမ်းလုပ်ငန်းရှင် ၁၀၄ ဦးကလည်း တိုင်ကြားသောကြောင့် ငါးခိုးဖမ်းသူများ နည်းပါးသွားကြောင်း၊ အလုပ်သမားများကိုလည်း အလုပ်ပေးနိုင်ခဲ့ကြောင်း ၎င်းကထပ်မံ ပြောကြားသည်။

**တင်ထွန်း(မော်လမြိုင်)**

## သီပေါ၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

**သီပေါ ဩဂုတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် မြို့နယ်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဉက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးနိုင်၏ ကြီးကြပ်မှုဖြင့် ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် ယမန်နေ့က မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သော အဖွဲ့နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့တာဝန်ခံတပ်ကြပ်ကြီး ဝင်းဇော်လတ်နှင့် အဖွဲ့တို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာနိုင်စေရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် မော်တော်ယာဉ်ဥပဒေများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရေး ပညာပေးဆွေးနွေးကာ မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းသူများအား နောက်နောင် ဆိုင်ကယ်စီးတိုင်း ဦးထုပ်အမြဲဆောင်းကြရန် မှာကြားလျက် ဆိုင်ကယ်စီးဦးထုပ် ၁၁၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ဇေယျာသီရိမြို့နယ်၌ ယာဉ်စည်းကမ်း အသိပညာပေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ တပ်ဖွဲ့စု ၅ ဇေယျာသီရိမြို့နယ်မှ ဒုရဲအုပ်ဇော်ကိုဦး၊ ဒုရဲအုပ်သက်ထက်ဇော်နှင့် တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း အသိပညာပေး ဟောပြောခြင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်များအား ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသ အသိပညာပေးခြင်းကို ယမန်နေ့က ဇေယျာသီရိမြို့နယ် ပြည်စံအောင် အ.ထ.က ၌ ဆောင်ရွက်ရာ ကျောင်းအုပ်ဆရာကြီး ဦးထွန်းဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြောင်း သိရသည်။

**မင်းမင်းလတ်(ရှုပဗေဒ)**

## ကျေးရွာနေပြည်သူများအား တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ ကွင်းဆင်းကုသပေး

**အမ်း ဩဂုတ် ၁၁**

ရခိုင်ပြည်နယ် အမ်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် ရည်ရွယ်၍ ကျေးရွာနေပြည်သူများထံ ရွေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ ဆေးဝါးများဖြင့် အခမဲ့ ဆေးကုသပေးခြင်းကို အမ်းမြောက်အုပ်စု သစ်ပုတ်ပင်ဒိုင်ကျေးရွာ စာသင်ကျောင်း၌ ယမန်နေ့က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ဝင်းအိမွန်က လူတိုင်းစာဖတ်ကြရန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူး ဦးနေဝင်းအောင်က ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးရေး၊ ရောဂါဖြစ်ပွားလျှင် ထိရောက်စွာ ကုသမှုပေးခြင်းတို့ကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ကျေးရွာနေပြည်သူများအား စာအုပ်စာစောင်များ အခမဲ့ ငှားရမ်းပေးခြင်း၊ နံရံကပ်စာစောင် ပြသပေးခြင်းနှင့် တိုင်းရင်းဆေးဝါးများဖြင့် အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၉ ကို ဓာတ်အားကွန်ရက်စနစ်မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးသွားမည်

**နေပြည်တော် ဩဂုတ် ၁၁**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့နယ် တောင်ဘက် မိုင် ၂၀ခန့်အကွာ မြစ်ငယ်မြစ် (ဒုဋ္ဌဝတီမြစ်)ပေါ်တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၃)တည်ဆောက်ရေးမှ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ၂၈၀ မဂ္ဂါဝပ်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၁၄၀၉ ကို ဓာတ်အားကွန်ရက်စနစ်မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

### ၃၂ ရာခိုင်နှုန်းကျော်ပြီးစီး

လက်ရှိတွင် အဓိကတည်ဆောက်ရေးလုပ်ငန်းများဖြစ်သော ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ ပင်မတမံလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်း၊ ရေသွယ်ဥမင်လိုဏ်လုပ်ငန်းတို့အား ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းတစ်ခုလုံး၏ ၃၂ ဒသမ ၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ယမန်နေ့က ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး အခမ်းအနားမှ သိရသည်။

ထို့အပြင် အဆိုပါ စီမံကိန်းစတင်ဆောင်ရွက်စဉ်ကပင် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် စီမံကိန်းလုပ်ငန်းခွင်သို့ ပင်မချဉ်းကပ်လမ်းမိုင် ၂၀ ကျောက်ချောလမ်းအား ဖောက်လုပ်ထားပြီးဖြစ်ရာ ချဉ်းကပ်လမ်းတစ်လျှောက်ရှိ ဒေသခံများ အနေဖြင့် ရာသီမရွေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်သည့်အပြင် စီမံကိန်း တည်ဆောက်ဆဲကာလမှာပင် စီမံကိန်းအနီးပတ်ဝန်းကျင်ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ကျေးရွာများ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်အတွက် စီမံကိန်းလုပ်ငန်းခွင်ရှိ ၃၃/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေ၊ ၁၁/၀ ဒသမ ၄ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်း၍ ကျေးရွာများ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စီမံကိန်းအနီးတောင်ခြေကျေးရွာသို့ ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများကို အမှတ်(၃) တည်ဆောက်ရေးမှ သွယ်တန်းပေးခဲ့ပြီး ကျေးရွာမီးလင်းရေးကော်မတီ၊ ကျောက်မဲမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးတို့နှင့် ပူးပေါင်းကာ ၂၀၁၇ ခုနှစ် မေ ၂၉ ရက် က တောင်ခြေကျေးရွာသို့ စီမံကိန်းလုပ်ငန်းသုံး လျှပ်စစ်ဓာတ်အားများကို ခွဲဝေပို့လွှတ်ဖြန့်ဖြူးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စီမံကိန်းကျေးရွာများဖြစ်သော မန်ထန်၊ ပန်ဆုံ၊ နမ့်ဟူးနှင့် ရွှေကျောင်းကျေးရွာများသို့ ၁၁ကေဗွီ ဓာတ်အားလိုင်းနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ သွယ်တန်းခဲ့ပြီး ဇွန် ၁၈ ရက်က နမ့်ဟူးနှင့် ရွှေကျောင်းကျေးရွာများသို့လည်းကောင်း၊ ဇွန် ၂၀ ရက်က မန်ထန်နှင့် ပန်ဆုံကျေးရွာများသို့လည်းကောင်း လျှပ်စစ်ဓာတ်အား စတင်ပို့လွှတ်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာများရှိ ဒေသခံများ လျှပ်စစ်ဓာတ်အားသုံးစွဲလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

### စီမံဆောင်ရွက်

ဆက်လက်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လွယ်စောင့်ကျေးရွာသို့ ဓာတ်အားလိုင်းသွယ်တန်းရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရပြီး တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရေး၊ ရေအားလျှပ်စစ်စီမံကိန်းများ တည်ဆောက်အကောင်အထည်ဖော်ရေး ကာလမှာပင် စီမံကိန်းပတ်ဝန်းကျင်အနီးရှိ ကျေးရွာများအား စီမံကိန်း လျှပ်စစ်ဓာတ်အားများကို ခွဲဝေပို့လွှတ်ကာ ပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**

## ဖျာပုံမြို့နယ်၌ မုန်တိုင်းအန္တရာယ်သရုပ်ပြလေ့ကျင့်

**ဖျာပုံ ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အမာမြို့ ဒေါ်ညိမ်းကျေးရွာ မုန်တိုင်းဒဏ်ခံ အဆောက်အအုံတွင် ယမန်နေ့က ဖျာပုံခရိုင်/မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ ဌာနဆိုင်ရာများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ လေ့ကျင့်ခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ လေ့ကျင့်မှုတွင် မုန်တိုင်း ဝင်ရောက်လာပါက မုန်တိုင်း သတိပေးချက်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ ထိခိုက်ဒဏ်ရာရရှိသူများ၊ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ရေနစ်သူများ၊ သစ်ပင်ပိသူများ၊ အဆောက်အအုံပြိုကျ၍ ပိနေသူများအား လက်တွေ့သရုပ်ပြ ကယ်ဆယ်ရေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသည် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံရပြီး ပင်လယ်ကမ်းခြေဒေသဖြစ်သောကြောင့် ပင်လယ်ဒီရေလှိုင်း မြင့်တက်တိုက်စားမှုကြောင့် နေအိမ်များပြိုကျပျက်စီးမှု မကြာခဏ ဖြစ်ပေါ်လျက်ရှိသော ကျေးရွာလည်း ဖြစ်သည်။

ယခုကဲ့သို့ သရုပ်ပြလေ့ကျင့်ရခြင်းမှာ ဖျာပုံမြို့နယ် အမာမြို့သည် ပင်လယ်ကမ်းခြေ ဒေသဖြစ်ပြီး နာဂစ်မုန်တိုင်း ဒဏ်ခံစားခဲ့ရသည့် ဒေသတစ်ခုဖြစ်သောကြောင့် မိုးဦးကာလနှင့် မိုးနှောင်းကာလတွင် မထင်မှတ်ဘဲ မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ပြည်သူများ၏ အသက်၊ အိုးအိမ်၊ ထိခိုက်ဒဏ်ရာများ၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးမှုမရှိစေရန် အတွက် လေ့ကျင့်ရခြင်းဖြစ်ပြီး ယင်းသရုပ်ပြမှုကို မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးသူရိန်စိုး၊ မြို့အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်၊ ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီသီချိုနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ NGO များနှင့် ကျေးရွာဒေသခံများ လေ့ကျင့်ခဲ့ကြောင်းသိရသည်။ **ကျော်စိုးမိုး**

## ကိုရီးယား-မြန်မာဖက်စပ်ကုမ္ပဏီမှ မကွေးမြို့နယ်၌ရှိသော နှမ်းများဝယ်ယူရန် တောင်သူများနှင့် စာချုပ်ချုပ်

**မကွေး ဩဂုတ် ၁၁**

မကွေးမြို့နယ် နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးရေးအသင်းဝင် တောင်သူများထံမှ နှမ်းအဖြူနှင့် နှမ်းအနီ တန် ၅၀၀ ဝယ်ယူမည်ဖြစ်ကြောင်း ကိုရီးယား- မြန်မာ ဖက်စပ်ကုမ္ပဏီ၏ စာချုပ်ချုပ်ဆိုမှုကို ဩဂုတ်လပထမပတ်က တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာချုပ်ချုပ်ဆိုရာတွင် ကိုရီးယား- မြန်မာဖက်စပ်ကုမ္ပဏီမှ မန်နေဂျာ ဦးသန်းထွေးနှင့် တာဝန်ရှိသူများ၊ မြို့နယ်နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အသင်းက တောင်သူတွေ ဈေးကွက်ကောင်းရရှိဖို့ ဖော်ဆောင်ပေးချင်တဲ့အတွက် ချိတ်ဆက်မှုတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ချိတ်ဆက်မှုတွေ ဆောင်ရွက်နေတဲ့အချိန်မှာပဲ ကိုရီးယား- မြန်မာ ဖက်စပ်ကုမ္ပဏီက ကျွန်တော်တို့တောင်သူတွေဆီက နှမ်းတွေဝယ်မယ်ဆိုတာကို ကမ်းလှမ်းတဲ့အတွက် ကျွန်တော်တို့က သူတို့ကုမ္ပဏီကိုလည်း သွားရောက်လေ့လာခဲ့ပါတယ်" ဟု မြို့နယ်နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးရေးအသင်းဝင် ဦးကျော်ဦးက ပြောသည်။

စာချုပ်ချုပ်ဆိုသည့် နေရာတွင် နှမ်းအဖြူနှင့် နှမ်းအနီများကို ဝယ်ယူမည်ဖြစ်ပြီး အရည်အသွေးပြည့်မီသည့် နှမ်းများ ဖြစ်ရမည်ဆိုသည့် သဘောတူညီချက် ၁၂ ချက်ဖြင့် လက်မှတ်ရေးထိုး ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၃၄ ရွာမှ မြို့နယ်နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးရေးအသင်းဝင် တောင်သူ ၂၂၃၀ တို့ထံမှ နှမ်းအဖြူနှင့် အနီ တန် ၅၀၀ ဝယ်ယူမည် ဖြစ်ကြောင်း သိရသည်။

"အရင်နှစ်တွေကဆိုရင် ကျွန်တော်တို့ သီးနှံတွေကို ပွဲစားတွေကနေတစ်ဆင့် ပွဲရုံကို အဆင့်ဆင့်သွားတဲ့အတွက် တောင်သူတွေက ဈေးနှုန်းနစ်နာမှုတွေ၊ သယ်ယူစရိတ် ကုန်ကျမှုတွေရှိပါတယ်။ အခုတောင်သူအစုအဖွဲ့လိုက် ရောင်းချရမှာဖြစ်တဲ့အတွက် ကာလပေါက်ဈေး အမြင့်ဆုံးဈေးထက် နှမ်းတစ်တင်းကို ငွေကျပ် ၂၀၀၀ ခန့် ပိုရရှိမှာပါ။ အခုလက်ရှိ နှမ်းအဖြူဈေးနှုန်းမှာ တစ်တင်း ငွေကျပ် ၄၉၀၀၀ ရှိပါတယ်"ဟု မြို့နယ်နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးရေးအသင်းဝင် ကိုဝင်းဗိုလ်က ပြောသည်။

"တောင်သူအစုအဖွဲ့လိုက် သီးနှံရောင်းချတဲ့စနစ်က တကယ်ကောင်းတဲ့စနစ်ပါ။ တောင်သူတွေ ပွဲစားဆီကနေသွားတာမဟုတ်ဘဲနဲ့ ကုမ္ပဏီနဲ့ တိုက်ရိုက်ချိတ်တာဖြစ်တဲ့အတွက် တောင်သူတွေ ဈေးရမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများစိုက်ပျိုးသီးနှံများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည့်အပြင် တောင်သူများ စိုက်ပျိုးထားသည့် သီးနှံများဈေး ကောင်းရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်မှုများလည်း ဆောင်ရွက်နေကြောင်း သိရသည်။

**ဇော်ဇော်( မြို့သစ် )**

# လူငယ်ဘဝလုံခြုံမှု စိတ်ချသာယာ အနာဂတ်ကမ္ဘာ

**စန်းအောင်**

နှစ်စဉ် ဩဂုတ်လ ၁၂ ရက်နေ့သည် **"နိုင်ငံတကာ လူငယ်များနေ့"**ဖြစ်သည်။ လူငယ်များ ရင်ဆိုင်နေရသည့် အခက်အခဲများကို ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးနိုင်ရန် ရည်ရွယ်လျက် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ကုလသမဂ္ဂအနေဖြင့် ၁၉၈၅ ခုနှစ်တွင် လူငယ်များအတွက် ပညာရေး၊ အလုပ်အကိုင်၊ ငတ်မွတ်ခေါင်းပါးမှု၊ ဆင်းရဲမွဲတေမှု၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ မူးယစ်ဆေးဝါး၊ သတင်းအချက်အလက်နှင့် နည်းပညာ၊ HIV/AIDS၊ လူငယ်နှင့် ပဋိပက္ခစသည့်အချက်များကို ဦးစားပေးဆောင်ရွက်ရန် ကနဦးသတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ၁၉၉၉ ခုနှစ်တွင်မှ နိုင်ငံတကာလူငယ်များနေ့အဖြစ် သတ်မှတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၀ ပြည့်နှစ်မှ စတင်ကာ အခမ်းအနားများ ကျင်းပစေခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် IYD ၏ အကောင်အထည်ဖော်ရေး ဦးစားပေးကဏ္ဍ (၁၅) ရပ်ဖြင့် ဆောင်ရွက်ရန် မူဝါဒချမှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ စတင်ကာ နိုင်ငံတကာလူငယ်များနေ့ကို ကျင်းပနိုင်ခြင်းဖြစ်ပါသည်။ ယခုနှစ် ၂၀၁၈ ခုနှစ်အတွက် နိုင်ငံတကာလူငယ်များနေ့ဆောင်ပုဒ်မှာ **"လူငယ်ဘဝလုံခြုံမှု စိတ်ချသာယာ အနာဂတ်ကမ္ဘာ"** (Safe space for youth) ဖြစ်ပါသည်။

**အတ္တသမ္မာ ပဏိဓိစ**

"နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို သိလိုလျှင် ယနေ့လူငယ်များကို ကြည့်ပါ" ဟူသော ဆိုစကားရှိ၏။ လူငယ်တို့၏ အခန်းကဏ္ဍသည် နိုင်ငံတစ်နိုင်ငံအတွက် မခန့်မှန်းနိုင်လောက်အောင် အရေးပါသည်။ လူငယ်၏နှုန်းစံတန်ဖိုး၊ စိတ်သဘောထား၊ အစွမ်းအစတို့ကို အခြေတည်၍ နိုင်ငံ၏ အနာဂတ်ကို မျှော်လင့် အားထားကြသည်။ လူငယ်တို့တွင် လောကကို ထိန်းကျောင်းဦးဆောင်နိုင်သည့် အရည်အသွေးကောင်းများ ရှိနေပါသည်။ ပြုစုပျိုးထောင်ပေးဖို့သာ လိုပါမည်။ ကမ္ဘာကြီး၏ ဒဏ်ရာဒဏ်ချက်များကို ကုစားနိုင်မည့် သူများမှာလည်း လူငယ်များပင် ဖြစ်သကဲ့သို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြောင်းလဲနေသော တိုးတက်ဖြစ်ထွန်းမှုများ၊ အပြောင်းအလဲများကို ထိန်းချုပ်ကိုင်တွယ်နိုင်မည့် သူများမှာလည်း လူငယ်များပင် ဖြစ်လေ၏။ ဤမျှလောက် အရေးပါသော လူငယ်တို့က နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြံဆောင်လုပ်ကိုင်ကြရာတွင် ကိုယ်တိုင်က ကျင့်ကြံအားထုတ်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော်နှင့် လူကြီးမိဘများ၏ မေတ္တာတရားနှင့် အတွေ့အကြုံကို အရင်းပြုကာ လက်ဆင့်ကမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့ကိုလည်း လက်ခံကြဖို့လိုပါမည်။

လူငယ်သည် ပကတိအားဖြင့် ရိုးသား၏။ တက်ကြွ၏။ သို့သော် ထိုအရည်အချင်းကောင်းများသည် အစွန်းတစ်ဖက်သို့ ရောက်တတ်ပြန်သေးသည်။ ပွင့်လင်းမှု လွန်ကဲလျှင် ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျော်ခိုင်းတတ်သည်။ ရိုးသားမှုလွန်ကဲလျှင် အမြတ်ထုတ်ခံရတတ်၏။ တက်ကြွမှုလွန်ကဲလျှင် လမ်းမှားသို့ရောက်သွားတတ်သည်။ ထို့ကြောင့်ပင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဘာမဆို လွန်ကဲတယ်ဆိုတာ မကောင်းဘူး။ ကျွန်မတို့ ငယ်ငယ်ကတည်းက သင်ခဲ့ရတဲ့အတိုင်း သတိကလွဲပြီး ဘာမဆိုလွန်ကဲတယ်ဆိုတာ မကောင်းဘူးဆိုတာ၊ ဘာမဆိုလွန်ကဲတဲ့ဟာ မရှိဘဲနဲ့ သတ္တိရှိရှိနဲ့ ကျွန်မတို့ နိုင်ငံရဲ့ အနာဂတ်အတွက် ကျွန်မတို့ လူသားတွေရဲ့ အနာဂတ်အတွက် ကျွန်မတို့ လူငယ်များဟာ ဆက်လက်ပြီး ဆောင်ရွက်သွားနိုင်မယ်လို့ ကျွန်မမျှော်လင့်ပါတယ်..." ဟူ၍ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည့် "မြန်မာနိုင်ငံ လူငယ်ရေးရာ မူဝါဒ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနား" တွင် ထည့်သွင်းမိန့်ကြားခဲ့ခြင်းဖြစ်သည်။

လူငယ်များအနေဖြင့် မိမိကိုယ်မိမိ အခြေခိုင်အောင် ဦးစွာတည်ဆောက်သင့်ကြပေသည်။ ဤအချက်သည် "အတ္တသမ္မာ ပဏိဓိစ" ဟူသော မင်္ဂလာတရားတော်နှင့်လည်း ကိုက်ညီသော အောင်မြင်မှု၏ ပဓာနအကြောင်းတစ်ရပ်ဖြစ်ပါသည်။ အခြေမခိုင်လျှင် ယိုင်နဲ့သွားတတ်သည်မဟုတ်ပါလော။ "အတ္တာန မေဝ ပထမံ" (မိမိကိုယ်ကို ပြုပြင်ရန်ပထမ) ဟု မြတ်စွာဘုရားဟောကြားတော်မူသည်နှင့်အညီ နိုင်ငံတော်အား "ဒီမိုကရေစီ ဖက်ဒရယ်နိုင်ငံတော်" အဖြစ် ပုံဖော်မည့် လုပ်ငန်းစဉ်တွင် လူငယ်များက မိမိကိုယ်ကို ပြုပြင်တည်ဆောက်ခြင်းမှ အခြေတည်ကာ ကျရာကဏ္ဍမှ ပါဝင်ကြရပေမည်။

လူငယ်များအတွက် အရေးကြီးသည့် အချက်တစ်ချက်ကို တင်ပြလိုသည်။ လူသားဘဝတစ်ခုအား ကာလအပိုင်းအခြားအနေဖြင့် အယူကာလနှင့် အပေးကာလဟူ၍ ပိုင်းခြားကြည့်လျှင် လူငယ်သည် အယူကာလ အရွယ်ဖြစ်၏။ အယူကာလဝယ် ပညာရေးမှသည် အတွေ့အကြုံ၊ ဗဟုသုတ၊ နည်းပညာ၊ စီးပွားဥစ္စာ အမွေ စသည်တို့ကို ရှာဖွေသိမ်းမှီး(ယူငင်)ထားရပေမည်။ လူငယ်အရွယ် (အယူကာလ)တွင် ပြည့်စုံလုံလောက်အောင် ယူထားနိုင်ခြင်းမရှိပါက လူကြီးအရွယ် (အပေးကာလ)တွင် အခက်တွေ့ပေမည်။ မိမိတွင် ဘာမှမရှိပါက မိမိ မိသားစု၊ မျိုးဆက်ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အား ဘာကိုများ ပေးနိုင်ပါအံ့နည်း။ စဉ်းစားမှတ်ပိုက်ကြပါကုန်။

**လူဦးရေဆုလာဘ်**

နိုင်ငံတိုင်းဝယ် သဘာဝအရင်းအမြစ် (Natural Resources)၊ လူ့အရင်းအမြစ် (Human Resources) နှင့် လူဖန်တီးသော အရင်းအမြစ် (Man-Made Resources)ဟူ၍ရှိရာ သဘာဝအရင်းအမြစ်သည် အခြေအနေပေးမှု တစ်ရပ်သာဖြစ်ပြီး မှန်မှန်ကန်ကန် အသုံးမချတတ်ပါက ကျိန်စာသင့်တတ်ပါသည်။ ဆိုလိုသည်မှာ သဘာဝသယံဇာတအပေါ် မှီခိုလွန်းပြီး လူစွမ်းလူစ ညံ့ဖျင်းကာ သဘာဝသယံဇာတ ကုန်ဆုံးသော ကာလဝယ် မဟာဒုက္ခ တွင်းဆုံးကျတတ်သည့် သဘောဖြစ်ပါသည်။ လူ့အရင်းအမြစ်ကသာလျှင် အရင်းအမြစ်သုံးခုတွင် အဓိကကျပါသည်။ ယနေ့ကမ္ဘာကြီးကို မျှော်ကြည့်လိုက်ပါက သဘာဝအရင်းအမြစ် နွမ်းပါးသော်ငြား လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများက ရှေ့တန်းရောက်နေသည်မှာ မျက်မြင်ဖြစ်၍ မငြင်းပယ်နိုင်ပါ။ လူ့အရင်းအမြစ်တွင်လည်း လူဦးရေပမာဏ၊ အလုပ်လုပ်နိုင်သော လုပ်သားဦးရေနှင့် ကျွမ်းကျင်မှုတို့ ပါဝင်နေပါသည်။ လူဦးရေပမာဏတွင်လည်း အသက်အရွယ်အုပ်စုအား ပညာရှင်တို့က အဓိကထားပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်နိုင်ငံ၏ စုစုပေါင်းပြည်တွင်း ထုတ်ကုန် (Gross Domestic Product-GDP) တိုးတက်စေရန် အလုပ်လုပ်နိုင်သော အသက်အရွယ်အုပ်စုက အရေးပါသောကြောင့် ဖြစ်၏။ ကမ္ဘာ့လူဦးရေသန်း ၇၀၀၀ ကျော်တွင် လူငယ်ဦးရေသန်း ၁၀၀၀ ခန့်ရှိကြောင်း၊ ကုလသမဂ္ဂ သတ်မှတ်ချက်အရ အသက် ၁၅ နှစ်မှ ၂၄ နှစ်အထိ အသက်အပိုင်းအခြားကို လူငယ်ဟုသတ်မှတ်ကြောင်း သိရသည်။

စာရေးသူတို့၏ နိုင်ငံဝယ် အဓိကကျသည့် အသက်အရွယ်အုပ်စုကိုကြည့်လျှင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အလုပ်လုပ်နိုင်သော အသက်အပိုင်းအခြားကများနေပြီး အသက် ၃၀ နှစ်အောက် လူငယ်လူရွယ်များသည် နိုင်ငံလူဦးရေ၏ ၅၅ ရာခိုင်နှုန်းအထိရှိနေကြောင်း သိရသည်။ (လူငယ်ရေးရာမူဝါဒတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းကို လူငယ်ဟု သတ်မှတ်ထားပါသည်။) ဤအချက်က လူဦးရေဆုလာဘ် (Population Bonus) ကို ပိုင်ဆိုင်ခြင်းဖြစ်၍ နိုင်ငံအတွက် အားသာချက်နှင့် အခွင့်အလမ်းတစ်ရပ် ဖြစ်ပါသည်။ အထူးသဖြင့် Labour- Intensive industries ကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။ သို့သော်အားနည်းချက်က အလုပ်လုပ်နိုင်သော အရွယ်တွင် ကျန်းမာရေးအပါအဝင် အကြောင်းတစ်စုံတစ်ရာကြောင့် အလုပ်မလုပ်နိုင်ခြင်း၊ နည်းပညာအားနည်းခြင်းတို့ ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် (OBOR)ဟုခေါ်သော ခေတ်သစ်ပိုးလမ်းမစီမံကိန်းမှ ရရှိနိုင်မည့် အခွင့်အလမ်းများက လက်တစ်ကမ်းမှာ ရှိနေပြီး ပထဝီနိုင်ငံရေး (Geopolitics) နှင့် ပထဝီဘောဂဗေဒ (Geoeconomic) တို့အရ အချက်အချာကျသော နိုင်ငံတစ်နိုင်ငံလည်း ဖြစ်နေပါသည်။ ဤပေးထားချက် အခွင့်အလမ်းများကို လူငယ်တို့၏ စွမ်းရည်ဖြင့်သာ ဖွင့်လှစ်ယူငင်နိုင်မည် မဟုတ်ပါလား။

**လူငယ်မူဝါဒ**

၂၀၁၄ ခုနှစ် စာရင်းအရ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ ကျော်တွင် ၁၂၂ နိုင်ငံ၌ အမျိုးသားလူငယ်ရေးရာမူဝါဒ ရှိကြောင်း၊ ၃၇ နိုင်ငံက လူငယ်မူဝါဒကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်စတင်လုပ်ဆောင်ခြင်းများရှိသော်လည်း မြန်မာနိုင်ငံ အပါအဝင် ၃၁ နိုင်ငံက လူငယ်ရေးရာမူဝါဒ လုံးဝမရှိကြောင်း၊ ကမ္ဘာ့လူငယ်ဖွံ့ဖြိုးရေးမှု အညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၁၇၀ တွင် အဆင့် ၁၃၄ ၌ ရှိနေကြောင်း သိရသည်။ အာဆီယံနိုင်ငံများကို ကြည့်လျှင် ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ အရှေ့တီမောနိုင်ငံများတွင် လူငယ်မူဝါဒရှိပြီး လာအို၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် မြန်မာနိုင်ငံတို့က မရှိကြောင်း ဖော်ပြသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်က စတင်ကြိုးပမ်းခဲ့ကြပြီး ၂၀၁၆ ခုနှစ်တွင် မူကြမ်းရေးဆွဲနိုင်ခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အစိုးရက အတည်ပြုခဲ့သည်။ ၅-၁-၂၀၁၈ ရက်နေ့တွင် မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒမိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားပြုလုပ်ကာ ဆောင်ရွက်ဖွယ်ရာများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ၅-၈-၂၀၁၈ ရက်နေ့က လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲရေး (တတိယ)အကြိမ် အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လူငယ်ရေးရာမူဝါဒတွင် အဓိက ကဏ္ဍ ၁၆ ခုကို ကဏ္ဍအလိုက် အကောင်အထည်ဖော်ရမည့်အချက် ၁၂၇ ချက်ဖြင့် ထည့်သွင်းရေးဆွဲထားကြောင်း သိရသည်။

**လူငယ်ဘဝလုံခြုံရေး**

လူသားဘဝလုံခြုံမှုဟု ဆိုရာတွင် UNDP ၏ အဆိုပြုချက်အရ စီးပွားရေးအရလုံခြုံမှု၊ အစာရေစာလုံခြုံမှု၊ ကျန်းမာရေးလုံခြုံမှု၊ ပတ်ဝန်းကျင်လုံခြုံမှု၊ တစ်ဦးချင်းလုံခြုံမှု၊ လူမှုဝန်းကျင်လုံခြုံမှုနှင့် နိုင်ငံရေးလုံခြုံမှုတို့ ပါဝင်ကြောင်း သိရသည်။ လူသားတစ်ယောက်ဖြစ်သော လူငယ်လူရွယ်များကိုလည်း အဆိုပါလုံခြုံမှုတို့ကို ဖြည့်စွမ်းပေးရပေမည်။ ပြည်တွင်းစစ်များ၊ သဘာဝဘေးအန္တရာယ်များ၊ မူးယစ်ဆေးအန္တရာယ်များမှလည်း လုံခြုံအောင်ကာကွယ်ပေးရပါမည်။ ဤနေရာတွင် ပြည်တွင်းစစ်က မျိုးဆက်သစ်လူငယ်များအား ဝါးမျိုနေမှုနှင့်ပတ်သက်၍ "နိုင်ငံတကာပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့" (International Crisis Group-ICG) ၏ ၈-၈-၂၀၁၆ ရက်နေ့က ထုတ်ပြန်သော Fight or Flight; The Desperate Flight of Iraq's " Generation 2000" အစီရင်ခံစာတွင် "အီရတ်အနေဖြင့်မည်သို့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို ချမှတ်ကျင့်သုံးသည်ဖြစ်စေ၊ အီရတ်မျိုးဆက်သစ်လူငယ်တို့အား နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ၌ မှန်မှန်ကန်ကန် နေရာချထားနိုင်ခြင်းမရှိပါက အီရတ်နိုင်ငံသည် တိုင်းပြည်ကို ပတ်ချာဝိုင်းနေသော အတိဒုက္ခပေါင်းစုံတို့မှ ရုန်းထွက်နိုင်စွမ်းရှိမည်မဟုတ်"ဟု လေးလေးနက်နက် သတိပေးထားသည်ကို ဂရုပြုသင့်ပါသည်။

အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်တို့အနေဖြင့် ကိုယ်ရောစိတ်ပါကျန်းမာကြံ့ခိုင်စွာဖြင့် ကျရာကဏ္ဍမှပါဝင်နိုင်ရေးအတွက် နိုင်ငံတော်နှင့်မိဘပြည်သူတို့က လူငယ်တို့အား ပြုစုပျိုးထောင်ပေးရင်း အနာဂတ်ကမ္ဘာမြေ ဖွံ့ဖြိုးသာယာရေးအတွက် သူတို့လေးတွေ၏ ဘဝလုံခြုံစိတ်ချမှုရှိစေရေးကို ရာနှုန်းပြည့် ဆောင်ရွက်ပေးရန် အထူးလိုအပ်လှပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**"လူငယ်များအတွက် အရေးကြီးသည့် အချက်တစ်ချက်ကို တင်ပြလိုသည်။ လူသားဘဝတစ်ခုအား ကာလအပိုင်းအခြား အနေဖြင့် အယူကာလနှင့် အပေးကာလဟူ၍ ပိုင်းခြားကြည့်လျှင် လူငယ်သည် အယူကာလ အရွယ်ဖြစ်၏။ အယူကာလဝယ် ပညာရေးမှသည် အတွေ့အကြုံ၊ ဗဟုသုတ၊ နည်းပညာ၊ စီးပွားဥစ္စာ၊ အမွေ စသည်တို့ကို ရှာဖွေသိမ်းမှီး(ယူငင်)ထားရပေမည်။ လူငယ်အရွယ် (အယူကာလ)တွင် ပြည့်စုံလုံလောက်အောင် ယူထားနိုင်ခြင်းမရှိပါက လူကြီးအရွယ် (အပေးကာလ)တွင် အခက်တွေ့ပေမည်။ မိမိတွင် ဘာမှမရှိပါက မိမိ မိသားစု၊ မျိုးဆက်ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အား ဘာကိုများ ပေးနိုင်ပါအံ့နည်း"**

## ဘားအံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်ခဲ့သည့် လယ်များအတွက် မျိုးစပါးများထောက်ပံ့လှူဒါန်း

**ဘားအံ ဩဂုတ် ၁၁**

ကရင်ပြည်နယ်တွင် ရေကြီးရေလျှံမှုများကြောင့် ဘားအံမြို့နယ်အတွင်း ပျက်စီးသွားသော လယ်မြေများ အချိန်မီပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရန်အတွက် ဩဂုတ် ၉ ရက် နံနက် ၁၁ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတွင် ထီးထာကလုန်း မျိုးချစ်ကရင်လူငယ်များ ပရဟိတအသင်းမှ ဘားအံခရိုင် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်း၍ နံ့ကောက်မျိုးစပါးများကို တောင်သူများအား ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘားအံမြို့နယ်တွင် မိုးစပါးစိုက်ဧက ၅၃၆၄၃ ဧကရှိပြီး ရေလွှမ်းဧက ၄၂၄၈၀ ရှိရာ ရေကြီးနစ်မြုပ်မှု ရက်ရှည်သောကြောင့် ပျက်စီးလယ်ဧက ၄၉၀၈ ဧက၊ ထိခိုက်လယ်ဧက ၁၃၆၂၀ ဧကရှိရာ မိုးစပါးစိုက်ပျိုးလယ်မြေများ ပြန်လည်ထူထောင်နိုင်ရေးအတွက် တစ်ပြည်နယ်လုံး အတိုင်းအတာအရ ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနတို့ ပူးပေါင်းကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါနေ့က ထီးထာကလုန်း မျိုးချစ်ကရင်လူငယ်များ ပရဟိတအသင်းအနေဖြင့် ဘားအံမြို့နယ် မိုးစပါးစိုက်တောင်သူများအတွက် ပျက်စီးသွားသော လယ်မြေများ အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရေးအတွက် နံ့ကောက်မျိုးစပါး ၉၉ တင်းအား တောင်သူများအား ခွဲဝေထောက်ပံ့ပေးခဲ့ကြောင်းနှင့် ကရင်ပြည်နယ်အတွင်း ရေလွှမ်းမိုးသော လှိုင်းဘွဲ့မြို့နယ်၊ ကမမောင်းမြို့နယ်တို့သို့လည်း ရေဘေးထောက်ပံ့ရေးပစ္စည်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ သွားရောက်လှူဒါန်းထားပြီးဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစအိုင်ထီးခန့် ထံမှ သိရသည်။

**နေမျိုးလွင်(ဘားအံ)**



## အများသိစေရန်

စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၉/၂၄၊ ရိုင်တန်း)၊ ဦးပိုင်အမှတ်(၆၄/ခ)၊ မြေဧရိယာ ၀ ဒသမ ၀၆၇ဧကရှိသော ဦးကြည်အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် RP No25 of 1996 မြေငှားဂရန်သက်တမ်းမှာ ၁၂-၃-၁၉၉၆ မှ ၁၁-၃-၂၀၂၆ ထိမြေကွက်အား ဒေါ်သန်းသန်းအေး အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်းထုတ်ပေးနိုင်ပါရန်တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူမည်သူမဆို ငှင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍ ၁၄ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ် (၆၆၂-ကမ္ဘကွင်း)၊ ဦးပိုင်အမှတ် (၅၅/၅-စ)၊ ဧရိယာ ၀ဒသမ၈၂ဧကရှိမြေကို ဦးဇော်မိုးဝင်း အမည်ဖြင့် မြေငှားစာချုပ်(စက်မှု/စီးပွား) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (စက်မှု/စီးပွား) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည် (၃၃၄-ခ-ကျွဲကြီးအရှေ့တာင်)၊ ဦးပိုင်အမှတ် (၁၃၄-က၊ ၁၃၅-င)၊ ဧရိယာ ၁ဒသမ၀၁ဧကရှိမြေအား ဒေါ်ပဏ္ဍိတမဉ္ဇရီ (သဒ္ဓမ္မပါလချမ်းမြေ့ ပရဟိတသီလရှင်စာသင်တိုက်၊ မုံရွာမြို့) မှ အခွန်လွတ်သာသနာ့မြေ လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အခွန်လွတ်သာသနာ့မြေအဖြစ် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ကျွဲကြီးရပ်ကွက်၊ အကွက်အမှတ်(၃၃၃-ခ၊ ကျွဲကြီးအနောက်)၊ ဦးပိုင်အမှတ် (၉၈-က)၊ ဧရိယာ ၀ ဒသမ ၀၈ဧကရှိမြေကို ဦးရဲမြင့် ၅/မရန(နိုင်)၀၃၉၆၂ အမည်ဖြင့် မြေငှားစာချုပ် (အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ကျွဲကြီးရပ်ကွက်၊ အကွက်အမှတ်(၃၃၃-ခ၊ ကျွဲကြီးအနောက်)၊ ဦးပိုင်အမှတ် (၉၈-ခ)၊ ဧရိယာ ၀ ဒသမ ၀၇ဧကရှိမြေကို ဦးနေဝင်း ၅/မရန(နိုင်) ၁၇၆၁၀၂ အမည်ဖြင့် မြေငှားစာချုပ် (အသစ်) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်ပြည့် မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် (၂၀)၊ ဦးပိုင်အမှတ် (၄+၅)၊ မြေဧရိယာ ၀ဒသမ၃၆၂ဧက ဦးကျော်ထွန်း-ဒေါ်တင်တင်နွယ် အမည်ပေါက်မြေကွက်ကို ဒေါ်တင်တင်နွယ်၏ အစ်မဖြစ်သူ ဒေါ်သိန်းသိန်းမြင့်အား ဦးပိုင်အမှတ် (၅)၊ မြေဧရိယာ ၀ဒသမ ၁၂၁ဧကအား မေတ္တာဖြင့် ပေးကမ်းပြီး ဒေါ်သိန်းသိန်းမြင့် ၁/ဗမန (နိုင်) ၀၀၁၁၃၆ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်သိန်းသိန်းမြင့်**
**ညောင်ပင်ရပ်၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် (၂၃)၊ ဦးပိုင်အမှတ် ၁၉၄၊ မြေဧရိယာ ၀ ဒသမ ၁၀၄ဧက ဦးကျော် အမည်ပေါက် မြေကွက်ကို ဒေါ်ထု ပါ ၅ ဦးမှ တရားဝင်ဝယ်ယူခဲ့သည်။ ဦးကျော်အမည်မှ ဒေါ်ထု ၁/ဗမန (နိုင်)၀၀၈၄၅၅၊ ကိုအောင်ချိုချိုဦး ၁/ဗမန(နိုင်)၀၅၉၁၁၈၊ ကိုအောင်ချိုချိုလတ် ၁/ဗမန(နိုင်)၀၅၉၀၃၆၊ ဒေါ်ခင်ပြည့်ပြည့်ချို ၁/ဗမန(နိုင်)၀၆၉၃၂၈၊ ကိုအောင်ချိုချိုထွေး ၁/ဗမန (နိုင်) ၀၈၁၁၆၇ တို့၏အမည်သို့ မြေငှားဂရန်သစ်လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ထု ပါ (၅)**
**ညောင်ပင်ရပ်၊ ဇန်းမော်မြို့**

## အများသိရှိစေရန် ကြော်ငြာချက်

ဒေါ်နန်းစန်းရွှေ ၁၃/တကန(နိုင်)၀၉၀၄၆၉၊ ဒေါ်ရင်ရှင်း ၁၃/ကတန(နိုင်) ၀၀၀၆၂၄ အမှတ် (၄/၃၇)၊ ရတနာလမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး (၈)၊ ပြင်ဦးလွင်မြို့ နေသူတို့မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးညီမင်းထက် ၁၃/တကန(နိုင်)၁၃၄၈၃၃ အမှတ် (၃၁)၊ မြေညီထပ်၊ စမ်းချောင်းမြို့နယ် ရန်ကုန်မြို့နေသူမှ အာမခံစာချုပ်ချုပ်ဆိုပြီး ကျွန်မတို့ ထည့်ဝင်ထားသောအစုရှယ်ယာများအား ယနေ့တိုင် ပေးအပ်ခြင်းမရှိသေးပါသဖြင့် အာမခံထားသည့် အောက်ပါပစ္စည်းအရပ်ရပ်များဖြစ်ကြသည့် (၁) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ အမှတ် (၉)၊ ကန်ထရိုက်တာ ဦးစိုးမြတ်သူ(ခ)ဦးမြတ်သူ ဆောက်လုပ်သော နှစ်ထပ်ခန်းတွဲ ဓာတ်လှေကားပါ ခုနစ်ထပ်ခွဲတိုက်သစ်တွင် အကျယ်အဝန်း(၁၉ပေ×၅၅လက်မ) အမြင့် ၁၈ ပေ ခန့်ရှိ မြေညီထပ်ခြေရင်းခန်း၊ (၂) ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မြင့်မိုရ်လမ်း၊ တိုက်အမှတ် (၃၉)၊ မြေညီထပ် အကျယ်အဝန်း (၂၅×၅၅)ပေ၊ ရေ၊ မီးအပြည့်အစုံ တိုက်ခန်းတို့အား ကျွန်မတို့၏ သိရှိသဘောတူချင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ပေးကမ်းခြင်း၊ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းနှင့် အခြားနည်းစီမံခန့်ခွဲခြင်းများ တစ်စုံတစ်ရာမပြုလုပ်ပါရန်အတွက် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| ၁။ **ဒေါ်နန်းစန်းရွှေ** | ၂။ **ဒေါ်ရင်ရှင်း** |
| **၁၃/ကတန(နိုင်)၀၉၀၄၆၉** | **၁၃/ကတန(နိုင်)၀၀၀၆၂၄** |
| | **ဖုန်း-၀၉-၂၀၅၃၄၈၅** |

## ကျေးဇူးတင်ရှိပါကြောင်း

ကွယ်လွန်သူ ဒေါက်တာကြည်လွင် (သွားနှင့်ခံတွင်းအထူးကုဆရာဝန်ကြီး၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံ)နာမကျန်းဖြစ်စဉ်က အထူးဂရုစိုက်ပြုစုစောင့်ရှောက်ကုသပေးခဲ့ကြသော ကောင်းမွန်အထူးကုဆေးရုံကြီး၊ မကွေးတိုင်းပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်ခုတင်(၁၀၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ အထူးကုသမားတော်ကြီးများ၊ I.C.U တာဝန်ခံဆရာဝန်ကြီးများနှင့်ဝန်ထမ်းများ၊

မကွေးမြို့တွင် နာမကျန်းဖြစ်စဉ် ကူညီစောင့်ရှောက်ပေးခဲ့ကြသော ပါမောက္ခ ဒေါက်တာ အောင်လွင်ဦးနှင့်ဇနီး၊ မကွေးမြို့မှ သွားနှင့်ခံတွင်းဆရာဝန်ကြီးများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းဆေးရုံအုပ်ကြီးအမှူးပြုသော ဝန်ထမ်းများအားလုံးနှင့် မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာ သိန်းကြူ အမှူးပြုသော သွားနှင့်ခံတွင်း ဆရာဝန်များအားလုံး၊ မေတ္တာပန်းဥယျာဉ်အဖွဲ့၊ ဖုန်းဖြင့်သော်လည်းကောင်း၊ Message ဖြင့် သော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ သတင်းမေးအားပေးခဲ့ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုစုခိုင် ၁၀/မဒန(နိုင်) ၁၂၅၃၀၄ ၏ (Passport-NO) (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ပျောက်ဆုံးကြောင်း

ကျွန်မ မစန်းအေး ၁၀/ပမန(နိုင်) ၂၄၂၆၂၃၏ Passport No(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7478 Nissan Clipper U 7 I T/Pickup (4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမျိုးသန်း ၁၀/မလမ(နိုင်)၁၅၆၃၅၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## အများပြည်သူသိရှိစေရန်ကြေညာခြင်း

မုံရွာမြို့၊ အုန်နှပင်လမ်း၊ အေးသာယာရပ်နေ ဒေါ်သန်းမေ(မွေးစားမိခင်)မှ မကြင်စန်း(ခ)မအေးအေးစန်းအား မုံရွာမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၃၀-၁၁-၂၀၁၁ရက်က စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၁၃)ဖြင့် အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် မွေးစားခဲ့ပါသည်။ မကြင်စန်း(ခ)မအေးအေးစန်းသည် ဒေါ်သန်းမေ၏ ကိတ္တိမမွေးစားသမီးဖြစ်ကြောင်း အများသိရှိရန် ကြေညာအပ်ပါသည်။

**မကြင်စန်း (ခ) မအေးအေးစန်း၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညွန့်ဝေ (မုံရွာ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၆၃)**
**စိုက်ပျိုးရေးလမ်း၊ ဒေါန်ခြံရပ်၊ မုံရွာမြို့**

## အများသိစေရန်

K2K

ကျွန်ုပ်တို့၏မိတ်ဆွေ တစ်ဦးဖြစ်သူ ဦးစိုးသူရ ၁၀/မလမ(နိုင်) ၁၃၉၀၇၁ မှ အထက်ဖော်ပြပါ တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၆၂၂၇/၂၀၁၈အရ မှတ်ပုံတင်ပြီးဖြစ်ပါသည်။

အဆိုပါတံဆိပ်အမှတ်အသားဖြင့် အိမ်ရှင်မများအတွက် အရောင်အသွေးစုံလင်လှပြီး လှပဆန်းသစ်သော ကျွန်းအလှ ဒီဇိုင်းများ၊ ခြင်လုံဆန်ခါများ၊ နံရံကပ်ပေါင်များအစရှိသော Kitchen Cabinet အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ချိ ရောင်းချလျက်ရှိပါသည်။

အဆိုပါ အမည်အမှတ်အသား တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ ပုံတူပုံမှား၊ ယင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၂၇)၊ ၁၂၁လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**Tel:294866 HP:09-5017044, 09-975017044**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ တရနာကျေးရွာ(အမက) စတုတ္ထတန်းမှ မအိဖြူမွန်၏ ဖခင်အမည်မှန်မှာ မောင်စိန်ခဲ ၁၀/ရမန(နိုင်)၁၄၂၇၆၀ ဖြစ်ပါသည်။ **မောင်စိန်ခဲ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ထန်းဆယ်ပင်ကျေးရွာအုပ်စု၊ ထန်းဆယ်ပင်ကျေးရွာနေ (ဦးသန်းဖေ)-ဒေါ်လှဟန်တို့၏သမီး မချောစုသည် မိခင်ဖြစ်သူအား စိတ်ဆင်းရဲခြင်းကြီးစွာဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ၎င်းအား ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိခင် ဒေါ်လှဟန် ၈/ရစက(နိုင်)၁၀၃၈၆၉**
**ထန်းဆယ်ပင်ကျေးရွာ၊ ရေစကြိုမြို့နယ်**

## လွမ်းဆွတ်သတိရခြင်း

### ဗိုလ်မှူးကျော်ညွန့်(ငြိမ်း) OTS (၄၀)

### (၁၂-၈-၂၀၀၉) - (၁၂-၈-၂၀၁၈) (၉)နှစ်ပြည့်

### ဗိုလ်ကြီးအောင်ကျော်ဦး (တဇ-၂၁)

### (၆-၂-၂၀၀၀) - (၁၂-၈-၂၀၁၈) (၁၈ နှစ် ၆လပြည့်)

မိသားစုထဲမှ အစောဆုံးခွဲခွာသွားကြသော ဖေကြီးနဲ့ သားကြီးကို အမြဲသတိရလွမ်းဆွတ်နေပါတယ်။ ရည်စူး၍ ကုသိုလ်ကောင်းမှုများ ပြုလုပ်ပေးလျက်ရှိပါသည်။ ရောက်ရှိရာဘုံဘဝမှ သာဓုခေါ်နိုင်ကြပါစေ။

| | | |
|---|---|---|
| **ဇနီး** | - | **ဒေါ်ဟန်နွယ်မြင့်** |
| **သမီး** | - | **ဗိုလ်မှူးတင်အောင်ထွန်း(ငြိမ်း)** |
| | | **ဒေါ်ပပကျော် (AGM, မြန်မာ့စီးပွားရေးဘဏ်)** |
| **သားငယ်** | - | **ဦးသူရကျော်-ဒေါ်ဇင်ဝါဝါတင်** |
| **ချစ်မြေးများ** | - | **အောင်သံလွင်ဦး၊ ဖူးပြည့်စုံအောင်၊ ဘုန်းမင်းမြတ်ထွဋ်၊ လဝန်းသူရကျော်** |

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၃)၊ ဆဋ္ဌမတန်း(C)မှ နန်းအွမ်ဆိုင်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းသန်းမောင် ၁၃/ကမန(နိုင်)၀၇၉၈၄၇ ဖြစ်ပါကြောင်း။ **ဦးစိုင်းသန်းမောင်**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၃)၊ ဆဋ္ဌမတန်း(A)မှ နန်းစံမွမ်းခမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းအိုက်အေ ၁၃/ကမန(နိုင်)၁၁၁၅၉၈ ဖြစ်ပါကြောင်း။ **ဦးစိုင်းအိုက်အေ**

## ဖခင်အမည်မှန်

ကျောက်မဲမြို့၊ အထက (၃)၊ ဆဋ္ဌမတန်း(A)မှ နန်းဆာဥ၏ ဖခင်အမည်မှန်မှာ ဦးအိန္ဒာ ၁၃/ကမန(နိုင်)၀၄၅၅၆၂ ဖြစ်ပါကြောင်း။ **ဦးအိန္ဒာ**

## အမည်မှန်

ကျောက်မဲမြို့နယ်၊ ပုံဝိုးကျေးရွာအုပ်စု၊ မန်ခိုက်ကျေးရွာနေ (ဘ) ဦးတေဝိန်တ ၁၃/ကမန (နိုင်) ၁၄၇၇၅၄ ၏သမီး နန်းဖောင်း၏ အမည်မှန်မှာ နန်းဖြူဦး ဖြစ်ပါကြောင်း။ **ဦးတေဝိန်တ**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7L/9761 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

## ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးခြင်း

ယာဉ်အမှတ် 7I/6613 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/9260 HONDA INSIGHT 2F2 Hatch Back (4×2)(R) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မျိုးမျိုးသန့် ၉/မနမ(နိုင်)၁၂၂၃၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၁၂၇၀၂ Suzuki 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဇော်မိုး ၅/ခဥတ(နိုင်)၀၄၉၈၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

## ဈေးနှုန်းတင်သွင်းလွှာ တင်သွင်းနိုင်ကြောင်းကြော်ငြာခြင်း

ပညာရေးဝန်ကြီးဌာန၊ လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)နှင့် ဒိန်းမတ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော စွမ်းဆောင်ရည်ဖွံ့ဖြိုးမှုရန်ပုံငွေစီမံကိန်း(CDF)တွင် ပါဝင်သော အောက်ဖော်ပြပါလုပ်ငန်း(၃)မျိုး ဆောင်ရွက်ရန်ရှိပါသဖြင့် ဈေးနှုန်းတင်သွင်းလွှာအား http://themimu.info/calls-for-proposals တွင် တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| 1 | Independent graphic design expert or expert within a Myanmar graphic design company |
| 2 | National consultant to support drafting modules and procedures for the National Youth Education Certificate (NYEC) Pilot. Department of Alternative Education (DAE) |
| 3 | Monitoring and Evaluation Expert to design and conduct an M&E course for Department officers, Department of Monitoring & Evaluation (Research), Ministry of Education |

**တင်ဒါကော်မတီ**
**လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့(သုတေသန)**
**ပညာရေးဝန်ကြီးဌာန**
**နေပြည်တော်**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ညောင်ကုန်းချောင်းဖျားကျေးရွာအုပ်စု၊ သဲကုန်းကျေးရွာနေ မခိုင်ဇင်စိုး ၁၄/အမန(နိုင်)၁၈၅၁၁၆ ၏မိခင်အမည်မှန်မှာ ဒေါ်အေးသန်း ၁၄/အမန(နိုင်) ၀၀၉၈၂၁ ဖြစ်ပါကြောင်း။ **ဒေါ်အေးသန်း**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ အထက (ရွှေလောင်း)အဋ္ဌမတန်း(ဂ)မှ မောင်စည်သူမင်းနှင့် ပဉ္စမတန်း(ခ)မှ မောင်ကောင်းခန့်ဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဉာဏ်မင်းထွန်း ၁၄/ဝခမ(နိုင်) ၁၆၀၀၇၃ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအောင်သူ၏သား အိမ်မဲမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(စ)မှ မောင်သီဟဇော်အား မောင်သူရိန်အေး ဟုပြောင်းလဲခေါ်ပါရန်။

**မောင်သူရိန်အေး**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့ အထက ဆဋ္ဌမတန်း(C)မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၉/ငသရ(နိုင်)၀၀၀၈၀၂ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းထိုက်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ငါ့သရောက်မြို့၊ အထက ကျောင်း၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်နေထက်ဝင်းနှင့် တက္ကသိုလ်ဝင်တန်း(A)မှ မောင်နေထက်လင်းတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်အေး ၉/ညဥန(နိုင်)၁၀၄၀၉၇ ဖြစ်ပါကြောင်း။

**ဦးခင်မောင်အေး**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ တက်မအထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မပြည့်ဇာဝင်း၊ အရာတော် အထက(ခွဲ)ပဉ္စမတန်းမှ မနှင်းအိဝေ၏ အမည်မှန်မှာ မနန္ဒာဝင်းဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးမျိုးလေး ၉/ညဥန(နိုင်)၁၄၄၆၃၁ ဖြစ်ပါကြောင်း။

**ဦးမျိုးလေး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၉၁၀၅၊ Yinxiang-125ယာဉ်လက်ဝယ်ရှိသူ ဦးကြည်ဇော် ၉/မလန(နိုင်)၁၁၆၂၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HES/3759, TOYOTA WISH ANE 11 ယာဉ်လက်ဝယ်ရှိသူ ခေမာသီရိ ပရဟိတလူမှုကူညီရေးအသင်းက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာခရိုင်)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံ၊ (၄၁)ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အမှတ် ၆၅၇နေ ဦးစိန်ထွန်း-ဒေါ်မြိုင်တို့၏သမီး မယဉ်စပယ်ထွန်းသည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်အပြီးတိုင် စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းမယဉ်စပယ်ထွန်းနှင့်ပတ်သက်၍ ကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**မိဘများ**
**ဦးစိန်ထွန်း-ဒေါ်မြိုင်**

# နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်နေမှုများအား ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ကြည့်ရှုလေ့လာ



ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီနှင့်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား ငါးခူရ လက်ခံရေးစခန်း၌ တာဝန်ရှိသူများက လက်ရှိဆောင်ရွက်နေသော အခြေအနေများကို ရှင်းလင်းပြောကြားစဉ်။

**မောင်တော သြဂုတ် ၁၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဘူအာဆန် မာမွတ်အာလီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အတူ ယနေ့ နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စစ်တွေမြို့သို့ မြန်မာ အမျိုးသားလေကြောင်းဖြင့် ရောက်ရှိသည်။

အဆိုပါ အဖွဲ့အား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများက စစ်တွေလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် စစ်တွေလေဆိပ် ဧည့်ခန်းမဆောင်၌ နေရပ်စွန့်ခွာသူများအား နှစ်နိုင်ငံသဘောတူစာချုပ်အတိုင်း ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ဆောင်ရွက်နေမှုများ၊ နှစ်နိုင်ငံရေရှည် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံရေးတို့နှင့် ပတ်သက်၍ ဆောင်ရွက်နေမှုများကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အတူ မောင်တောသို့ ဆက်လက်ထွက်ခွာကြသည်။

အဆိုပါ ခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ အဖွဲ့ဝင် ခုနစ်ဦး၊ မြန်မာနိုင်ငံမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေး၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ တာဝန်ရှိသူများ လိုက်ပါကြသည်။

ခရီးစဉ်တွင် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် ရခိုင်ပြည်နယ် မောင်တောနယ်စပ် တောင်ပြိုလက်ဝဲ လက်ခံရေးစခန်းသို့ရောက်ရှိပြီး ပြန်လည်လက်ခံရေးအစီအစဉ်တွင် နှစ်နိုင်ငံသဘောတူထားသည့်အတိုင်း မြန်မာနိုင်ငံဘက်မှ

*စာမျက်နှာ ၁၁ ကော်လံ ၁* ✳

## စစ်တောင်းနှင့် သံလွင်မြစ်တို့၏ မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် သြဂုတ် ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်ပါသည်။

**သံလွင်မြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် သြဂုတ် ၁၁**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## မြန်မာ ယူ-၂၁ အသင်းအား ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် သြဂုတ် ၁၁**

မြန်မာ ယူ-၂၁ အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ပဏာမကစားသမား ၂၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၂၁ အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် သြဂုတ် ၉၊ ၁၀ ရက်က သုဝဏ္ဏဘောလုံးကွင်း၌ လူရွေးပွဲများ ကျင်းပခဲ့ပြီး သြဂုတ် ၁၀ ရက် ညနေပိုင်း၌ ပဏာမကစားသမားစာရင်းအား ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။ လူရွေးပွဲတွင် MNL ကလပ်နှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲမှ ကစားသမား ၅၁ ဦးအား ရွေးချယ်ခဲ့ပြီး နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်းတွင် MNL ကလပ် ကိုးသင်းနှင့် ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နေသည့် အား/ကာသိပ္ပံ အသင်းမှ ကစားသမားများ ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၁ အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်ချိန် သုံးပတ်ကျော်ရမည်ဖြစ်ပြီး ပြိုင်ပွဲမတိုင်မီ ပြည်တွင်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်း ယှဉ်ပြိုင်မည့် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး တရုတ်ဘောလုံးအဖွဲ့ချုပ်၏ ဖိတ်ကြားမှုအရ သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် တရုတ်၊ မြန်မာ၊ တာဂျစ်ကစ္စတန်နှင့် ဥဇဘက်ကစ္စတန် ယူ-၂၁ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၆* ●

## မြန်မာ ယူ-၂၃ အသင်း အာရှအားကစားပြိုင်ပွဲမတိုင်မီ နောက်ဆုံးခြေစမ်းပွဲကစား

**ရန်ကုန် သြဂုတ် ၁၁**

၂၀၁၈ အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ ညနေပိုင်းတွင် ထိုင်းလိဂ်-၁ ကလပ် Police Tero အသင်းနှင့် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် နောက်ကျချေပဂိုးဖြင့် အာရှအားကစားပြိုင်ပွဲအကြို နောက်ဆုံးခြေစမ်းပွဲတွင် သရေပွဲ ရယူနိုင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုပွဲတွင် အရန်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ပြီး အမာခံကစားသမားအဖြစ် ဒွေးကိုကိုချစ်နှင့် စည်သူအောင်တို့သာ ပါဝင်ခဲ့ကာ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတွင် ပွဲချိန်အနည်းငယ်သာ ကစားခဲ့ရသည့် ထက်ဖြိုးဝေ၊ မြတ်ကောင်းခန့်၊ လွင်မိုးအောင်၊ ဟိန်းဖြိုးဝင်းတို့ကို အသုံးပြုခဲ့ကာ ပွဲကစားခွင့်မရသေးသည့် ဆန်းဆက်နိုင် (ဂိုး)၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ❍



မြန်မာ ယူ-၂၃ အသင်းနှင့် Police Tero အသင်း ယှဉ်ပြိုင်နေစဉ်

GRAND HANTHA
INTERNATIONAL HOSPITAL
GREEN. GRAND. CARE FOR THE PEOPLE

ဗီယက်နမ်နိုင်ငံမှ မွေးရာပါနှလုံးရောဂါ အထူးကုဆရာဝန်ကြီး
Dr. Do Nguyen Tin

(၂၅.၈.၂၀၁၈) ရက်နေ့၊ နံနက် (၉:၃၀) နာရီအချိန်တွင် ကလေးနှင့်လူကြီးမွေးရာပါ နှလုံးရောဂါများကို ခွဲစိတ်ရန်မလိုဘဲ ကုသရန်အတွက် တိုင်ပင်ဆွေးနွေးနိုင်မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ✆ 01 523000, 01 523111, 01 523222, 09 5202282, 09 5202283, 09 5202284